# Gender မိတ်ဆက်

‘Gender မိတ်ဆက်’ စာအုပ်သည် လူ့အဖွဲ့အစည်းအတွင်းရှိ လိင်အခြေပြု သတ်မှတ်ချက်များအကြောင်း မိတ်ဆက်ဖော်ပြပေးထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်။ သင်ခန်းစာပါ အကြောင်းအရာများ ပြုစုရာတွင် ကမ္ဘာတစ်ဝှမ်းနှင့် မြန်မာပြည်အတွင်းမှ ဖြစ်ရပ်များကို အခြေခံ ရေးဆွဲထားခြင်းဖြစ်ပြီး ယနေ့ခေတ်အခါ၏ အမျိုးသား၊ အမျိုးသမီးဆိုင်ရာ လူမှုအခန်းကဏ္ဍများကို သိမြင်သဘောပေါက်စေမည် ဖြစ်သည်။ ထိုသို့ လေ့လာကြရာတွင် သိမြင်နားလည်ရုံ သာမကဘဲ လက်တွေ့အသုံးချနိုင်ကြစေရန်လည်း ရည်ရွယ်ပေသည်။

‘Gender မိတ်ဆက်’ စာအုပ်ကို လေ့လာ အသုံးပြုကြခြင်းဖြင့် စာဖတ်သူတိုင်း အသိပညာ ဗဟုသုတများ တိုးပွားကြပြီး လူမှုပတ်ဝန်းကျင် အကျိုးဆောင်ရွက်ရာတွင် တက်တက်ကြွကြွ ပါဝင်နိုင်ကြမည် ဖြစ်ပေသည်။

## oifcef;pmrsm;

‘Gender မိတ်ဆက်’ စာအုပ်ကို ကျောင်းသားလက်စွဲစာအုပ်နှင့် ဆရာလက်စွဲစာအုပ်ဟူ၍ ထုတ်ဝေထားပါသည်။

> ကျောင်းသားလက်စွဲ စာအုပ်တွင် –

- အခန်းပေါင်း (၁၀) ခန်းနှင့် သက်ဆိုင်ရာ သင်ခန်းစာများ၊ မေးခွန်းများနှင့် လုပ်ဆောင်ချက်များ၊
- အခန်းတစ်ခုစီအတွက် အနှစ်ချုပ် သိမှတ်ဖွယ်ရာများ၊
- သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များ၊
- အခန်းတိုင်းအတွက် ပြန်လည်သုံးသပ်ခြင်းများ၊ အစရှိသည်တို့ ထည့်သွင်းပါရှိသည်။

> ဆရာလက်စွဲ စာအုပ်တွင် –

- သင်ကြားမှုတွင် အထောက်အကူပြုစေမည့် လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာ မေးခွန်းများ အတွက် အဖြေများ၊
- အခန်းတွင်း လုပ်ဆောင်ချက်များ၊
- သင်ကြားရာတွင်လွယ်ကူ အဆင်ပြေစေရန် ကျောင်းသားသုံးနှင့် ဆရာသုံး စာမျက်နှာများကို တွဲဖက် ဖော်ပြထားရှိခြင်း အစရှိသည်တို့ ပါဝင်ပေသည်။

ဤစာအုပ်ကို အသုံးပြုရာတွင် လွယ်ကူ အရှင်းလင်းဆုံးဖြစ်စေရန် အတတ်နိုင်ဆုံး ပြုစုပေးထားသကဲ့သို့ တစ်ဖက်ကလည်း အောက်ပါ နည်းစနစ်များကို အသုံးချကြခြင်းဖြင့် သင်ကြားရာတွင် အထောက်အကူပြုနိုင်ပေသည်။

## oifMum;ykH&;pepf

စာအုပ်ပါ အကြောင်းအရာတို့ကို ရှင်းလင်း သင်ကြားရာ၌ ကျောင်းသားတို့၏ လိုအပ်ချက်အပေါ် အခြေခံလျက်သာ သင်ကြားကြစေလိုပါသည်။ ဥပမာအားဖြင့် –

> သင်ကြားပြသပေးရာတွင် အချိန် မလုံလောက်သည့် ပြဿနာမျိုးကြုံတွေ့ရပါက အချို့သောထိန်ချန်ထားနိုင်သည့် အခန်းခွဲများ၊ လုပ်ဆောင်ချက်များကို ချန်လှပ်ထားပြီး ကျောင်းသားများအတွက် လက်တွေ့ အသုံးကျမည်ဟု ထင်သည့် သင်ခန်းစာများကိုသာ ရွေးချယ်သင်ကြားပေးနိုင်သည်။

> သင်ခန်းစာပါ လုပ်ဆောင်ချက် တစ်ရပ်ရပ်သည် အတန်းတွင်း လုပ်ဆောင်ရန် ခက်ခဲမှုရှိပါက အဆိုပါ လုပ်ဆောင်ချက်ကို သင့်တော်သလို ပြင်ဆင် ပြုလုပ်ပေးနိုင်သည်။

> သင်ခန်းစာပါ အကြောင်းအရာများကို ရှင်းလင်း သင်ပြပေးရာတွင် လိုအပ်သည့် အချက်အလက်များကို လက်လှမ်းမီရာ စာအုပ်များ၊ သတင်းအရင်းအမြစ်များ အသုံးပြု၍ ထည့်သွင်း သင်ကြားပေးနိုင်သည်။

> သင်ခန်းစာပါ ဖော်ပြပါရှိချက် တစ်ရပ်ရပ်ကို ရှင်းလင်း ပြသပေးရာတွင် အခက်အခဲရှိပါက စာပိုဒ်၏ အဓိက ဆိုလိုရင်းကိုသာ သိမြင် သဘောပေါက်စေပြီး ကျောင်းသားအချင်းချင်း ကူညီ ဆွေးနွေးစေနိုင်သည်။

## oifum;&wGowcbifunft csuf;

စာအုပ်ပါ အကြောင်းအရာများကို လေ့လာရာ၌ တရားသေ လက်ခံထားသင့်သည့် အမှန်တရားများဖြစ်သည်ဟု မယူဆစေလိုပါ။ ကျောင်းသားတို့အနေဖြင့် လက်တွေ့လောကတွင် တွေ့ကြုံ ကြားသိနေရသည့် အခြေအနေများကို ဝေဖန်ဆန်းစစ်လာတတ်စေရန်သာ ရည်ရွယ်ပါသည်။ ဤစာအုပ်ကို သင်ပြပေးသူ ဆရာများ အနေဖြင့်လည်း အောက်ပါ အချက် တို့ကို လိုက်နာကြစေလိုပါသည်။

### Gender အကြောင်း သင်ကြားရာတွင် အမြင်အမျိုးမျိုး ရှိနိုင်သည်ကို သတိမူပါ

Gender ဆိုင်ရာ အကြောင်းခြင်းရာတို့မှာ လူသားတိုင်းနှင့် သက်ဆိုင်သည့် ဘာသာရပ်တစ်ခုဖြစ်ပြီး ၎င်းတို့ကို ဆွေးနွေးသင်ပြပေးရာ၌ တစ်ဦးနှင့် တစ်ဦး ခံယူချက်များ၊ အမြင်များ ကွဲပြားနိုင်ပေသည်။ သို့ဖြစ်၍ ကျောင်းသားများအနေဖြင့် အဆိုပါ ကိစ္စရပ်များကို ဆွေးနွေးကြရာတွင် မိမိတို့ လက်ခံယူဆထားချက်များကို ပွင့်လင်းစွာ တင်ပြ ပြောဆိုသင့်ပြီး အခြားသော ကျောင်းသားများ၏ အမြင် အယူအဆများကိုလည်း လေးစားမှုရှိကြစေရန် ဂရုစိုက် ကြပ်မတ်ပေးသင့်သည်။

### ပေါ့ပေါ့ပါးပါး သင်ကြားပေးပါ

သင်ခန်းစာပါ အချို့သော အကြောင်းအရာများသည် ကျောင်းသားတိုင်း နားလည်အောင် ရှင်းလင်း သင်ပြပေးရာတွင် အခက်အခဲ ရှိနိုင်ပေသည်။ သို့ဖြစ်၍ ၎င်းတို့ကို သင်ကြားရာ၌ ကျောင်းသားတို့၏ အတွေ့အကြုံများနှင့် ကိုက်ညီမည့် သင်ပြပုံနည်းစနစ်မျိုးကို ထည့်သွင်း အသုံးပြုသင့်ပြီး ရယ်စရာဟာသများနှင့် ကြားညှပ် ထည့်သွင်း ရှင်းလင်းပေးသင့်သည်။ သို့ရာတွင် အချို့သော ကိစ္စရပ်များတွင် ရယ်စရာဟာသများ အသုံးပြုခြင်းသည် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ဦးတည်နိုင်ကြောင်း သတိပြုထားသင့်ပြီး ကျောင်းသားများအနေဖြင့် လိင်ပိုင်းဆိုင်ရာ ခွဲခြားမှုများပေါ် အခြေခံသည့် ပြက်လုံးများ၊ ကြမ်းတမ်းသည့် ဝေါဟာရများ မသုံးမိစေရန်လည်း သတိထားသင့်ပေသည်။

### အချို့သော လေ့ကျင့်ခန်းများကို ကျောင်းသားတို့၏ အနေအထားအလိုက် ဆွေးနွေးဖြေဆိုစေပါ

စာအုပ်တွင် ပါရှိသည့် အချို့သော လေ့ကျင့်ခန်းများကို လုပ်ဆောင်စေရာတွင် ကျောင်းသားသီးသန့်၊ ကျောင်းသူသီးသန့် လုပ်ဆောင်စေသင့်သည်။ သို့မှလည်း မိမိတို့၏ အမြင်များကို ပွင့်လင်းစွာ ထုတ်ဖော်နိုင်ကြမည် ဖြစ်သည်။

တစ်ခါတစ်ရံတွင် စာသင်ခန်းကို ကျောင်းသားများသာ ပါဝင်သည့် အဖွဲ့နှင့် ကျောင်းသူသီးသန့် အခြမ်းဟူ၍ ခွဲခြားပြီး အကြောင်းအရာတစ်ခုခုအပေါ် အမြင်အယူအဆများ မည်သို့ ကွဲပြားမှုရှိသည်ကို ဆန်းစစ်ပေးနိုင်သည်။

သို့သော်လည်း စာအုပ်တွင် ပါရှိသည့် လုပ်ဆောင်ချက် အများစုမှာ ကျောင်းသား၊ ကျောင်းသူတိုင်း အတူတကွ ဆောင်ရွက်နိုင်ကြပြီး အသိအမြင်များ တိုးပွားလာကြစေရန် ရည်ရွယ်လျက် ပြုစုပေးထားပါသည်။

ဆရာ၊ ဆရာမများအနေဖြင့် အခန်းတစ်ခန်းကို စတင်မသင်ကြားမီ ကျောင်းသားတို့၏ အနေအထားနှင့် လေ့ကျင့်ခန်းများ၏ သဘောသဘာဝကို သိမြင် သဘောပေါက် ထားကြရန် အရေးကြီးလှပေသည်။

## avlm&ef

ဤစာအုပ်ပါ အကြောင်းအရာများကို စိတ်ပါဝင်စားပြီး ဆက်လက်လေ့လာလိုသူများ အတွက် အောက်ပါ ဝက်ဆိုဒ်တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်သည်။

http://eycb.coe.int/gendermatters/pdf/GenderMatters_EN_2013.pdf အဆိုပါ စာတမ်းသည် လူငယ်လူရွယ်များအတွက် ရည်ရွယ်ပြီး ဥရောပကောင်စီမှ ထုတ်ဝေထားခြင်း ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများ လျော့ကျရေးအတွက် ရည်ရွယ်သည်။

http://www.eduinitiatives.org/courses/introduction-gender-studies မြန်မာပြည်မှ Gender အရေး လှုပ်ရှားသူများ အတွက် ရည်ရွယ် ဖွင့်လှစ်ထားသည့် သင်တန်းတစ်ခုဖြစ်ပြီး လိင်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များအကြောင်းနှင့် အမျိုးသမီးတို့၏ လူ့အဖွဲ့အစည်းအတွင်း အခန်းကဏ္ဍများကို လေ့လာစေမည် ဖြစ်သည်။ ထို့အပြင် လေ့ကျင့်ခန်းများနှင့် လက်တွေ့ လုပ်ဆောင်ချက်များလည်း ပါဝင်ပေသည်။

http://policy-practice.oxfam.org.uk/publications/the-oxfam-gender-training-manual-141359 အဆိုပါ လမ်းညွှန်စာစောင်တွင် ကမ္ဘာတစ်ဝှမ်းမှ Gender အရေး လှုပ်ရှားသူများအတွက် သိရှိထားသင့်သည့် အချက်အလက်များ အစုံအလင် ပါရှိပေသည်။

http://womenforpeaceandjustice.org/about-iwp/contact-us/ မြန်မာပြည်မှ လူမှုရေးလှုပ်ရှားသူများအတွက် Gender နှင့် တန်းတူ အခွင့်အရေးများအကြောင်း သိရှိနိုင်ကြစေရန် ရည်ရွယ်ပြီး The International Women's Partnership for Peace and Justice အဖွဲ့အစည်းမှ ဖြန့်ဝေထားသည်။

မုခ်ဦးပညာရေးမှ ထုတ်ဝေသည့် စာအုပ်များအတွက် အကြံဉာဏ်ပေးလိုသည့် အချက်များ၊ မေးမြန်းလိုသည်များ ရှိပါက အချိန်မရွေး ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန် – www.moteoo.org ; email: info@moteoo.org ; Facebook: Mote Oo Education.

# အခန်း (၁)

## tEpSsKyfordSWfG;f

- သင်ခန်းစာများကိုစတင်မသင်ကြားမီ 'အနှစ်ချုပ်သိမှတ်ဖွယ်' ပါ ရေးသား ရှင်းလင်းထားချက်များကို ဦးစွာ ဖတ်ရှုစေပါ။
- အဆိုပါ အကြောင်းအရာများကို လေ့လာ သိရှိထားမှုရှိ၊ မရှိ စစ်ဆေး မေးမြန်းပေးပါ။

## oifum;rqkdkm &nfeSfcsufsm;

- 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' တွင် ပါရှိသည့် ရေးသား ဖော်ပြထားချက်များကို ကျောင်းသားများ လေ့လာ ဖတ်ရှုစေပါ။ နားမလည်သည့် အချက်အလက်များ ရှိပါက ရှင်းလင်း ပြသပေးပါ။
- သင်ခန်းစာများကို သင်ကြားပြီးသည့်အခါ၌ အဆိုပါ ရည်မှန်းချက်များကို ထပ်မံ ဖတ်ရှုစေပြီး ကျောင်းသားများ အနေဖြင့် ဖော်ပြပါ 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' ပြည့်မီမှုရှိ၊ မရှိ ဆန်းစစ် သုံးသပ်စေပါ။

# အခန်း (၁) Gender ဆိုင်ရာ အခြေခံ သိမှတ်ဖွယ်ရာများ

## ၁.၁ Gender – အဓိပ္ပာယ် (Gender နှင့် လိင်သတ်မှတ်ချက် တို့အကြား ကွဲပြားမှု)

က။ အဖွဲ့များ ဖွဲ့ပေးပါ။ ဖြစ်နိုင်ပါက ကျောင်းသားသီးသန့်၊ ကျောင်းသူသီးသန့် လုပ်ဆောင်စေပါ။

- အချို့သော အဖွဲ့များကို အမျိုးသမီးတစ်ဦး၏ရုပ်ပုံ ရေးဆွဲစေ၍၊ အချို့ကို အမျိုးသားတစ်ဦး၏ ရုပ်ပုံ ရေးဆွဲစေပါ။ ထိုသို့ လုပ်ဆောင်ရာတွင် အဖွဲ့ဝင်တိုင်း ပါဝင်နိုင်အောင် ကြပ်မတ်ပေးပါ။
- အမျိုးသား၊ အမျိုးသမီးပုံများကို ရေးဆွဲရာ၌ အသေးစိတ် လက္ခဏာရပ်များ ထည့်သွင်း ပါဝင်စေပါ။ ဥပမာ – ဆံပင်ပုံစံ၊ အဝတ်အစား၊ အသုံးအဆောင် စသည်ဖြင့်။

ခ။ ထိုသို့ ရေးဆွဲပြီးနောက် အဖွဲ့တစ်ဖွဲ့ ရေးဆွဲထားသည့်ပုံကို အခြားတစ်ဖွဲ့ထံ ပြသပေးပြီး ထိုရုပ်ပုံနှစ်ပုံတို့ကို နှိုင်းယှဉ်စေပါ။

- ထိုရုပ်ပုံတို့၏ ကွဲလွဲချက်များကို ဖော်ထုတ်ပေးရန် တိုက်တွန်းပါ။
- အဆိုပါ မတူညီမှုများသည် မွေးဖွားစဉ်ကတည်းက သတ်မှတ်ထားချက်များလား၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတို့၏ ပုံသွင်းပေးမှုများကြောင့်လား ဆိုသည်ကိုပါ ဆွေးနွေးသုံးသပ်စေပါ။
- မွေးဖွားစဉ်ကတည်းက သတ်မှတ်ထားပြီးဖြစ်သည့် ခန္ဓာဗေဒ တည်ဆောက်ပုံများသည် လိင်သတ်မှတ်ချက်ဆိုင်ရာ လက္ခဏာရပ်များဖြစ်ကြောင်း ရှင်းပြပေးပါ။
- ထို့အတူ ပတ်ဝန်းကျင် အသိုင်းအဝိုင်းဆိုင်ရာ ပုံသွင်းမှုများ၊ လက်ခံယူဆမှုများသည် Gender ဆိုင်ရာ လက္ခဏာရပ်များနှင့် ဆက်နွယ်နေကြောင်း ရှင်းပြပေးပါ။ (ဥပမာ – အမျိုးသမီးတစ်ဦး ဆံပင်တိုတိုထားပြီး ဘောင်းဘီဝတ်ဆင်ထားသော်လည်း ပတ်ဝန်းကျင်က အမျိုးသမီးဟူ၍သာ လက်ခံ ရှုမြင်တတ်ကြသည်။)
- အဆိုပါ သတ်မှတ်ချက် (၂) ရပ်၏ ကွဲပြားချက်များကို မေးခွန်းအောက်တွင်ရှိသည့် စာပိုဒ်တွင် ရှင်းလင်းပေးထားသည်။
- ကျောင်းသားတို့ ရေးဆွဲထားသည့် ရုပ်ပုံများသည် လိင်သတ်မှတ်ချက်ဆိုင်ရာ မတူညီမှုများထက် Gender ဆိုင်ရာ ကွဲလွဲချက်များကို ပိုမို ထင်ဟပ် နေနိုင်သည်။

ဂ။ 'Gender' နှင့် 'လိင်သတ်မှတ်ချက်' ဝေါဟာရ (၂) ရပ်တို့၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များကို ဖတ်ရှု သုံးသပ်ပြီး မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

ထိုဝေါဟာရ (၂) ရပ်တို့ကို လူအများစုက အဓိပ္ပာယ်ထပ်တူ ကျသည့် စကားလုံးများအဖြစ် လက်ခံထားတတ်ကြသည်။ ကျောင်းသားများ အနေဖြင့် ထိုသတ်မှတ်ချက် (၂) ရပ် တို့ကို မည်သို့နားလည်လက်ခံထားသည်၊ မည်သို့အနက်အဓိပ္ပာယ် ဖွင့်ဆိုနိုင်မည်ကို ဆွေးနွေးစေပါ။

ဃ။ ကျောင်းသားတို့ ရေးဆွဲခဲ့ကြသည့် ရုပ်ပုံတို့ကို စာသင်ခန်း နံရံတွင် ချိတ်ဆွဲ ဖော်ပြစေပြီး အခြားအဖွဲ့များ၏ ရုပ်ပုံများ နှင့် နှိုင်းယှဉ် သုံးသပ်စေပါ။

- ထိုရုပ်ပုံတို့ကို အခြေခံ၍ အမျိုးသား၊ အမျိုးသမီးတို့၏ Gender နှင့် လိင်သတ်မှတ်ချက်ဆိုင်ရာ ကွဲပြားချက်များကို ဆွေးနွေးစေပြီး သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။

**နီးစပ်သော အဖြေများ**

| လိင်သတ်မှတ်ချက်ဆိုင်ရာ ကွဲပြားချက်များ | Gender ဆိုင်ရာ ကွဲပြားမှုများ |
|---|---|
| – အမျိုးသားများတွင် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ရှိကြသည်။<br>– အမျိုးသမီးများသည် ကလေးငယ်များကို နို့ချိုတိုက်ကျွေးပေးနိုင် မည့် ရင်သားများ ပိုင်ဆိုင်ထားကြသည်။ | – အမျိုးသားတို့သည်ဆံပင် တိုတိုထားတတ်ကြသည်။<br>– အမျိုးသမီးတို့သည် ထမီ၊ စကပ်များ ဝတ်ဆင်ကြသည်။ |

င။ တစ်တန်းလုံး အနေဖြင့် ‘Gender’ ဟူသော ဝေါဟာရကို အဓိပ္ပာယ် ဖွင့်ဆိုစေပါ။

- ထိုဖွင့်ဆိုချက်ကို စာသင်ခန်း၏ မြင်သာသော နေရာတွင် ချိတ်ဆွဲ ထားပေးပါ။

- ဤစာအုပ်ပါ အကြောင်းအရာများကို လေ့လာ ဖတ်ရှုရာတွင် ကျောင်းသားတို့ ဖွင့်ဆိုခဲ့သည့် အနက်ကိုပင် ဆက်လက် အသုံးပြုပေးပြီး လိုအပ်သည့် အချက်များ တွေ့ရှိခဲ့ပါကလည်း ထိုဖွင့်ဆိုချက်တွင် ဖြည့်စွက်ပေးပါ။ Sex နှင့် Gender ဟူသော ဝေါဟာရ (၂) ရပ်သည် ဖွင့်ဆိုရန် ခက်ခဲပြီး စကားလုံးတစ်ခုနှင့် တစ်ခုမှာ ဆက်နွယ်လျက် ရှိသည်။

စ။ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ လူ့အဖွဲ့အစည်းအတွင်း ခံယူချက်များ တစ်ဦးနှင့် တစ်ဦးအကြား ဆက်ဆံမှုပုံစံများမှ လေ့လာသိရှိ နိုင်မည်။

၂။ လွတ်လပ်ခွင့်များ၊ ရွေးချယ်မှုများ ပိုမို ရရှိလာကြသည်။ လုပ်ငန်းခွင်အသီးသီးတွင် သိသာသော အပြောင်းအလဲ များ ကြုံတွေ့နေရပြီး အမျိုးသား၊ အမျိုးသမီးတိုင်း အတွက် အခွင့်အလမ်းများ ပိုမို များပြားလာသည်။

ဆ။ အဖွဲ့များ ဖွဲ့ပေးပြီး ငယ်ရွယ်စဉ်အချိန်တွင် ယောကျ်ား ကလေးတစ်ယောက်အနေဖြင့် မည်သို့ ပြုမူရမည်၊ မိန်းကလေးတစ်ဦးအနေဖြင့် မည်ကဲ့သို့ နေထိုင်ရမည်ကို လူကြီးသူမများ၊ ဆရာသမားများက ကြပ်မတ် သွန်သင် ပေးခဲ့ပုံများကို ဆွေးနွေးစေပါ။

ဇ။ Gender ဆိုင်ရာ လူမှုအခန်းကဏ္ဍများ အနာဂတ်ကမ္ဘာကြီး တွင် မည်ကဲ့သို့ ပြောင်းလဲ တိုးတက် လာနိုင်သည် ကို အဖွဲ့အတွင်း ဆွေးနွေးစေပါ။ ထိုဆွေးနွေးချက်များကို သင်ပုန်းပေါ်တွင် ဖော်ပြ ရေးသားစေပါ။

၁။ ကျောင်းသားတို့၏ ဖြေဆိုချက်များ၊ အမြင်များသည် ကွဲပြားကောင်း ကွဲပြားနိုင်သည်။ ဥပမာအားဖြင့် အမျိုးသားများ အိမ်မှုကိစ္စများကို တာဝန်ယူ ဆောင်ရွက် လာခြင်း၊ အမျိုးသမီးနိုင်ငံရေးသမားများ ပိုမို ပေါ်ထွန်း လာနိုင်ခြင်း အစရှိသည့် အချက်များကို ဖြေဆိုနိုင်သည်။

# ၁.၂ Gender နှင့် လိင်သတ်မှတ်ချက်ဆိုင်ရာ စရိုက်လက္ခဏာများ

က။ လိင်သတ်မှတ်ချက် နှင့် Gender ဆိုင်ရာ စရိုက်လက္ခဏာတို့ကို လေ့လာ ဖတ်ရှုစေပါ။ ပြီးနောက် တစ်ဖက်တွင် ပေးထားသည့် စရိုက်လက္ခဏာတို့ကို ကြည့်ရှုသုံးသပ်၍ အမျိုးအစား ခွဲခြား သတ်မှတ်စေပါ။

ခ။ အဖြေများကို အကြောင်းပြချက်နှင့် အတူတကွ ဆွေးနွေး ဖော်ပြစေပါ။

**နီးစပ်သော အဖြေများ**

၁။ Gender ဆိုင်ရာ စရိုက်လက္ခဏာ၊

၂။ လိင်သတ်မှတ်ချက်ဆိုင်ရာ စရိုက်လက္ခဏာ၊

၃။ လိင်သတ်မှတ်ချက်ဆိုင်ရာ စရိုက်လက္ခဏာ၊

၄။ Gender ဆိုင်ရာ စရိုက်လက္ခဏာ၊

၅။ စရိုက်လက္ခဏာ (၂) ရပ်လုံးနှင့် သက်ဆိုင်နေပေသည်။ ယေဘုယျအားဖြင့် အမျိုးသမီးအများစုသည် အကြောင်း တစ်စုံတစ်ရာကြောင့် စိတ်ထိခိုက်ခံစားလွယ်တတ်ပြီး ထိုအချက်မှာလည်း ဟော်မုန်းအပြောင်းအလဲများနှင့် သက်ဆိုင်နေကြသည်။ (လိင်သတ်မှတ်ချက်ဆိုင်ရာ စရိုက်လက္ခဏာ)။ အမျိုးသမီးအများစုသည် မျက်ရည် လွယ်တတ်သူများအဖြစ် လူမှုအသိုင်းအဝိုင်းက လက်ခံ ထားတတ်ကြသည်၊ (Gender ဆိုင်ရာ စရိုက် လက္ခဏာ)။

၆။ စရိုက်လက္ခဏာ (၂) ရပ်လုံးနှင့် သက်ဆိုင်နေပေသည်။ ခန္ဓာဗေဒ တည်ဆောက်ပုံတို့အရ အမျိုးသားများသည် အမျိုးသမီးများထက် ပိုမို သန်မာကြသည်။ (လိင်သတ်မှတ်ချက်ဆိုင်ရာ စရိုက်လက္ခဏာ)။ သို့ရာတွင် အမျိုးသားများထက် ပိုမို သန်မာကြသည့် အမျိုးသမီးများလည်း ရှိကောင်းရှိနိုင်သည်။ ဤနေရာ၌ 'သန်မာမှု' ၏ အဓိပ္ပာယ်ကို ဆန်းစစ်ကြရန်လိုသည်။ ဥပမာအားဖြင့် အချိန်ကြာကြာ ပြေးနိုင်ခြင်းနှင့် လျင်လျင်မြန်မြန် ပြေးနိုင်ခြင်းဟူသည့် အရည်အသွေး (၂) ရပ်လုံးကို သန်မာမှုဟု အမည်တပ်နိုင်ပြီး အမျိုးသားများ ရော၊ အမျိုးသမီးများပါ ပိုင်ဆိုင်နိုင်ကြသည်။

၇။ စရိုက်လက္ခဏာ (၂) ရပ်လုံးနှင့် သက်ဆိုင်နေပေသည်။ တက်စ်ထရိုစတရုန်း (Testosterone) ခေါ် ကျားဟော်မုန်းများ ကြောင့် အမျိုးသားများကို စိတ်ဆတ် မှုများ ဖြစ်ပေါ်စေသည်။ (လိင်သတ်မှတ်ချက်ဆိုင်ရာ စရိုက်လက္ခဏာ)။ ထိုကဲ့သို့ ပြုမှုခြင်းကိုပင် အမျိုးသား များ ပြုကျင့်သင့်သည့် အရည်အသွေး အသွင်တစ်ရပ် အဖြစ် လူမှုအသိုင်းအဝိုင်းက လက်ခံထားကြသည်၊ (Gender ဆိုင်ရာ စရိုက်လက္ခဏာ)။

၈။ ဤအချက်မှာ လိင်သတ်မှတ်ချက်ဆိုင်ရာ စရိုက် လက္ခဏာနှင့် ပိုမို သက်ဆိုင်နေပေသည်။ တစ်ဖက်က ကြည့်လျှင်လည်း လူ့အသိုင်းအဝိုင်း အနေဖြင့် အမျိုးသမီး များထက် အမျိုးသားများကိုသာ အားကစားတွင် ပိုမို စွမ်းဆောင်နိုင်ရန် တွန်းအားပေးတတ်ကြ၍ Gender ဆိုင်ရာ စရိုက်လက္ခဏာဟုလည်း သတ်မှတ်နိုင်သည်။

ဂ။ အဖွဲ့များ ဖွဲ့ပေးပြီး လူမှုအသိုင်းအဝိုင်းအတွင်း တွေ့ရှိရသည့် Gender နှင့် လိင်သတ်မှတ်ချက်ဆိုင်ရာ စရိုက်လက္ခဏာ များကို ဖော်ပြစေပါ။

ဃ။ ဖော်ပြပါ စကားစုတို့ကို အဓိပ္ပာယ် ပေါ်လွင်အောင် ဖြည့်စွက်စေပါ။

- ထိုသို့ ဖြေဆိုရာတွင် အဖွဲ့နှင့် အတူတကွ ဆောင်ရွက်စေပြီး အဖြေများကို မျှဝေစေပါ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို စာသင်ခန်းနံရံတွင်လည်း ချိတ်ဆွဲ ပြသစေနိုင်သည်။

င။ ဖော်ပြပါ စရိုက်လက္ခဏာတို့ကို ကြည့်ရှု သုံးသပ်ပြီး မည်သည်တို့က ပုရိသသဘာဝများ ဖြစ်သည်၊ မည်သည်တို့က ဣတ္ထိယသဘာဝများ ဖြစ်သည်ကို ဆွေးနွေးစေပါ။

- ထိုလုပ်ဆောင်ချက်ကို အဖွဲ့များ ဖွဲ့ပေးပြီး ဆွေးနွေးအတည်ပြုစေပါ။

## ၁.၃ ယဉ်ကျေးမှုဆိုင်ရာ လွှမ်းမိုးမှုများ

က။ အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ မေးခွန်းတို့ကို သုံးသပ် ဖြေဆိုစေပါ။ ကျောင်းသားတို့၏ ထင်မြင်ယူဆချက်များကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။

ခ။ ကျောင်းသားများအနေဖြင့် ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး ဖြေဆိုထားချက်များနှင့် တိုက်ဆိုင် စစ်ဆေးစေပါ။

**နီးစပ်သော အဖြေများ**

၁။ ယဉ်ကျေးမှု ဆိုသည်မှာ လူမှုပတ်ဝန်းကျင်တစ်ရပ် အတွင်း သွားလာပြုမူပုံ၊ နေထိုင်ဆက်ဆံပုံတို့နှင့် သက်ဆိုင်နေပြီး ထိုလူ့အဖွဲ့အစည်း၏ သမိုင်းနောက်ခံ၊ ဘာသာစကား၊ လူမှုရေးဆိုင်ရာ ဆက်နွှယ်ချက်တို့အပေါ် အခြေခံထားပေသည်။

၂။ ယဉ်ကျေးမှုတိုင်းသည် ကျွန်ုပ်တို့၏ Gender ဆိုင်ရာ အမြင်အယူအဆများအပေါ် လွှမ်းမိုးမှု ရှိနေပေသည်။ ဥပမာဆိုရသော် အမျိုးသားများအနေဖြင့် အပြင်သို့ လည်ပတ်ပျော်ပါး သောက်စားချိန်တွင် အမျိုးသမီးများမှာမူ အိမ်တွင်ကျန်ရစ်ပြီး ကလေးများကို ပြုစုစောင့်ရှောက်ခြင်းမှာ ရှေးအစဉ်အဆက်ကတည်းက မိဘများ၏ ပြုမူ လက်ခံယူဆထားချက်များ၊ စာပေတို့တွင် ရေးသားဖော်ပြချက်တို့၏ လွှမ်းမိုးမှုများလည်း ပါဝင်နေပေသည်။

ဂ။ ကျောင်းသားများကို အုပ်စု (၂) စု ခွဲပေးပြီး သင်ပုန်းပေါ်တွင် အပိုင်း (၂) ပိုင်းပါသည့် ဇယားချပ်တစ်ရပ် တည်ဆောက်ပေးပါ။

- ကျောင်းသားတို့ ရေးမှတ်ရန်အတွက် မြေဖြူခဲနှင့် ဘောပင်များ ဝေငှပေးပါ။
- အုပ်စု (က) အနေဖြင့် အမျိုးသမီးများနှင့် သက်ဆိုင်မည်ဟုထင်သည့် ဝေါဟာရများကို ရေးသားပြုစုစေပြီး အုပ်စု (ခ) ကိုမူ အမျိုးသားတစ်ဦးနှင့် ဆက်နွှယ်နေသည့် ဝေါဟာရတို့ကို ပြုစုစေပါ။
- ကျောင်းသားတို့ ပြုစုခဲ့သည့် ဝေါဟာရများကို သင်ပုန်းပေါ်တွင် တစ်လှည့်စီ ထွက်ရေးစေပါ။ အဖွဲ့အတွင်းရှိ ကျောင်းသားတိုင်းကို စကားလုံးတစ်လုံးစီ ရေးသားစေပါ။
- ကျောင်းသားတိုင်းကို ရေးသား ခွင့်ပြုပါ။ စကားလုံး မထပ်အောင်လည်း ဂရုပြုပေးပါ။

ဃ။ သင်ပုန်းပေါ်တွင် ရေးသားထားသည့် ‘ဝေါဟာရ’ တို့ကို သုံးသပ်ပြီး ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုစေပါ။

၄။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုစေပါ။

- အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။ ပြီးနောက် တစ်တန်းလုံးအနေဖြင့် ဆွေးနွေး မေးမြန်းပေးပါ။

**နီးစပ်သော အဖြေများ**

၁။

**လိင်မှုရေးရာ ပုံသွင်းမှုများ၊ ထင်မြင်ယူဆချက်များ၏ ကောင်းကျိုး –**

ကလေးငယ်များအနေဖြင့် မည်သို့ ပြုမူ နေထိုင်ရမည်ကို ငယ်ရွယ်စဉ်ကတည်းက သိမြင် မှတ်သားထားနိုင်ကြပြီး အသက်အရွယ်ကြီးရင့်သည့်အခါတွင် ယုံကြည်မှုရှိရှိ၊ ရဲရဲဝံ့ဝံ့၊ စိတ်အနှောင့်အယှက်ကင်းကင်းဖြင့် ရှင်သန်နေထိုင်နိုင်ကြမည် ဖြစ်သည်။

**လိင်မှုရေးရာ ပုံသွင်းမှုများ၊ ထင်မြင်ယူဆချက်များ၏ ဆိုးကျိုး –**

ထိုပုံသွင်းမှုများသည် အချို့သော ကလေးငယ်များအတွက် ကိုက်ညီမှု မရှိတတ်ဘဲ အကျိုးဆက်အနေဖြင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ခံစားစေနိုင်သည်။ ဥပမာ – သိပ္ပံဘာသာရပ်ကို စိတ်ပါဝင်စားပြီး အင်ဂျင်နီယာ ဖြစ်လိုသည့် ကျောင်းသူ တစ်ဦးအား သင်ယူလိုသော ဘာသာရပ်ကို တားမြစ်ပိတ်ပင်ခြင်းက လူညွန့်ချိုးရာရောက်ပြီး အရည်အချင်းများကို ဖြုန်းတီးပစ်ရာလည်း ရောက်သည်။ ထို့အတူ အမျိုးသမီး အဝတ်အစားများကို ဝတ်ဆင်ရန် နှစ်သက်တတ်သည့် ယောကျာ်းလေးငယ်တို့သည်လည်း ပတ်ဝန်းကျင်၏ လှောင်ပြောင်ကဲ့ရဲ့မှုကို ခံကြရသည်။

**လိင်မှုရေးရာ ပုံသွင်းမှုများ၊ ထင်မြင်ယူဆချက်များသည် သက်ရောက်မှုတစ်စုံတစ်ရာ မရှိပါ –**

အမျိုးသား၊ အမျိုးသမီးများသည် သဘာဝအားဖြင့် ကွဲပြားစွာ ပြုမူ ဆက်ဆံတတ်ကြပြီး ပုံသွင်းပေးမှုများကြောင့် သက်ရောက်မှု ကြီးကြီးမားမား မရှိနိုင်ချေ။ အဆိုပါ လိင်သတ်မှတ်ချက်ဆိုင်ရာ ထင်မြင်ပုံသွင်းမှုများသည် လူတိုင်းနှင့် ကိုက်ညီမည်မဟုတ်ဘဲ အမှုအကျင့် မတူညီမှုများကို နားလည် လက်သင့်ခံကြရန် အရေးကြီးလှသည်။

**tylkdtf,။**

ကျောင်းသားများအနေဖြင့် မဂ္ဂဇင်းများ၊ ကြော်ငြာများ၊ တီဗွီများကို သတိထား ကြည့်ရှုပြီး ၄င်းတို့တွင် အမျိုးသား၊ အမျိုးသမီးဆိုင်ရာ စံနှုန်းများနှင့် ပတ်သက်၍ မည်သို့ သရုပ်ဖော်တတ်ကြသည်၊ မည်သို့သော ထူးခြားချက်များ၊ ကွဲပြားချက်များ တွေ့ရသည်ကို သုံးသပ်စေပါ။ ထို့နောက် အဖွဲ့များ ဖွဲ့ပေးပြီး ဆွေးနွေး တိုင်ပင်စေပါ။

# ၁.၄ ကျား၊ မ တန်းတူညီမျှမှုနှင့် အမျိုးသမီး အခွင့်အရေး

က။ 'နိုင်ငံတကာ အမျိုးသမီးဆိုင်ရာ အခွင့်အရေးများ မူကြမ်း' သည် မည်သို့သော စာတမ်းဖြစ်သည်ကို ဆွေးနွေးစေပါ။

**အဖြေများ**

နိုင်ငံတိုင်းလိုလိုတွင် နိုင်ငံသားတို့၏ အခွင့်အရေးများကို အကာအကွယ်ပေးထားသည့် နည်းဥပဒေများ၊ ထုတ်ပြန်ချက်များ ထားရှိကြသည်။

'နိုင်ငံတကာ အမျိုးသမီးဆိုင်ရာ အခွင့်အရေးများ မူကြမ်း' သည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ပေးထားသည့် ဥပဒေများပါရှိသည့် စာတမ်းတစ်စောင်ဖြစ်သည်။

ခ။ ဖော်ပြပါ ရှိသည့် စာပိုဒ်ကို ဖတ်ရှုစေပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ အမျိုးသမီးတို့အပေါ် အကြမ်းဖက်မှုများအား ထိရောက်စွာ အရေးမယူခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ တန်းတူအခွင့်အရေးများ မခံစားရခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်းကို တရားဝင် ခွင့်မပြုထားခြင်း၊ အမျိုးသမီးခေါင်းဆောင်များ ရှားပါးခြင်း အစရှိသော အခွင့်အရေး ချိုးဖောက်ခံရမှုများကို တွေ့မြင်ရနိုင်သည်။

၂။ အခွင့်အရေး ချိုးဖောက်မှုများအတွက် ထိရောက်သော

၃။ များပါ ဝင်ရောက် လုပ်ကိုင်နိုင်ကြစေရန် စီစဉ်ထားရှိခြင်း၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ ထားရှိပေးခြင်း၊ စိတ်ချရသော သန္ဓေတားမြစ်ခြင်းနှင့် ဖျက်ချခြင်းများ ရရှိခြင်း၊ အမျိုးသမီးခေါင်းဆောင်များ ပိုမိုမွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းခြင်း စသည်။

ဂ။ ဖော်ပြပါ ကွက်လပ်တို့ကို ဖြည့်စွက်စေပါ။ ကျောင်းသား အချို့တို့၏ ဖြေဆိုချက်များကို မေးမြန်းပေးပါ။

- အချိန်ရပါက ကျောင်းသားတို့၏ အဖြေများကို စာသင်ခန်း နံရံတွင် ချိတ်ဆွဲပြသစေပြီး အခြားသော ကျောင်းသားတို့ မည်သို့ ဖြေဆိုထားသည်ကို လှည့်လည် ကြည့်ရှုစေနိုင်သည်။

## ၁.၅ 'ဖို ဝါဒ' နှင့် 'မ ဝါဒ'

က။ အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။ ကျောင်းသား တို့၏ ဖြေကြားချက်များကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။

၆။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှု လေ့လာပြီး တင်ပြထားချက်များက ကျောင်းသားတို့ မေးခွန်း (၁) နှင့် (၂) တို့တွင် ဖြေဆိုခဲ့သည် တို့နှင့် ကိုက်ညီမှုရှိ၊ မရှိကို တိုက်ဆိုင် စစ်ဆေးစေပါ။

**နီးစပ်သော အဖြေများ**

၁။ 'မ ဝါဒ' ကို အတွေးအမြင် အယူအဆတစ်ရပ် အနေဖြင့် ရော၊ လှုပ်ရှားမှုတစ်ရပ်အဖြစ်ပါ ရှုမြင်နိုင်သည်။ ထိုဝါဒတွင် အမျိုးသမီးတို့၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် ပတ်သက်၍ တောင်းဆိုထားသည်။

၂။ အဆိုပါ အယူအဆကို လူမှုအသိုင်းအဝိုင်းဝင်အချို့က လက်သင့် မခံလိုကြချေ။ ထိုသူတို့က 'မ ဝါဒ'သည် အမျိုးသား မုန်းတီးရေးဝါဒ တစ်ရပ်ဖြစ်ပြီး အမျိုးသမီးများ ကြီးစိုးရေးကို လိုလားလျက်ရှိကြောင်း ကန့်ကွက် ဆန့်ကျင်ကြသည်။ ထောက်ခံသူတို့၏ အဆိုအရမူ ၎င်းတို့အနေဖြင့် အမျိုးသမီးများ၏ အကျိုးသီးသန့်ထက် တန်းတူညီမျှမှုကိုသာ လိုလားကြကြောင်း ပြန်လည် တုံ့ပြန်ထားသည်။ အဆိုပါ ဝါဒကို ကန့်ကွက်သူ များတွင် အမျိုးသားများရော၊ အမျိုးသမီးများပါ ပါဝင် တတ်ကြပြီး ထိုသူတို့အနေဖြင့် ဓလေ့ထုံးတမ်းများကို လေးစားထိန်းသိမ်းလိုကြသည်။ အမျိုးသားများ၊ အမျိုးသမီးဆိုင်ရာ လူမှုအခန်းကဏ္ဍများ ကွဲကွဲပြားပြား ရှိမှသာလျှင် လူမှုအဖွဲ့အစည်းတစ်ရပ် တည်ငြိမ်သာယာ နိုင်ကြောင်း ထောက်ပြတတ်ကြသည်။

ဂ။ 'ဖို ဝါဒ' ၏ အဓိပ္ပာယ်ကို ဆွေးနွေးစေပါ။ ကျောင်းသား များအနေဖြင့် ထိုဝေါဟာရနှင့် ပတ်သက်၍ သိမြင်လေ့လာ ဖူးခြင်းရှိ၊ မရှိ မေးမြန်းပေးပါ။ မကြားသိဖူးပါက 'မ ဝါဒ' နှင့် ဆက်စပ် စဉ်းစားစေပါ။

ဃ။ ဖော်ပြပါ ရှိသည့် စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ 'ဖို ဝါဒ' (Masculism) ကို ထောက်ခံကြ သူများက အမျိုးသားတို့၏ အခွင့်အရေးများကို တောင်းဆိုလျက်ရှိသည်။ ယေဘုယျအားဖြင့် အမျိုးသားများ၏ အခွင့်အရေး များနှင့် အမျိုးသမီးတို့၏ အခွင့်အရေးများမှာ ကွဲပြားမှု သိပ်မရှိလှ။ အဆိုပါ အခွင့်အရေး (၂) ရပ်ကို ထောက်ခံကြသူတိုင်းက လိင်ပိုင်းဆိုင်ရာ ခွဲခြားမှုများနှင့် Gender သတ်မှတ်ချက်များတွင် အယူသီးလွန်းခြင်း၏ ဆိုးကျိုးတို့ကို ဝေဖန်ထောက်ပြထားသည်။ ဥပမာဆိုရသော် အမျိုးသားများကို ကျားကျားလျားလျား၊ ရဲရဲဝံ့ဝံ့ရှိရမည်ဟု သတ်မှတ်ထားခြင်းက ကြင်နာယုယမှု ရှိခြင်းဟူသော စရိုက်လက္ခဏာတို့ ပျောက်ဆုံးစေနိုင်ပြီး၊ အမျိုးသမီးများကို အားနည်းသူများဟု ပုံဖော်ကြခြင်းက ခေါင်းဆောင်မှုတွင် ပါဝင်ရာ၌ အဟန့်အတား ဖြစ်စေနိုင်သည်။

င။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ဖော်ပြပါ အကြောင်းခြင်းရာတို့သည် 'ဖို ဝါဒ'၊ 'မ ဝါဒ'တို့နှင့် မည်သို့ ဆက်စပ် ပတ်သက်နေကြသည်ကို ဆွေးနွေးဖော်ထုတ်စေပါ။

အဖွဲ့အချင်းချင်း ဖြေဆိုချက်များကို ဖလှယ်စေပါ။ ဖြစ်နိုင်မည် ဆိုပါက ကျောင်းသားတို့၏ ဖြေဆိုချက်များကို စာရွက်ကြီး တစ်ရွက်ပေါ်တွင် ရေးချစေပြီး စာသင်ခန်း နံရံတွင် ချိတ်ဆွဲ ဖော်ပြစေနိုင်သည်။

**နီးစပ်သော အဖြေများ**

၁။ 'မ ဝါဒ' ကို ထောက်ခံသူများ (ခ) အမျိုးသမီး အခွင့်အရေး လှုပ်ရှားသူများအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ဆန့်ကျင် ကန့်ကွက်လျက်ရှိပြီး အဆိုပါ နှောင့်ယှက်မှုများတွင် အမျိုးသမီးများမှာ သားကောင် ဖြစ်ကြရကြောင်း ဆိုထားသည်။

'ဖို ဝါဒ' ကို ထောက်ခံကြသူများ (ခ) အမျိုးသား အခွင့်အရေးလှုပ်ရှားသူများ အနေဖြင့်လည်း အဆိုပါ အကြမ်းဖက်မှုတို့ကို ရှုံ့ချပြောဆိုထားသည်ကို တွေ့ရသည်။ သို့ရာတွင် အမျိုးသားများကိုသာ လိင်မှုဆိုးများအဖြစ် ပုံဖော်ခြင်းက မှားယွင်းကြောင်း၊ အချို့သော အမျိုးသားများမှာလည်း အဆိုပါ နှောင့်ယှက် မှုများ၏ ဓားစာခံများ ဖြစ်ကြရကြောင်း ထောက်ပြထားသည်။

၂။ 'အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများ' အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တပြေးညီ ခံစားခွင့်ရရှိရေးအတွက် လှုပ်ရှားတောင်းဆိုလျက်ရှိပြီး လုပ်ပိုင်ခွင့်များ၊ လစာခံစားခွင့်များ၊ အလုပ်အကိုင် ရရှိမှုများတွင် အမျိုးသားများနှင့် တန်းတူရရှိသင့်ကြောင်း ဆိုထားသည်။ ထို့အပြင် အလုပ်ခွင်တွင် ၎င်းတို့၏ ကလေးငယ်များ စောင့်ရှောက် ထိန်းသိမ်းနိုင်မည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးနိုင်ရေးအတွက်ပါ တောင်းဆိုထားသည်။

အိမ်ထောင်ဦးစီးအမျိုးသားများအတွက် လုပ်ငန်းခွင် အခြေအနေကောင်းများ ဖော်ဆောင်ပေးရန် 'အမျိုးသား အခွင့်အရေးလှုပ်ရှားသူများ' က တောင်းဆိုထားပြီး အမျိုးသမီးအများစုသာ လွှမ်းမိုး လုပ်ကိုင်လျက်ရှိသည့် အချို့သော လုပ်ငန်းခွင်များတွင် အမျိုးသားတို့ကို လုပ်ဆောင်ခွင့် ပေးသင့်ကြောင်း ဆိုထားသည်။

၃။ အဆိုပါ ဝါဒ (၂) ရပ်ကို ထောက်ခံကြသူများက လိင်မှုကိစ္စအခြေပြု ထင်မြင်ပုံသွင်းမှုများကို ထောက်ပြဝေဖန်ထားသည်ကို တွေ့ရသည်။ 'အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများ' ၏ အဆိုအရ အမျိုးသမီးများသည် အားနည်းသူများ၊ မစွမ်းသူများ၊ နိမ့်ကျသူများအဖြစ် သတ်မှတ်ခံရတတ်ကြောင်း ဆိုထားသည်။ တစ်ဖက်ကလည်း အမျိုးသားများသည် စိတ်ဆတ်တတ်သူများ၊ ကြမ်းကြမ်းတမ်းတမ်းပြုမူတတ်သူများ၊ မေတ္တာတရားခေါင်းပါးသူများအဖြစ် သတ်မှတ်ခံကြရကြောင်း 'အမျိုးသားအခွင့်အရေး လှုပ်ရှားသူများ' က ဆိုကြသည်။

၄။ 'အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများ' အနေဖြင့် မျိုးဆက်ပြန့်ပွားမှုဆိုင်ရာ ဥပဒေရပ်များကို အမျိုးသမီးတိုင်း ရရှိခံစားနိုင်ကြစေရန် ဖော်ဆောင်ပေးနေပြီး ကလေးရယူရေး၊ မွေးဖွားမှုနှုန်း ထိန်းချုပ်ခြင်း၊ မိခင်နှင့် ကလေးဆိုင်ရာ စောင့်ရှောက်မှုများ ခံစားနိုင်ကြစေရန် တောင်းဆိုထားသည်။ 'အမျိုးသားအခွင့်အရေး လှုပ်ရှားသူများ' အနေဖြင့်လည်း အဆိုပါ အခွင့်အရေးမျိုးကို ထောက်ပြထားပြီး ဖခင်တစ်ဦး ရသင့်ရထိုက်သည့် ခံစားခွင့်များကို တောင်းဆိုထားသည်။

# အခန်း (၁) ပြန်လည်သုံးသပ်ခြင်း

က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်ပြီး သက်ဆိုင်ရာ မေးခွန်းများကို ဆွေးနွေး အဖြေရှာစေပါ။ ထိုသို့ ဖြေဆိုရာတွင် မေးခွန်းတစ်ခုချင်းအတွက် အတန်းဖော်ကျောင်းသားတစ်ဦးစီနှင့် ပြောင်းလဲ လုပ်ဆောင်စေနိုင်သည်။

ခ။ ဖော်ပြပါ ဝေါဟာရများအတွက် သင်ခန်းစာပါ အကြောင်းအရာ များအား အခြေခံလျက် ကျောင်းသားတို့၏ ကိုယ်ပိုင်ဖွင့်ဆိုချက်များ ပြုစုပေးရမည်ဖြစ်သည်။ ထိုသို့ ပြုစုရာတွင် အဘိဓာန်ပါ ဖွင့်ဆိုချက်များ ထည့်သွင်း အသုံးမပြု ကြစေရန် ကြပ်မတ်ပေးပါ။

ဂ။ မေးခွန်းတစ်ရပ်စီအတွက် ရှင်းလင်းချက်များ၊ အဖြေများ အပြည့်အစုံပါရှိသည့် စာပိုဒ်တစ်ပိုဒ်စီ ရေးသား ဖြေဆိုစေပါ။

# အခန်း (၂) မစတင်မီ

## tEpsS/yfordSZG;f

- သင်ခန်းစာများကို စတင်မသင်ကြားမီ 'အနှစ်ချုပ်သိမှတ်ဖွယ်' ပါ ရေးသား ရှင်းလင်းထားချက်များကို ဦးစွာ ဖတ်ရှုစေပါ။
- အဆိုပါ အကြောင်းအရာများကို လေ့လာ သိရှိထားမှုရှိ၊ မရှိ စစ်ဆေး မေးမြန်းပေးပါ။

## oifum;rqkd&m &nfe;S/cufsm;

- 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' တွင် ပါရှိသည့် ရေးသား ဖော်ပြထားချက်များကို ကျောင်းသားများ ဖတ်ရှုစေပါ။ နားမလည်သည့် အချက်အလက်များ ရှိပါက ရှင်းလင်း ပြသပေးပါ။
- သင်ခန်းစာများကို သင်ကြားပြီးသည့် အခါ၌ အဆိုပါ ရည်မှန်းချက်များကို ထပ်မံဖတ်ရှုစေပြီး ကျောင်းသားများ အနေဖြင့် ဖော်ပြပါ 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' ပြည့်မှီမှုရှိ၊ မရှိ ဆန်းစစ် သုံးသပ်စေပါ။

# အခန်း (၂) လူ့အသိုင်းအဝိုင်းနှင့် မိသားစု

## ၂.၁ အမျိုးသား၊ အမျိုးသမီးဆိုင်ရာ လူမှုအခန်းကဏ္ဍများ

က။ ကာတွန်းပုံ (၂) ပုံကို ကြည့်ရှုစေပြီး အမျိုးသားနှင့် အမျိုးသမီးတို့၏ လူမှုအခန်းကဏ္ဍများနှင့် ပတ်သက်၍ မည်သို့ ဖော်ညွှန်းနေသည်ကို ဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

အိမ်ရှင်မ (Housewife) ဟု ဆိုလိုက်သည်နှင့် အိမ်ထောင့်တာဝန်၊ မိသားစုတာဝန်ကို ထမ်းဆောင်ကြရသည့် အမျိုးသမီးများကိုသာ ပေးမြင်တတ်ကြသည်။ အိမ်ရှင်မများအနေဖြင့် မိသားစုတစ်စု၏ တာဝန်အရပ်ရပ်ကို ဒိုင်ခံတာဝန်ယူကြရပြီး အိမ်ထောင်ဦးစီးများထက် နိမ့်ကျသည်ဟု သတ်မှတ်တတ်ကြသေးသည်။

အိမ်ထောင်ဦးစီး (Homeowner) များမှာ မိသားစု၏ အဦးအစီးများ ဖြစ်ကြသည်။ အိမ်ထောင်ဦးစီး၏ တာဝန်များကို သတ်မှတ် ဖော်ပြတတ်ကြခြင်း မပြုဘဲ အိမ်ရှင်မများ၏ အထက်တွင် ရှိသည်ဟုသာ လက်ခံ ထားကြသည်။

အိမ်ရှင်မအများစုမှာ အမျိုးသမီးများဖြစ်ကြပြီး အိမ်ထောင်ဦးစီးများမှာ အမျိုးသားရော၊ အမျိုးသမီးများပါ ဖြစ်နိုင်သည်။ ဖော်ပြပါ ကာတွန်းပုံတွင်မူ အိမ်ထောင်ဦးစီးများကို အမျိုးသားများ အဖြစ်သာ သရုပ်ဖော်ထားသည်။ ထိုအချက်က လူမှုအသိုင်းအဝိုင်းအများစု၏ လက်ခံယူဆထားချက် ကိုလည်း ထင်ဟပ်၍နေပေသည်။

ခ။ ကာတွန်းပုံပါ တင်ပြချက်များက ကျောင်းသားတို့၏ လူ့အဖွဲ့အစည်းအတွင်း အခြေအနေများကို ထင်ဟပ်နေမှုရှိ၊ မရှိ သုံးသပ်စေပါ။

ဂ။ အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ လုပ်ဆောင်ချက်ကို ဆောင်ရွက်စေပါ။

- အချိန်ပေးနိုင်ပါက 'စကားရည်လုပွဲ' တစ်ရပ် ဖန်တီးပေးပြီး ကျောင်းသားတို့၏ အမြင်အယူ အချို့ကို ဖော်ထုတ်စေပါ။ ဥပမာအနေဖြင့် အောက်ပါ အချက်တို့ကို ထည့်သွင်းဆွေးနွေးစေနိုင်သည်။

  » အမျိုးသား၊ အမျိုးသမီးတိုင်း အနေဖြင့် အိမ်ထောင့်တာဝန် အသီးသီးကို မျှမျှတတ ခွဲဝေလုပ်ဆောင်သင့်သည်။

  » အမျိုးသားများမှာ မိသားစု စားဝတ်နေရေးအတွက် အပြင်ထွက် အလုပ်လုပ်သင့်ပြီး အမျိုးသမီးများမှာမူ အိမ်တွင်းရေးရာ ကိစ္စရပ်များကို တာဝန်ယူလုပ်ဆောင်ကြရမည်။

  » အမျိုးသားရော အမျိုးသမီးပါ အပြင်ထွက် အလုပ်လုပ်ကြသည်ဆိုပါက အိမ်မှုတာဝန်များကိုလည်း နှစ်ဦးလုံးမျှတစွာ ခွဲဝေလုပ်ကိုင်သင့်သည်။ သို့ရာတွင် အမျိုးသမီးများ အနေဖြင့် ပြင်ပ အလုပ်အကိုင် မရှိပါက အိမ်မှုကိစ္စရပ်များကို တစ်ဦးတည်း တာဝန်ယူသင့်သည်။

- ကျောင်းသားတို့၏ ကိုယ်ပိုင်ခံယူချက်တို့ကို အခြေခံ၍ အဖွဲ့များ ဖွဲ့စေပြီး၊ ပြင်ဆင်ချိန် မိနစ် အနည်းငယ်ပေးပါ။ ထို့နောက် အဖွဲ့အသီးသီး၏ အမြင်များကို တလှည့်စီ ပြောဆိုစေပြီး စကားရည်လုစေပါ။

ဃ။ ကျောင်းသားများအား လူမှုအဖွဲ့အစည်းတစ်ရပ်အတွင်း အမျိုးသား၊ အမျိုးသမီးတစ်ဦး ဆောင်ရွက်ရမည်ဟု ခံယူထားသည့် အိမ်ထောင်စုတာဝန်များကို ရုပ်ပုံများဖြင့် ရေးဆွဲဖော်ပြစေပါ။

င။ ထိုရေးဆွဲထားချက်များကို အခြားသော အတန်းဖော်များနှင့် လဲလှယ်ကြည့်ရှုစေပါ။

- ထိုပုံတို့တွင် တွေ့ရသည့် လူမှုအခန်းကဏ္ဍများကို ဖော်ထုတ်ဆွေးနွေးစေပါ။

၈။ ကျောင်းသားများအား ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုစေ၍ မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ အမျိုးကောင်းသားတစ်ဦးသည် မိမိတို့၏ ရင်သွေးငယ်များကို ကြင်နာယုယစွာ ဆက်ဆံပေးခြင်းက အခြားသော ပတ်ဝန်းကျင်ရှိ အမျိုးသားများအတွက် စံနမူနာယူစရာတစ်ရပ် ဖြစ်စေနိုင်ပေသည်။ ထို့အပြင် မိမိတို့၏ ဇနီးသည်အပေါ် ဂရုတစိုက် ဆက်ဆံပေးခြင်း၊ အိမ်မှုရေးရာများတွင် တာဝန်ယူ ဆောင်ရွက်ပေးခြင်း အစရှိသည်တို့ကိုလည်း လုပ်ဆောင်နိုင်ပေသည်။ ဤကဲ့သို့ အိမ်ထောင်ဦးစီးဖြစ်သူ အမျိုးသားများကိုယ်တိုင်က မိသားစုဆိုင်ရာ တာဝန်များတွင် မတွယ်မကပ် ဆောင်ရွက်ကြခြင်းက လူမှုအသိုင်းအဝိုင်း အသီးသီး၏ လိင်အခြေပြု ခွဲခြားဆက်ဆံမှုများ၊ တာဝန်ခွဲဝေမှု ဆိုင်ရာ သဘောထားအမြင်များကို ပြောင်းလဲစေနိုင်ပေသည်။

## ၂.၂ အိမ်ထောင်မှု တာဝန် ဆုံးဖြတ်ချက် ချမှတ်ခြင်း

က။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖော်ပြပါ မေးခွန်းကို ဖြေဆိုစေပါ။ ထိုဖြေဆိုထားချက်များကို စာပိုဒ်ပါ တင်ပြချက်များနှင့် တိုက်ဆိုင်စစ်ဆေးစေပါ။

**အဖြေ**

အာဖရိက

- ကျောင်းသားတို့၏ ဖြေဆိုချက်များကို ဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

ကား၊ ပရိဘောဂ၊ နွား၊ ကွန်ပြူတာ အစရှိသည်ဖြင့် ဖြေဆိုနိုင်သည်။

ခ။ မိသားစုအတွင်း ဆုံးဖြတ်ချက်ချ ဆောင်ရွက်တတ်သည့် လုပ်ငန်းဆောင်တာများကို ဆွေးနွေး ဖော်ထုတ်စေပါ။

- ထိုသို့ ဆွေးနွေးရာတွင် အောက်ပါလုပ်ငန်းဆောင်တာ များကို ထည့်သွင်းဆွေးနွေးစေနိုင်သည်။
  - အလုပ်တာဝန် ခွဲဝေခြင်း၊
  - မိသားစုဝင်ငွေ၊ ထွက်ငွေ စီမံခြင်း၊
  - ကျန်းမာရေး စောင့်ရှောက်မှု၊
  - ကလေးများကို ထိန်းကျောင်းပေးခြင်း၊
  - ပညာရေး

**အထက်ဖော်ပြပါ အလုပ်တာဝန်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးနိုင်သည်။**

ဂ။ ကျောင်းသားများအား မိသားစုအတွင်း ဆုံးဖြတ်ချက်ချ ဆောင်ရွက်တတ်သည့် လုပ်ငန်းဆောင်တာများကို စာရင်း ပြုစုစေပါ။ အမျိုးသားရော၊ အမျိုးသမီးပါ ချမှတ်သည့် ဆုံးဖြတ်ချက်များကို (e) ဟူ၍လည်းကောင်း၊ အမျိုးသား ဖြစ်သူကသာ ဆုံးဖြတ်သည့် ကိစ္စရပ်များကို (m) ဟူ၍ လည်းကောင်း၊ အမျိုးသမီးဖြစ်သူ ဆုံးဖြတ်သည့် ကိစ္စရပ် များကို (w) ဟူ၍လည်းကောင်း သတ်မှတ်စေပါ။

- အဖွဲ့များ ဖွဲ့၍ လုပ်ဆောင်စေပြီး ပြုစုထားချက် များကို အတန်းသို့ တင်ပြစေပါ။

ဃ။ ကျောင်းသားတို့၏ မိသားစုတွင်း၊ ရပ်ရွာလူ့အဖွဲ့အစည်း အတွင်း အတွေ့အကြုံများကို အခြေခံလျက် မေးခွန်းများကို ဖြေဆိုစေပါ။

င။ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။ ထိုသို့ ဖြေဆိုရာတွင် ကျောင်းသားတို့၏ အမြင်အယူအဆ များ တူညီမှု၊ ကွဲပြားမှုများရှိ၊ မရှိ စစ်ဆေးပေးပြီး ကွဲလွဲမှု ရှိရသည့် အကြောင်းရင်းကိုပါ ဆွေးနွေးစေပါ။အဖွဲ့များ ဖွဲ့ပေးပြီး 'သား၊ သမီး' ဆိုင်ရာ အကြောင်းရပ်များကို စာရွက်တစ်ရွက်တွင် ရေးသား ဖော်ပြစေပါ။ စာရွက်၏ အလယ်တွင် စက်ဝိုင်းတစ်ဝိုင်း ရေးဆွဲစေပြီး စက်ဝိုင်း အတွင်းတွင် 'ကျန်းမာပျော်ရွှင်သော သားသမီးကောင်း' တစ်ဦးတွင် ရှိသင့်သည်တို့ကို ဖော်ထုတ် ရေးသားစေပါ။

- ထိုသို့ ရေးဆွဲပြီးပါက ထိုစက်ဝိုင်းတွင် ပြုစုထားချက် များကို အခြားအဖွဲ့များထံ ရှင်းလင်း တင်ပြစေပါ။

စ။ စက်ဝိုင်း၏ အပြင်ဘက်တွင် လူမှုအသိုင်းအဝိုင်းအနေဖြင့် ထိုကဲ့သို့သော ကလေးငယ်လေးများ မွေးထုတ်ပေးရန် ဆောင်ရွက်ပေးနိုင်သည်တို့ကို ရေးသားပြုစုစေပါ။

- ကျောင်းသားတို့၏ ရေးဆွဲထားချက်များကို စာသင်ခန်း နံရံတွင် ချိတ်ဆွဲဖော်ပြစေပြီး အခြားအဖွဲ့များ၏ ရုပ်ပုံတို့ကို လှည့်လည် ကြည့်ရှုစေပါ။
- အဖွဲ့တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား အယူအဆများ ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်စေပါ။
- ထိုပြုစုထားသည်တို့မှ ယောကျာ်းကလေးဖြစ်သည်၊ မိန်းကလေးဖြစ်သည်ကို အကြောင်းပြု၍ ကွဲပြားနိုင်မှု ရှိ၊ မရှိကို သုံးသပ်ပေးပါ။ ကွဲပြားမှု ရှိနိုင်ပါက ထိုအကြောင်းရင်းတို့ကို ဖော်ထုတ် ဆွေးနွေးစေပါ။

# ၂.၃ လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးတို့၏ ပါဝင်မှု အခန်းကဏ္ဍ

က။ အဖွဲ့များ ဖွဲ့ပေးပြီး အမျိုးသမီးဆိုင်ရာ လူမှုအခန်းကဏ္ဍများ တိုးတက် ပြောင်းလဲလာစေရန် မည်သူတို့က အဓိက ဆောင်ကြဉ်းပေးနိုင်သည်ကို ဆွေးနွေးစေပါ။ကျောင်းသား တို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြ ပေးပါ။

ခ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဆွေးနွေး ဖြေဆို စေပါ။

**နီးစပ်သော အဖြေများ**

၁။ အမျိုးသမီးများကိုယ်တိုင် ဆောင်ရွက်ကြရမည်။

၂။ အမျိုးသမီးများအနေဖြင့် လိုအပ်ချက်များ၊ ဖော်ဆောင် ပေးရမည့် အချက်များကို ပိုမို နားလည်ကြသောကြောင့် ဖြစ်သည်။

၃။ ရပ်ရွာအခြေပြု အမျိုးသမီး အသင်းအဖွဲ့များ တည်ထောင် ပေးခြင်း၊

၄။ အမျိုးသမီးတိုင်းအတွက် အကာအကွယ်ပြုပေးနိုင်မည့် ဥပဒေအစီအမံများ ချမှတ် အကောင်အထည် ဖော်နိုင် သည်။

၅။ အမျိုးသမီးဆိုင်ရာ အသင်းအဖွဲ့များ အနေဖြင့် သက်ဆိုင် ရာ လူမှုအသိုင်းအဝိုင်း၏ ဆုံးဖြတ်ချက်ချ ဆောင်ရွက်သည့် လုပ်ငန်းများတွင် ပံ့ပိုးကူညီပေးခြင်း၊ လိင်အခြေပြု ခွဲခြားမှုများကို ဆန့်ကျင် တိုက်ဖျက်ခြင်း အစရှိသည့် လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးတို့၏ အခွင့်အရေးများအတွက် ကူညီ ဖော်ဆောင် ပေးနိုင်မည် ဖြစ်သည်။

ဂ။ မေးခွန်း (က) တွင် ဖြေဆိုထားသည်တို့နှင့် မေးခွန်း (ခ) တွင် ဖြေဆိုထားချက်များကို တိုက်ဆိုင် စစ်ဆေးစေပါ။ အဆိုပါ ပြောင်းလဲမှုများ ဖော်ဆောင်ပေးရာတွင် အမျိုးသမီး များ စွမ်းဆောင်နိုင်မည်ဟု ယုံကြည်မှုရှိ၊ မရှိ၊ အမျိုးသားများ အနေဖြင့်လည်း မည်သို့ ကူညီလုပ်ဆောင် ပေးနိုင်မည်၊ အစိုးရနှင့် ပညာရေးက မည်သို့ ထောက်ပံ့ ပေးနိုင်မည်၊ မည်သည့် အခန်းကဏ္ဍများမှ ပါဝင်နိုင်မည် တို့ကို ပါ ဆွေးနွေးစေပါ။

ဃ။ ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများနှင့် အတူတကွ ဆွေးနွေးဖြေဆိုပေးပါ။

**အဖြေ**

အိမ်ထောင်ဦးစီးဆိုသည်မှာ မိသားစုတစ်စု၏ ကိစ္စဝိစ္စ အသီးသီးကို တာဝန်ယူရသည့် ပုဂ္ဂိုလ်ဖြစ်ပြီး ထိုမိသားစု၏ စားဝတ်နေရေးအတွက်လည်း ကြိုးပမ်း စုဆောင်းရသူဖြစ်သည်။ အချို့သော တိုင်းပြည်များ တွင် အိမ်ထောင်ဦးစီးများသည် အခွန်ဆောင်ခြင်း ဟူသော တာဝန်ကို ယူကြရပြီး၊ အိမ်ထောင်စု စာရင်းတွင်လည်း မိသားစုတစ်စု၏ အရေးပါဆုံးအဖြစ် သတ်မှတ်ဖော်ပြကြသည်။ အမျိုးသမီးအိမ်ထောင်ဦးစီး ဆိုသည်မှာ အမျိုးသမီးများက မိသားစုတစ်စု၏ အရေးအရာ တိုင်းကို တာဝန်ယူ ကိုင်တွယ်ရခြင်းကို ဆိုလိုသည်။

င။ ဖော်ပြပါ စာပိုဒ်တို့ကို ဖတ်ရှုစေပြီး မေးခွန်းများကို ဖြေဆိုစေပါ။ ကျောင်းသားတို့၏ ဖြေဆိုချက်များကို ဆွေးနွေး မေးမြန်းပေးပါ။

**နီးစပ်သော အဖြေများ**

၁။ အကြောင်းရင်းအမျိုးမျိုး ရှိနိုင်သည်။ အချို့မှာ မိမိတို့ ကိုယ်တိုင်က ဦးဆောင် ပါဝင်လိုကြ၍ ဖြစ်သည်။ အချို့မှာမူ အခြေအနေအရပ်ရပ်က တွန်းပို့ပေးသော ကြောင့် အိမ်ထောင်ဦးစီးတာဝန်ကို ထမ်းဆောင်ကြရ သည်။ (ဥပမာ – မိသားစုအတွင်း အရွယ်ရောက်ပြီး အမျိုးသား မရှိခြင်း။)

၂။ အခြေအနေ အကြောင်းအရပ်ရပ်တို့အပေါ် မူတည် သည်။ အချို့သော ယဉ်ကျေးမှုများတွင် မိသားစုအတွင်းရှိ အသက်အကြီးဆုံး အမျိုးသားကို အိမ်ထောင်ဦးစီး တာဝန်ပေးအပ်တတ်သည်။ ခင်ပွန်းသည်ဖြစ်သူက အဝေးတစ်နေရာတွင် အလုပ်လုပ်နေရခြင်းကြောင့် သော်လည်းကောင်း၊ မိသားစု အနေအထားအရသော် လည်းကောင်း၊ အမျိုးသမီးများ အနေဖြင့်လည်း အိမ်ထောင်ဦးစီး တာဝန်ကို ထမ်းဆောင် ရနိုင်သည်။

၃။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ရည်ကိုယ်သွေး များ၊ စွမ်းဆောင်ရည်များ၊ စိတ်ဓာတ်ခွန်အားများကို မြှင့်တင်ပေးပြီး ကိုယ့်ဘဝကို ရပ်တည်နိုင်စေရန် ကူညီ လမ်းညွှန်ပေးခြင်းကို ဆိုလိုသည်။

၄။ အမျိုးသမီးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်မှု အစီအစဉ်များကြောင့် အမျိုးသမီးတို့၏ အသိအမြင်များ တိုးပွားလာနိုင်မည် ဖြစ်သည်။ ထို့အပြင် အနာဂတ် အမျိုးသမီးငယ်လေးများအတွက်လည်း အကျိုးရှိနိုင်ပြီး ပညာရေး၏ အရေးပါမှုကို သိမြင်လာနိုင်ပေမည်။

## ၂.၄ မြန်မာ့လူမှုအသိုင်းအဝိုင်းနှင့် လက်ထပ်ထိမ်းမြားမှု

က။ သင်ပုန်းပေါ်တွင် အောက်ပါ ခေါင်းစဉ် (၂) ရပ်ကို ရေးသား ဖော်ပြပေးပါ။ 'မိန်းမကောင်းတစ်ဦး ပိုင်ဆိုင်ရမည့် အရည်အသွေးများ'၊ 'မိန်းမကောင်းတစ်ဦး ရှောင်ရှားရမည့် အပြုအမူများ'

- အဆိုပါ ခေါင်းစဉ်တစ်ရပ်စီအတွက် သက်ဆိုင်ရာ အဖြေများကို ကျောင်းသားများ ဝိုင်းဝန်းစဉ်းစားစေပါ။

ခ။ စာပိုဒ်ကို ဖတ်ရှုစေပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။ ကျောင်းသားများအနေဖြင့် စာပိုဒ်ပါ တင်ပြထားသည့် အယူအဆများကို သဘောတူလက်ခံမှုရှိ၊ မရှိ မေးမြန်းပေးပါ။ ပြီးနောက် မေးခွန်းများကို ကျောင်းသားများနှင့် အတူတကွ ဆွေးနွေး ဖြေဆိုပေးပါ။

ဂ။ ကျောင်းသားများနှင့် အတူတကွ မေးခွန်းတို့ကို သုံးသပ် ဖြေဆိုပေးပါ။ ကျောင်းသားအများစုမှာ တစ်ကိုယ်ရည် တစ်ကာယသမားများ ဖြစ်ပါက ၄င်းတို့အနေဖြင့် ဘဝ လက်တွဲဖော်ရွေးချယ်ရာတွင် မည်သို့သော အရည်အသွေး များနှင့် ပိုင်းဖြတ်မည်၊ မိဘဆွေမျိုးများ၏ စီမံပေးမှုကို နာခံလိုမှုရှိ၊ မရှိကို မေးမြန်းပေးပါ။ ကျောင်းသားအများစုမှာ အိမ်ထောင်ကျပြီးသူများ ဖြစ်ပါက အိမ်ထောင်ဖက်ကို အဘယ်ကြောင့် ရွေးချယ်ခဲ့ရသည်၊ ထိုသို့ ဆုံးဖြတ်ရာတွင် အသိုင်းအဝိုင်း၏ လွှမ်းမိုးမှုများ ပါဝင်မှုရှိ၊ မရှိကိုပါ မေးမြန်း ဆွေးနွေးစေပါ။

ဃ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ စာရေးသူအနေဖြင့် မိဘအလိုကျ ထိမ်းမြားမှုများကို ကန့်ကွက်ထားသည်ကို တွေ့ရသည်။ အချို့သော အမျိုးသမီးငယ်လေးများမှာ အလိုဆန္ဒမပါဘဲ လက်ထပ်ထိမ်းမြားနေရကြောင်း၊ ဇနီးသည်များ အနေဖြင့်လည်း အိမ်မှုကိစ္စများ ဆောင်ရွက်ရသူ တစ်ဦးအဖြစ်သာ ဆက်ဆံခံနေရကြောင်း ဆိုထားသည်။ အိမ်ထောင်ရေးတစ်ခုသည် မေတ္တာတရားအပေါ်သာ အခြေခံ တည်ဆောက်သင့်ကြောင်း ထောက်ပြထားသည်။

၂။

**မိဘအလိုကျ လက်ထပ်ထိမ်းမြားခြင်း၏ ကောင်းကျိုး –** မိဘများအနေဖြင့် ၎င်းတို့သားသမီး၏အကျင့်စရိုက်နှင့် ကိုက်ညီလိုက်ဖက်မှုညီမည့်သူများကို ရွေးချယ်နိုင်ကြပြီး ဘဝလက်တွဲဖော်အဖြစ် သတ်မှတ်ရာတွင် စိတ်ဆန္ဒထက် လိုအပ်ချက် အပေါ်သာ အခြေခံလျက် စီမံပေးနိုင်ကြမည် ဖြစ်သည်။

**မိဘအလိုကျ လက်ထပ်ထိမ်းမြားခြင်း၏ ဆိုးကျိုး –** လက်ထပ်မည့် ဇနီးမောင်နှံအချင်းချင်း တစ်ဦးအပေါ်တစ်ဦး မေတ္တာတရားတည်ထောင်ရန် ခက်ခဲနိုင်သည်။ လွတ်လပ်သော ကိုယ်ပိုင်ရွေးချယ်ခွင့်ကို ပိတ်ပင်ထားသည်ဟု ခံစားရစေနိုင်သည်။

မေးခွန်းများကို ကျောင်းသားတို့နှင့်အတူ ဆွေးနွေးဖြေဆိုစေပါ။

## ၂.၅ လူမှုရေးဆိုင်ရာ ပြောင်းလဲမှုများ

က။ အမျိုးသား၊ အမျိုးသမီးတို့၏ လူမှုအခန်းကဏ္ဍများနှင့် ပတ်သက်၍ မည်သို့သော အပြောင်းအလဲများ တွေ့မြင်ဖြတ်သန်းခဲ့ရသည်ကို ကျောင်းသားတို့၏ ပတ်ဝန်းကျင်မှ သက်ကြီးရွယ်အို အဘိုးအဘွားတစ်ဦးကို မေးမြန်းစေပါ။

ခ။ ထိုမေးမြန်းချက်များကို အခြားကျောင်းသားများနှင့် မျှဝေဆွေးနွေးစေပါ။ ထိုကျောင်းသားတို့၏ မေးမြန်းချက်များနှင့် လေ့လာ တွေ့ရှိချက်များကို စာရွက်တစ်ရွက်တွင် ရေးချစေပြီး စာသင်ခန်းနံရံတွင် ချိတ်ဆွဲ ဖော်ပြစေနိုင်သည်။

## အခန်း (၂) ပြန်လည်သုံးသပ်ခြင်း

က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်ပြီး သက်ဆိုင်ရာ မေးခွန်းများကို ဆွေးနွေး အဖြေရှာစေပါ။ ထိုသို့ ဖြေဆိုရာတွင် မေးခွန်းတစ်ခုစီအတွက် အတန်းဖော် ကျောင်းသားတစ်ဦးစီနှင့် ပြောင်းလဲလုပ်ဆောင် စေနိုင်သည်။

ခ။ ဖော်ပြပါ ဝေါဟာရများအတွက် သင်ခန်းစာပါ အကြောင်းအရာများအား အခြေခံလျက် ကျောင်းသားတို့၏ ကိုယ်ပိုင် ဖွင့်ဆိုချက်များ ပြုစုပေးရမည်ဖြစ်သည်။ ထိုသို့ ပြုစုရာတွင် အဘိဓာန်ပါ ဖွင့်ဆိုချက်များ ထည့်သွင်းအသုံးမပြုကြစေရန် ကြပ်မတ်ပေးရမည်ဖြစ်သည်။

ဂ။ မေးခွန်းတစ်ရပ်စီအတွက် ရှင်းလင်းချက်များ၊ အဖြေများ အပြည့်အစုံပါရှိသည့် စာပိုဒ်တစ်ပိုဒ်စီ ရေးသားဖြေဆိုစေပါ။

# အခန်း(၃)

## tEpSsKyfodSfG;f

- သင်ခန်းစာများကို စတင်မသင်ကြားမီ 'အနှစ်ချုပ်သိမှတ်ဖွယ်' ပါ ရေးသားရှင်းလင်းထားချက်များကို ဦးစွာဖတ်ရှုစေပါ။
- အဆိုပါ အကြောင်းအရာများကို လေ့လာသိရှိထားမှုရှိ၊ မရှိ စစ်ဆေးမေးမြန်းပေးပါ။

## oifuM;rqbkm &nfeS;csufsm;

- 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' တွင် ပါရှိသည့် ရေးသားဖော်ပြထားချက်များကို ကျောင်းသားများ ဖတ်ရှုစေပါ။ နားမလည်သည့် အချက်အလက်များရှိပါက ရှင်းလင်းပြသပေးပါ။
- သင်ခန်းစာများကို သင်ကြားပြီးသည့်အခါ၌ အဆိုပါ ရည်မှန်းချက်များကို ထပ်မံ ဖတ်ရှုစေပြီး ကျောင်းသားများ အနေဖြင့် ဖော်ပြပါ 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' ပြည့်မီမှုရှိ၊ မရှိ ဆန်းစစ်သုံးသပ်စေပါ။

# အခန်း (၃) လုပ်ငန်းခွင် အခြေအနေ

## ၃.၁ လုပ်ငန်းခွင်ကွဲပြားမှုများ

က။ ကာတွန်းရုပ်ပုံကို ကြည့်ရှုစေပြီး ဖော်ပြပါ မေးခွန်းကို ဆွေးနွေး ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

ကာတွန်းပုံပါ အမျိုးသား၏အဆိုအရ အမျိုးသမီးများမှာ အမျိုးသားများလောက် သန်စွမ်းမှု မရှိကြောင်း၊ ထို့ကြောင့်လည်း လစာဝင်ငွေကောင်းသည့် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်မှု မရှိကြောင်း ဆိုထားသည်။ သို့ရာတွင် ကာတွန်းပုံပါ အမျိုးသမီးမှာမူ ကလေးငယ်နှစ်ဦးကို ချီပိုးထားပြီး၊ လေးလံလှသည့် ဈေးခြင်းတောင်းများကို သယ်ဆောင်ထားသည်ကို တွေ့ရသည်။ ဤအချက်က အမျိုးသမီးများမှာ သန်စွမ်းမှုမရှိဟူသော အဆိုနှင့် ဆန့်ကျင်လျက်ရှိသည်။ သို့ဖြစ်၍ အမျိုးသမီးများ အချို့သော လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်ရန် လုံလောက်သော သန်မာမှု မရှိဟူသော ကောက်ချက်ချမှုမှာ မှားယွင်းသည်ဟု ဆိုနိုင်ပေသည်။

နှစ်ယောက်တစ်တွဲ ဖြစ်စေ၊ အဖွဲ့နှင့် ဖြစ်စေ ဖော်ပြပါ မေးခွန်းများကို ဖြေဆိုစေပါ။

ခ။ ပြီးနောက် အခြားသော အဖွဲ့များနှင့် ဆွေးနွေး သုံးသပ်စေပါ။ ထို့နောက် မိမိတို့၏ သုံးသပ်ချက်များကို အတန်းသို့ တင်ပြပါ။

# ၃.၂ 'အလုပ်တာဝန်' အား အဓိပ္ပာယ် သတ်မှတ်ခြင်း

က။ ကျောင်းသားများအား 'အလုပ်တာဝန်' ဟူသော ဝေါဟာရကို အဓိပ္ပာယ် ဖွင့်ဆိုစေပါ။

- ကျောင်းသားတို့ ပြောဆိုသည့် အတွေးအမြင်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

ခ။ ဖော်ပြပါ စာပိုဒ်ကို ကျောင်းသားများ ဖတ်ရှုစေပါ။

- ကျောင်းသားတို့ ပြုစုခဲ့သည့် ဖွင့်ဆိုချက်တွင် လစာဝင်ငွေ ရရှိသော အလုပ်များနှင့် ဝင်ငွေမရသည့် အလုပ်တာဝန်များပါ ထည့်သွင်းပါဝင်မ ဆန်းစစ်စေပါ။ ပြီးနောက် လိုအပ်သည့် အချက်များကို အဆိုပါ ဖွင့်ဆိုချက်တွင် ဖြည့်စွက်စေပါ။ ဖော်ပြပါ အလုပ်တာဝန်များတွင် အလွတ်သဘော ဆောင်ရွက်ရသည့် စေတနာ့ဝန်ထမ်း အလုပ်များ ထည့်သွင်းစဉ်းစားသင့်၊ မသင့် ဆွေးနွေးစေပါ။ (ဥပမာ – ကလေးငယ်များကို စာသင်ကြား ပြသပေးခြင်း၊ ရပ်ရွာအစည်းအဝေးများတွင် မပျက်မကွက် တက်ရောက်ခြင်း။)

ဂ။ ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများနှင့် အတူတကွ ဆွေးနွေး ဖြေဆိုပေးပါ။

ဃ။ ဖော်ပြပါ ရုပ်ပုံတို့ကို ကြည့်ရှုသုံးသပ်ပြီး မည်သည့် အလုပ်တို့က လုပ်ခလစာရနိုင်မှုရှိ၊ မရှိ သုံးသပ်စေပါ။

**နီးစပ်သော အဖြေများ**

မိသားစုအတွင်း ဆောင်ရွက်ကြရသည့် အလုပ်တာဝန် အများစုမှာ လုပ်ခလစာ မရရှိကြချေ။ ရုပ်ပုံအသီးသီးတွင် ဖော်ပြပါရှိသည့် ကလေးထိန်းများ၊ လယ်သမားများ၊ ရေထမ်းသမားများအနေဖြင့် ထိုလုပ်ငန်းများကို မိသားစု အတွက် ဆောင်ရွက်ပေးရသည် ဆိုပါက ၎င်းတို့အနေဖြင့် မည်သို့သော ဝင်ငွေ၊ ခံစားခွင့်မျှ မရရှိနိုင်ချေ။ သို့ရာတွင် မိသားစုအတွက် မဟုတ်ဘဲ လုပ်ငန်းကိုင်ငန်းတစ်ရပ်အသွင် လုပ်ဆောင်နေကြသည် ဆိုပါက ပုံမှန်ဝင်ငွေ ရရှိနိုင်မည်။ နောက်ဆုံးရုပ်ပုံပါ အမျိုးသမီးသည် လုပ်ခလစာ ရရှိသည့် သိပ္ပံပညာရှင်တစ်ဦးလည်း ဖြစ်နိုင်သကဲ့သို့ လေ့လာမှုပြု နေသည့် ကျောင်းသူတစ်ဦးလည်း ဖြစ်နိုင်ပေသည်။

မည်သည်တို့က လုပ်ခလစာရသော လုပ်ငန်းများဖြစ်သည်၊ မည်သည်တို့က မရရှိနိုင်သည်ကို ကျောင်းသားများနှင့် အတူတကွ ဆွေးနွေးပေးပါ။

## ၃.၃ အလုပ်တာဝန် မျှတမှုရှိရေး

က။ ဖော်ပြပါ မေးခွန်းကို ဆွေးနွေး ဖြေဆိုစေပါ။ ထိုသို့ ဖြေဆိုရာတွင် လေ့ကျင့်ခန်း (၃.၁) တွင် ဖြေဆိုခဲ့သည့် အလုပ်အကိုင်များ စာရင်းကဲ့သို့ ဖြေဆိုပေးရမည် မဟုတ်ဘဲ မည်သို့သော အလုပ်တာဝန်များ ဆောင်ရွက်ရသည်ကိုသာ ဖော်ပြပေးရန် ဖြစ်သည်။ ဥပမာ – စီမံခန့်ခွဲမှုတွင် တာဝန်ယူရခြင်း၊ ကာယအား အသုံးပြုရသည့် လုပ်ငန်းများ။

- စာပိုဒ်ကို ဖတ်ရှုစေပြီး ဖြေဆိုချက်များနှင့် တိုက်ဆိုင် စစ်ဆေးစေပါ။

**နီးစပ်သော အဖြေများ**

ရာထူးဂုဏ်ထူးမြင့်မားသော လုပ်ငန်းများတွင် တာဝန်ယူ ရခြင်း၊ အာဏာအခွင့်အရေးများ အသုံးချနိုင်ခြင်း၊ ကာယအား အသုံးပြုရသည့် လုပ်ငန်းများ ဆောင်ရွက်ရခြင်း၊ အစိုးရပိုင်းတွင် တာဝန်ယူ ပါဝင်ခြင်း၊ အလတ်စား စီမံမှုများ ကိုင်တွယ်ရခြင်း၊ ကုန်ရောင်း ကုန်ဝယ်လုပ်ငန်းများတွင် ဆောင်ရွက်ခြင်း၊ စက်မှုကျွမ်းကျင် လုပ်သားများအဖြစ် ကိုယ်စားပြု ပါဝင်ခြင်း။

ခ။ အမျိုးသားများနှင့် အမျိုးသမီးတို့ကြား လုပ်ခလစာ ကွဲပြားရသည့် အကြောင်းရင်းများကို ဆွေးနွေး အဖြေရှာစေပါ။

**နီးစပ်သော အဖြေများ**

အမျိုးသမီးများအနေဖြင့် လုပ်ခလစာ ကောင်းမွန်သည့် ရာထူးနေရာကောင်းများနှင့် အလုမ်းဝေးရသည့် အကြောင်းရင်းမှာ ကမ္ဘာ့ယဉ်ကျေးမှုအသီးသီးတွင် အမြစ်တွယ်နေသော အမျိုးသမီးများကို နှိမ့်ချသဘောထား တတ်သည့် ဓလေ့စရိုက် ဆိုးများကြောင့် ဖြစ်ပေသည်။ အမျိုးသမီးများမှာ အားနည်းသူများဖြစ်ကြောင်း ကာယ၊ ဉာဏသုံးရသည့် အလုပ်များနှင့် မကိုက်ညီကြောင်း ဝေဖန်ကန့်ကွက်တတ်ကြသည်။ လူမှုအသိုင်းအဝိုင်း တစ်ရပ်လုံးကလည်း အမျိုးသမီးတို့၏တာဝန်မှာ အိမ်တွင်နေ၍ မိသားစုကိစ္စများကို တာဝန်ယူ ဆောင်ရွက်ရန်သာဖြစ်ကြောင်း၊ အပြင်ထွက်ပြီး အလုပ် မလုပ်သင့်ကြောင်း ကန့်သတ်ထားတတ်ကြပြန်သေးသည်။ အချို့သော လုပ်ငန်းခွင်များတွင်လည်း အမျိုးသားတို့၏ လုပ်နိုင်စွမ်းမှာ အမျိုးသမီးများထက် သာလွန်သည်ဟု ပိုင်းဖြတ်တတ်ကြသည်ကို တွေ့ရှိရပြီး အမျိုးသမီးများကို လုပ်ခလစာ အနည်းငယ်သာ ပေးအပ်တတ်ကြပေသည်။

ဂ။ ဖော်ပြပါ အခြေအနေမျိုး မိမိတို့၏ လူ့အဖွဲ့အစည်းတွင် ကြုံတွေ့ရမှုရှိ၊ မရှိ သုံးသပ်စေပါ။

ဃ။ ဖော်ပြပါ ကာတွန်းကို ကြည့်ရှုပြီး စာပိုဒ် (က) ပါ တင်ပြချက်များ နှင့် နှိုင်းယှဉ်သုံးသပ်စေပါ။ နှစ်ယောက် တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ကာတွန်းပုံနှင့် စာပိုဒ်တို့၏ ဆိုလိုရင်းကို ဆွေးနွေး ဖော်ထုတ်စေပါ။

**နီးစပ်သော အဖြေများ**

စာပိုဒ်ပါ ဆိုလိုရင်း – အမျိုးသားအများစုမှာ ရင်သွေးငယ် လေးများ နှင့် ဆော့ကစားနေရချိန်တွင် အမျိုးသမီးတို့မှာ အိမ်မှုကိစ္စများကို ဒိုင်ခံ ဆောင်ရွက်ကြရကြောင်း ထောက်ပြ ထားသည်။

ကာတွန်းပုံပါ ဆိုလိုရင်း – အိမ်ထောင်မှု ကိစ္စများကို မဆောင်ရွက်လိုပါက အမျိုးသားဘဝသို့ ပြောင်းမှသာလျှင် ထိုဝဋ်မှ ကျွတ်ပေလိမ့်မည်။

င။ မေးခွန်းများကို ဆွေးနွေး ဖြေဆိုစေပါ။

စ။ နှစ်ယောက်တစ်တွဲ တွဲပေးပြီး ဇယားပုံကို ကြည့်ရှုသုံးသပ်စေပါ။ မည်သည်တို့ လေ့လာမှတ်သားရသည်ကို ဆွေးနွေးစေပါ။

**အဖြေများ**

ဖော်ပြပါ ဇယားအရ အာရှနိုင်ငံ (၁၃) နိုင်ငံရှိ အမျိုးသား၊ အမျိုးသမီးတို့အကြား အိမ်မှုတာဝန်များကို ခွဲဝေပုံနှင့် မည်မျှ အချိန်ပေး လုပ်ဆောင်ကြသည်ကို လေ့လာမှတ်သားရပါသည်။

ဆ။ ကျောင်းသားတို့ တစ်ဦးချင်းစီအနေဖြင့် သူတို့၏ မိသားစုအတွင်း မည်သို့သော အိမ်မှုတာဝန်များ လုပ်ဆောင်ရသည်ကို စာရင်း ပြုစုစေပါ။ ထိုလုပ်ဆောင်ချက်များကို အခြေခံပြီး မေးခွန်း (စ) ပါ ဇယားအတိုင်း ဇယားတစ်ရပ်ရေးဆွဲစေပါ။ ထို့နောက် အဖွဲ့များ ဖွဲ့ပေးပြီး ထိုရေးဆွဲပြုစုထားချက်များကို မျှဝေ ဆွေးနွေးစေပါ။

ဇ။ ကျောင်းသားများအနေဖြင့် မေးခွန်းများကို ရေးသား ဖြေဆိုစေပါ။ ထို့နောက် အဖွဲ့များ ဖွဲ့ပေးပြီး ဆွေးနွေးစေပါ။ မည်သို့ ဖြေဆိုထားကြသည်ကို ကျောင်းသား အချို့အား မေးမြန်းပေးပါ။

ဈ။ ဖော်ပြပါ ပုံတို့ကို ကြည့်ရှုအကဲဖြတ်ပြီး အိမ်မှုတာဝန်များ ဆောင်ရွက်ပုံနှင့် ပတ်သက်၍ မည်သို့ ဖော်ညွှန်းနေသည်ကို သုံးသပ်စေပါ။ ကျောင်းသားများနှင့် အတူတကွ ဆွေးနွေး ဖြေဆိုပေးပါ။

## ၃.၄ အမျိုးသားနှင့် အမျိုးသမီးတို့ အကြား လုပ်ငန်းခွင်အခြေအနေ ခြားနားချက်

က။ ကျောင်းသားများကို အဖွဲ့ (၃) ဖွဲ့ ခွဲပေးပါ။ အဖွဲ့တစ်ဖွဲ့စီအား စာပိုဒ်တစ်ပိုဒ် (သို့) ဇယားကို တာဝန်ယူစေပါ။ ကျောင်းသား များပါက အဖွဲ့ (၆) ဖွဲ့အထိ ဖွဲ့ပေးနိုင်သည်။ သက်ဆိုင်ရာ စာပိုဒ် (သို့) ဇယားကို လေ့လာသုံးသပ်ပြီး အခြားအဖွဲ့များထံ ရှင်းလင်းတင်ပြပေးရန်အတွက် ပြင်ဆင်စေပါ။ ထို့နောက် အဖွဲ့တိုင်းအနေဖြင့် မိမိတို့ လေ့လာသိရှိခဲ့ရသည်ကို အခြားသော အဖွဲ့အားလုံးထံ တင်ပြစေပါ။ ကျောင်းသား များပြီး အဖွဲ့ (၃) ဖွဲ့ထက် ပိုပါက တစ်တန်းလုံး ကို ရှင်းပြမည့်အစား အဖွဲ့အချင်းချင်းသာ ဆွေးနွေး ရှင်းလင်း စေနိုင်သည်။

ခ။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

ဂ။ ဖော်ပြပါ ဇယားကို လေ့လာ သုံးသပ်စေပြီး မည်သည်တို့ မှတ်သားသိရှိရသည်ကို ဆွေးနွေးစေပါ။

**အဖြေများ**

(၁၉၉၀) ခုနှစ်နှင့် (၂၀၀၈) ခုနှစ်တို့တွင် ဂျပန်နိုင်ငံရှိ အမျိုးသား၊ အမျိုးသမီးများ၏ လုပ်ငန်းခွင် ပါဝင်ဆောင်ရွက်မှုနှင့် အသက်အရွယ်အုပ်စုတို့အကြား ဆက်နွယ်ချက်တို့ကို စစ်တမ်းထုတ်ထားခြင်း ဖြစ်သည်။

ဃ။ ကျောင်းသားတို့၏ လူမှုအသိုင်းအဝိုင်းကို ကိုယ်စား ပြုနိုင်မည့် 'လုပ်ငန်းခွင် ပါဝင်ဆောင်ရွက်မှု စစ်တမ်း' ဇယားတစ်ရပ် ဆွေးနွေး ပြုစုစေပါ။

ထိုသို့ ပြုစုရာတွင် အောက်ပါ လုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးနိုင်မည်။

> အသက်အရွယ်အုပ်စုကို အရေအတွက်များများ ထည့်သွင်း စဉ်းစားခြင်း၊ (ဥပမာ – (၁၉) နှစ်အောက် အုပ်စု၊ (၂၀ – ၂၉) နှစ် ကြား အုပ်စု၊ (၃၀ – ၃၉) နှစ်ကြား အုပ်စု စသည်ဖြင့် သတ်မှတ်ပေးနိုင်သည်။)

> လတ်တလော အခြေအနေများကိုသာ အခြေခံ၍ မေးမြန်းပေးပါ။ (၁၉၉၀ ခုနှစ်က အကြောင်းများကို မေးမြန်းပေးရန် မလိုပါ။)

- ကျောင်းသားတို့၏ အသိုင်းအဝိုင်းအတွင်းမှ လက်လှမ်းမှီ သမျှ လူတိုင်းကို တွေ့ဆုံပြီး 'အသက်အရွယ်၊ ကျား၊ မ၊ အလုပ်အကိုင်' စသည်တို့ကို မေးမြန်းစေပါ။ ထိုသို့ မေးမြန်းရာတွင် ကျောင်းသားတိုင်း ပါဝင်စေပါ။

- အဖွဲ့များ ဖွဲ့ပေးပြီး လေ့လာတွေ့ရှိချက်တို့ကို အခြေခံလျက် ဇယားတစ်ရပ် ရေးဆွဲ ဖန်တီးစေပါ။

၁။ ရေပြင်ညီမျဉ်းတွင် အသက်အရွယ်အုပ်စုများ ထား၍ ဒေါင်လိုက်မျဉ်းတွင် လုပ်ငန်းဆောင်ရွက်မှု ရာခိုင်နှုန်း ကို ထည့်သွင်း ဖော်ပြစေပါ။

၂။ အသက်အရွယ်အုပ်စု တစ်စုချင်းစီတွင် အမျိုးသား ပမာဏ မည်မျှရှိသည်၊ အမျိုးသမီးပမာဏ မည်မျှရှိသည် ကို တွက်ထုတ်စေပါ။ ထိုပမာဏအပေါ် အခြေခံပြီး အုပ်စုတစ်စုချင်းစီ၏ အမျိုးသား၊ အမျိုးသမီးများ၏ လုပ်ငန်းခွင်တွင် ပါဝင်မှု ရာခိုင်နှုန်း ကို တွက်ချက်စေပါ။

၃။ အမျိုးသားများကို စက်ဝိုင်းသင်္ကေတဖြင့်လည်းကောင်း၊ အမျိုးသမီးများကို စတုရန်းသင်္ကေတဖြင့်လည်းကောင်း ကိုယ်စားပြုလျက် ဇယားတွင် ဖော်ပြပေးပါ။

၄။ ထိုသို့ နေရာချထားပြီးပါက သင်္ကေတများကို သက်ဆိုင်ရာ အမျိုးအစားအလိုက် ချိတ်ဆက်ပေးပါ။

င။ ကျောင်းသားတို့ ပြုစုထားသည့် ဇယားများကို စာသင်ခန်း နံရံတွင် ချိတ်ဆွဲဖော်ပြစေပြီး အခြားကျောင်းသားတို့ ပြုစု ခဲ့သည့် ဇယားများကိုလည်း လေ့လာကြည့်ရှုစေပါ။

- ထို့နောက် အဆိုပါ ဇယားများသည် ဂျပန်နိုင်ငံ၏ 'လုပ်ငန်းခွင် ပါဝင်ဆောင်ရွက်မှု စစ်တမ်း' နှင့် တူညီမှုရှိ၊ မရှိ၊ ကွဲပြားမှုရှိပါက ထိုသို့ ဖြစ်ရသည့် အကြောင်းရင်း အစရှိသည်တို့ကို ဆွေးနွေး ဖော်ထုတ်စေပါ။

## အခန်း (၃) ပြန်လည်သုံးသပ်ခြင်း

က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်ပြီး သက်ဆိုင်ရာ မေးခွန်းများ ကို ဆွေးနွေး အဖြေရှာစေပါ။ ထိုသို့ ဖြေဆိုရာတွင် မေးခွန်း တစ်ခုစီအတွက် အတန်းဖော်ကျောင်းသား တစ်ဦးစီနှင့် ပြောင်းလဲလုပ်ဆောင်စေနိုင်သည်။

ခ။ ဖော်ပြပါ ဝေါဟာရများအတွက် သင်ခန်းစာပါ အကြောင်း အရာများအား အခြေခံလျက် ကျောင်းသားတို့၏ ကိုယ်ပိုင် ဖွင့်ဆိုချက်များ ပြုစုပေးရမည် ဖြစ်သည်။ ထိုသို့ ပြုစုရာတွင် အဘိဓာန်ပါ ဖွင့်ဆိုချက်များထည့်သွင်း အသုံးမပြုကြစေရန် ကြပ်မတ်ပေးရမည် ဖြစ်သည်။

ဂ။ မေးခွန်းတစ်ရပ်စီအတွက် ရှင်းလင်းချက်များ၊ အဖြေများ အပြည့်အစုံပါရှိသည့် စာပိုဒ်တစ်ပိုဒ်စီ ရေးသားဖြေဆို စေပါ။

# အခန်း (၄)

## tESpfsKyfodwSfZ;Gf

- သင်ခန်းစာများကို စတင်မသင်ကြားမီ 'အနှစ်ချုပ် သိမှတ်ဖွယ်' ပါ ရေးသားရှင်းလင်းထားချက်များကို ဦးစွာ ဖတ်ရှုစေပါ။
- အဆိုပါ အကြောင်းအရာများနှင့် ပတ်သက်ပြီး ကျောင်းသားများမှ မေးခွန်းများ မေးမြန်းနိုင်ရန် ပံ့ပိုးပေးပါ။

## oifu;rqdkm&nfeSf;csufrsm;

- 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' တွင် ပါရှိသည့် ရေးသားဖော်ပြထားချက်များကို ကျောင်းသားများ ဖတ်ရှုစေပါ။ နားမလည်သည့် အချက်အလက်များ ရှိပါက ရှင်းလင်းပြသပေးပါ။
- သင်ခန်းစာများကို သင်ကြားပြီးသည့် အခါ၌ အဆိုပါ ရည်မှန်းချက်များကို ထပ်မံဖတ်ရှုစေပြီး ကျောင်းသားများ အနေဖြင့် ဖော်ပြပါ 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' ပြည့်မီမှုရှိ၊ မရှိ ဆန်းစစ် သုံးသပ်စေပါ။

# အခန်း (၄) ပညာရေး

## ၄.၁ ပညာရေးဆိုင်ရာ မညီမျှမှုများ

က။ ဖော်ပြပါ အဆိုအမိန့်ကို ကျောင်းသားများ ဖတ်ရှုစေပါ။ အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ ယောကျ်ားကလေးများအနေဖြင့် မိမိတို့ ရရှိထားသော ပညာများကို ကိုယ့်ဘဝအတွက်သာ အသုံးချတတ်ကြသော်လည်း၊ မိန်းကလေးများကို ပညာသင်ကြားစေခြင်းဖြင့် သူ၏ ရင်သွေးငယ်များ၊ မိသားစုဝင်များ၊ ဆွေမျိုးများ အတွက်ပါ ပညာဖြန့်ဝေပေးရာ ရောက်ပေသည်။

- ထိုစကားပုံမှာ အာဖရိကမှ အဆိုအမိန့်တစ်ရပ်ဖြစ်ပြီး မြန်မာ့လူ့အဖွဲ့အစည်းနှင့် ကိုက်ညီမှုရှိ၊ မရှိ သုံးသပ်ပေးပါ။ ထိုအဆိုအမိန့်ပါ အယူအဆများကို ကျောင်းသားများ လက်ခံသဘောတူမှုရှိ၊ မရှိ မေးမြန်းပေးပါ။ အဖွဲ့များအနေဖြင့် ၄င်းတို့၏ အမြင်များကို မျှဝေစေပါ။

ခ။ ကျောင်းသားများအား ဖော်ပြပါ မေးခွန်းတို့ကို ဖြေဆိုစေပါ။ ထိုဖြေဆိုချက်များကို ရှင်းလင်းဆွေးနွေးပေးပြီး ကျောင်းသားတို့၏ တွေးမြင်ယူဆချက်များကို သင်ပုန်းပေါ်တွင် ဖော်ပြပေးပါ။

၈။ ဖော်ပြပါ စာပိုဒ်ကိုဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

**နီးစပ်သော အဖြေများ (၁-၃)**

၁။ အမျိုးသမီးတို့၏ စာတတ်မြောက်မှုနှုန်းမှာ နိမ့်ကျလျက်ရှိသည်။

၂။ လူငယ်လူရွယ်များ၏ စာတတ်မြောက်မှုနှုန်းထားကများပြားလျက်ရှိသည်။ အဆိုပါ အချက်က စာတတ်မြောက် မှုနှုန်းများ ဖွံ့ဖြိုးအားကောင်းလျက်ရှိကြောင်း ထပ်ဟပ်နေပြီး အနာဂတ်တွင် 'ပညာမတတ်မြောက်၊ မရရှိနိုင်မှုများ' လျော့ကျလာမည်ကို ပြသနေသည့် လက္ခဏာတစ်ရပ်လည်း ဖြစ်သည်။

၃။ ကျောင်းသားအများစုမှာ အခြေခံမူလတန်း ပညာရေးပြီးဆုံးသည်နှင့် ပညာသင်ကြားမှုကို ရပ်တန့်တတ်ကြပြီး မိသားစု စားဝတ်နေရေးအတွက် အလုပ်ခွင်သို့ ဝင်တတ်ကြသည်။ အချို့သော ဒေသများတွင် အလယ်တန်း၊ အထက်တန်းကျောင်းများ ဖွင့်လှစ်ထားရှိနိုင်မှု မရှိခြင်းသည်လည်း ကျောင်းဆက်လက် မတက်ရောက်နိုင်ခြင်း၏ အကြောင်းရင်း တစ်ရပ်ဖြစ်သည်။

၄။ မေးခွန်း (၄) ကို လုပ်ဆောင်ရန်အတွက် အဖွဲ့များ ဖွဲ့ပေးပါ။ ကျောင်းသားများ ဆက်လက်ပညာ မသင်ကြားနိုင်ရခြင်း အကြောင်းအရင်း၊ ကျောင်းသူများ ပညာဆက်လက် မသင်ကြားနိုင်ရခြင်း အကြောင်းအရင်းနှင့် အုပ်စု (၂) ရပ်လုံးနှင့် သက်ဆိုင်သည့် အကြောင်းအရင်းတို့ကို ဆွေးနွေးဖော်ထုတ်ပြီး ဇယားတစ်ရပ် ရေးဆွဲစေပါ။ ကျောင်းသားတို့၏ ပြုစုထားချက်များကို မေးမြန်းပေးပြီး သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။ ပညာဆက်လက် မသင်ကြားနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မည်သို့သော လုပ်ငန်းခွင်တွင် ဝင်ရောက် လုပ်ကိုင်တတ်ကြသည်ကို ဆွေးနွေးမေးမြန်းပေးပါ။

ဃ။ ဖော်ပြပါ ဇယားကို ကြည့်ရှုသုံးသပ်ပြီး မည်သည်တို့ လေ့လာသိရှိရသည်ကို တင်ပြစေပါ။

**အဖြေ –**

အာရှနိုင်ငံအချို့ရှိ အမျိုးသား၊ အမျိုးသမီးတို့၏ ပညာ သင်ကြားတတ်မြောက်မှု အခြေအနေများကို ဖော်ပြလျက် ရှိသည်။

င။ ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ အချို့သော အာရှနိုင်ငံများရှိ စာတတ်မြောက်မှုနှုန်းမှာ မြင့်မားလျက်ရှိသည်ကို တွေ့ရသည်။ အချို့သော တိုင်းပြည်တို့တွင်မူ လိင်သတ်မှတ်ချက်ကြောင့် လူမှုကွဲပြားမှုများအရ အမျိုးသား၊ အမျိုးသမီးတို့အကြား ပညာသင်ကြားနိုင်မှု အခြေအနေများ လွန်စွာ ခြားနားလျက်ရှိသည်ကိုလည်း လေ့လာသိရှိရသည်။ အထူးသဖြင့် အမျိုးသားတို့၏ ပညာသင်ကြားနိုင်ခွင့် က အမျိုးသမီးတို့ထက် သာလွန်လျက် ရှိကြောင်း တွေ့ရပေသည်။

၂။ ဇယားပါ ကိန်းဂဏန်းများသည် ရာနှုန်းပြည့် စိတ်ချ ရသည့် အညွှန်းကိန်းများ ဖြစ်သည်ဟု မဆိုနိုင်ချေ။ အချို့သော နိုင်ငံများ (ဥပမာ – မြန်မာ) တွင် စာရင်းဇယားများ ကောက်ယူရာ၌ အခက်အခဲရှိနိုင်ပြီး ဒေသအချို့တို့မှ အချက်အလက်များ ကို ချန်လှပ်ထား နိုင်သည်။

၃။ လူ့အဖွဲ့အစည်းအချို့တွင် ပညာ၏တန်ဖိုးကို လေးစား အသိအမှတ်ပြုကြသော်လည်း အချို့သော ယဉ်ကျေးမှု များတွင်မူ အမျိုးသား၊ အမျိုးသမီးတို့ ပညာသင်ကြား မှုနှင့် ပတ်သက်၍ ကွဲပြားစွာ ရှုမြင်တတ်ကြသည်။ ထို့အပြင် ပညာရေးအတွက် ထောက်ပံ့ပေးရာတွင်လည်း တူမျှသော အကျိုးခံစားခွင့်များ မရရှိနိုင်ကြသည်ကို တွေ့ရပေသည်။

စ။ ဖော်ပြပါ အဆိုကို ကြည့်ရှုသုံးသပ်ပြီး မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုစေပါ။

ဆ။ အဖွဲ့များ ဖွဲ့ပေးပါ။ မည်သို့သော အကြောင်းများကြောင့် အချို့သော မိန်းကလေးငယ်များ၊ အချို့သော ယောကျ်ားလေးငယ်များ ပညာဆက်လက် မသင်ကြားနိုင်ကြရသည်ကို ဆွေးနွေးဖော်ထုတ်စေပြီး ဇယားတစ်ရပ်ရေးဆွဲရန် တိုက်တွန်းပါ။ ကျောင်းသားတို့၏ ပြုစုထားချက်များကို မေးမြန်းပေးပြီး သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

- ပညာဆက်လက် မသင်ကြားနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မည်သို့သော လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်တတ်ကြသည်ကို ဆွေးနွေးမေးမြန်းပေးပါ။

**နီးစပ်သော အဖြေများ**

ယောကျ်ားငယ်လေးများ ကျောင်းထွက်၍ ဝင်ရောက်လုပ်ကိုင်တတ်သည့် လုပ်ငန်းခွင်များ – လက်ဖက်ရည်ဆိုင်များ၊ ဆောက်လုပ်ရေး လုပ်ငန်းများ။

ယောကျ်ားငယ်လေးများရော မိန်းကလေးငယ်လေးများပါ ကျောင်းထွက်၍ ဝင်ရောက်လုပ်ကိုင်တတ်သည့် လုပ်ငန်းခွင်များ – အမှိုက်ကောက်၊ ဈေးဆိုင်ဝန်ထမ်း။

မိန်းကလေးငယ်လေးများ ကျောင်းထွက်၍ ဝင်ရောက်လုပ်ကိုင်တတ်သည့် လုပ်ငန်းခွင်များ – စက်ရုံများ၊ လိင်လုပ်ငန်းများ၊ အိမ်အကူ၊ ကလေးထိန်း။

ဇ။ ကျောင်းသားများအား ဖော်ပြပါ ဇယားကို ကြည့်ရှုသုံးသပ်ပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၂။ စာတတ်မြောက်မှုနှုန်းထားများသည် အာရှနိုင်ငံအချို့တို့တွင် သိသိသာသာ မြင့်မားလျက်ရှိသည်ကို လေ့လာသိရှိရသည်။ အချို့သော တိုင်းပြည်တို့တွင်မူ လိင်သတ်မှတ်ချက်ကြောင့် လူမှုကွဲပြားမှုများအရ အမျိုးသား၊ အမျိုးသမီးတို့အကြား ပညာသင်ကြားနိုင်မှု အခြေအနေများ လွန်စွာခြားနားလျက်ရှိသည်ကိုလည်း တွေ့ရှိရပေသည်။ စာရင်းဇယားပါ အချက်များအရ ယေဘုယျအားဖြင့် အမျိုးသားတို့၏ ပညာသင်ကြားနိုင်ခွင့်က အမျိုးသမီးတို့ထက် သာလွန်လျက် ရှိနေသည်ကို တွေ့နိုင်ပေသည်။

၃။ အချို့သော ယဉ်ကျေးမှုများတွင် ပညာကို မြတ်နိုးတန်ဖိုးထားတတ်ကြသော်လည်း အချို့ကမူ အမျိုးသား၊ အမျိုးသမီးတို့ ပညာသင်ကြားမှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ခွဲခြားမှုများရှိသည်ကို တွေ့ရှိရပေသည်။ ထို့အပြင် ပညာရေးဆိုင်ရာ ပံ့ပိုးမှု ပုံစံများသည်လည်း ဒေသတစ်ခုနှင့် တစ်ခု၊ နိုင်ငံတစ်ခုနှင့် တစ်ခုအကြား ကွဲပြားမှုများ ရှိနေသည်ကို တွေ့ရသည်။

# ၄.၂ ကျောင်းသားအခြေပြု ပညာရေး၊ ကျောင်းသူအခြေပြု ပညာရေး

က။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အထက်တန်း၊ အလယ်တန်း၊ မူလတန်းစသော ကျောင်းပညာရေး အဆင့်ဆင့်၌ ကျောင်းသားကျောင်းသူတို့ ကြုံတွေ့ရနိုင်သည့် အခက်အခဲများကို ဆွေးနွေးစေပါ။

ခ။ စာမျက်နှာ (၃၉) နှင့် (၄၀) တို့ပါ စာပိုဒ်များကို ကျောင်းသားများ ဖတ်ရှုစေပါ။ စာပိုဒ်ပါ အကြောင်းအရာတို့ကို အခြေခံပြီး ဖော်ပြပါ ဇယား၏ သက်ဆိုင်ရာ နေရာတွင် ဖြည့်စွက်ပေးပါ။ ဖြည့်စွက်ချက်များကို သင်ပုန်းပေါ်တွင် ရေးချပြပါ

**နီးစပ်သော အဖြေများ**

**ကျောင်းသူဖြစ်ရခြင်း၏ အားသာချက်** – အများစုမှာ ဆရာမများဖြစ်၍ ကျောင်းသူတို့အပေါ် အလိုလိုက်တတ်ခြင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ကျောင်းသူများက ရလဒ်ကောင်းများ ပိုင်ဆိုင်နိုင်ခြင်း။

**ကျောင်းသူတစ်ဦး ကြုံတွေ့နိုင်သည့် အခက်အခဲများ**– အချို့သော ဆရာ၊ ဆရာမများက ကျောင်းသူတို့သည် ကျောင်းသားများထက် ဉာဏ်ရည်နိမ့်သည်ဟု မှတ်ယူထားခြင်း၊ ချိုးနှိမ်တတ်ခြင်း၊ ကျောင်းသားများ ကစားနေချိန်တွင် ကျောင်းသူတို့မှာ သန့်ရှင်းရေးလုပ်ရခြင်း၊ ကျောင်းသားတို့ကို ရှို့ကြောက်ရခြင်း၊ ဆရာများက အလေးမပေးတတ်ခြင်း၊ လော်ပြောင်ကဲ့ရဲ့ ခံရတတ်ခြင်း။

**ကျောင်းသားဖြစ်ရခြင်း၏ အားသာချက်များ** – ကစားချိန်၊ နားချိန် ပိုမို ရရှိတတ်ခြင်း၊ ကျောင်းတွင် ဆူပူသောင်းကြမ်းသော်လည်း အပြစ်မှ လွယ်လွယ်ကူကူ လွတ်ခွင့်ရခြင်း၊ လက်တွေ့လုပ်ငန်းများကို လွတ်လွတ်လပ်လပ် သင်ကြားခွင့်ရခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျောင်းသားများသည် ရလဒ်ကောင်းများ ပိုင်ဆိုင်တတ်ခြင်း။

**ကျောင်းသားတစ်ဦး ကြုံတွေ့နိုင်သည့် အခက်အခဲများ** – ဆရာ၊ ဆရာမများ၏ ဆူပူကြိမ်းမောင်းမှုကို ခံရနိုင်ခြင်း။

ဂ။ အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်း (ခ) တွင် ပြုလုပ်ခဲ့သည့် ကမ္ဘာတစ်ဝှမ်းမှ ‘ကျောင်းသား၊ ကျောင်းသူတစ်ဦး ဖြစ်ရခြင်း၏ အကောင်းအဆိုး’ ဆိုင်ရာ နှိုင်းယှဉ်တင်ပြထားချက်များက ကျောင်းသားတို့၏ ပတ်ဝန်းကျင်ရှိ အခြေအနေများနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဆွေးနွေးစေပါ။

ဃ။ အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၃။ ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားမှုများ၊ လိင်ပိုင်းဆိုင်ရာ လူမှုရေးအရ ခွဲခြားမှုများနှင့် အမြင်ကျဉ်းမှုများ၊ ကျောင်းသူ၊ ကျောင်းသားတို့ သင်ကြားနေသည့် ပညာရေးစနစ်တစ်ရပ်လုံး၏ အရည်အသွေးပိုင်းဆိုင်ရာ ခြားနားမှုများ။

၄။ ကျောင်းသူတို့ကို အရေးမပေးခြင်းက သူတို့၏ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ကို ချိုးနှိမ်စေပြီး ထိုစိတ်နေသဘောထားသည် မိမိတို့သားသမီးများဆီသို့ ဆိုးမွေအဖြစ် ရောက်သွားစေနိုင်ပါသည်။ လူညွန့်တုံးစေနိုင်ပေသည်။ ကျောင်းသားတို့အပေါ် အလေးပေးလွန်းခြင်းကလည်း ကျောင်းသားတို့တွင် အောက်ခြေလွတ် အထင်ကြီးစိတ်များ ပေါ်ပေါက်စေနိုင်ပြီး အမျိုးသမီးများအပေါ် ဖိနှိပ်တတ်သည့် စရိုက်ဆိုးများကို မိမိတို့၏ အနာဂတ် မျိုးဆက်ဆီသို့ မွေးဖွား ဖြစ်ထွန်းစေနိုင်ပေသည်။ တစ်ဖက်ကကြည့်လျှင်လည်း ကျောင်းသူများကို အလိုလိုက်ပြီး ကျောင်းသားတို့ကို လူဆိုးလေးများ အဖြစ် သတ်မှတ်ထားခြင်းက ကျောင်းသားတို့၏ အကျင့်စရိုက်တို့ကို ပိုမို ဆိုးရွားစေနိုင်ပေသည်။

င။ ဖော်ပြပါ စာပိုဒ်တို့ကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုစေပါ။

စ။ စာပိုဒ်တွင် ပါရှိသည့် လူငယ်များအတွက် ပညာဆက်လက် သင်ကြားနိုင်ကြစေရန် မည်သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ကို ဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

ညကျောင်းများ၊ ကျောင်းပြင်ပသင်တန်းများ၊ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ၏ အကူအညီဖြင့် အရွယ်ရောက်ပြီးသူများအတွက် အချိန်ပိုင်း သင်ကြားနိုင်စေရန် စီစဉ် ဆောင်ရွက်ပေးနိုင်သည်။ ကျောင်းပညာရေးကို ကလေးငယ်များ၊ လူငယ်လူရွယ်များ အတွက်သာ စီမံဖန်တီးထားခြင်း ငယ်စဉ်က ပညာ မသင်ကြားနိုင်ခဲ့ကြသည့် အသက်ကြီးပိုင်းများ၊ အရွယ်ရောက်ပြီး သူများ၏ ပညာရယူရေးတွင် အဟန့်အတားတစ်ရပ်အဖြစ် တည်ရှိနေနိုင်သည်။

# ၄.၃ တက္ကသိုလ်ပညာရေး

က။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ မေးခွန်းများကို ဆွေးနွေးဖြေဆိုစေပါ။ ကျောင်းသားတို့၏ တွေးမြင်ယူဆချက်များကို မေးမြန်းပေးပြီး သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

ခ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်း (က) တွင် ဖြေဆိုထားချက်များနှင့် တိုက်ဆိုင် စစ်ဆေးစေပါ။ ထို့နောက် ကျောင်းသားတို့၏ လူမှုပတ်ဝန်းကျင်နှင့် နှိုင်းယှဉ် သုံးသပ်ခိုင်းပါ။

ဂ။ ကျောင်းသားများအား မေးခွန်းတို့ကို ဖြေဆိုစေပါ။ ထို့နောက် ကျောင်းသားတို့၏ ဖြေဆိုချက်များကို ဆွေးနွေးမေးမြန်းပေးပါ။

ဃ။ ဖော်ပြပါ ကာတွန်းရုပ်ပုံကို ကြည့်ရှုသုံးသပ်ပြီး ဆိုလိုရင်းကို ဖော်ထုတ်စေပါ။

**နီးစပ်သော အဖြေများ**

ကျောင်းသားတစ်ဦးအနေဖြင့် သင်္ချာဘာသာရပ်တွင် ညံ့ဖျင်းပါက ထိုကျောင်းသားကိုသာ အပြစ်တင်တတ်ကြသည်။ အကယ်၍ ထိုနေရာတွင် ကျောင်းသူတစ်ဦး ဆိုပါက ကျောင်းသူတိုင်း သင်္ချာဘာသာရပ်တွင် ညံ့ဖျင်းသည်ဟု ကောက်ချက်ချတတ်သည်ကို တွေ့ရပေသည်။

# အခန်း (၄) ပြန်လည်သုံးသပ်ခြင်း

က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်ပြီး သက်ဆိုင်ရာ မေးခွန်းများကို ဆွေးနွေး အဖြေရှာစေပါ။ ထိုသို့ ဖြေဆိုရာတွင် မေးခွန်းတစ်ခုစီအတွက် အတန်းဖော် ကျောင်းသားတစ်ဦးစီနှင့် ပြောင်းလဲ လုပ်ဆောင်စေနိုင်သည်။

ခ။ ဖော်ပြပါ ဝေါဟာရများအတွက် သင်ခန်းစာပါ အကြောင်းအရာများအား အခြေခံလျက် ကျောင်းသားတို့၏ ကိုယ်ပိုင်ဖွင့်ဆိုချက်များ ပြုစုပေးရမည် ဖြစ်သည်။ ထိုသို့ ပြုစုရာတွင် အဘိဓာန်ပါ ဖွင့်ဆိုချက်များ ထည့်သွင်း အသုံးမပြုကြစေရန် ကြပ်မတ်ပေးရမည် ဖြစ်သည်။

ဂ။ မေးခွန်းတစ်ရပ်စီအတွက် ရှင်းလင်းချက်များ၊ အဖြေများ အပြည့်အစုံပါရှိသည့် စာပိုဒ်တစ်ပိုဒ်စီ ရေးသားဖြေဆိုစေပါ။

# အခန်း (၅)

## tEpSsKyfodSz,Gf

- သင်ခန်းစာများကို စတင်မသင်ကြားမီ 'အနှစ်ချုပ် သိမှတ်ဖွယ်' ပါ ရေးသား ရှင်းလင်းထားချက်များကို ဦးစွာ ဖတ်ရှုစေပါ။
- အဆိုပါ အကြောင်းအရာများကို လေ့လာသိရှိထားမှုရှိ၊ မရှိ စစ်ဆေး မေးမြန်းပေးပါ။

## oiMfum;rqktm &nfeSpfcsufsm;

- 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' တွင် ပါရှိသည့် ရေးသားဖော်ပြထားချက်များကို ကျောင်းသားများ ဖတ်ရှုစေပါ။ နားမလည်သည့် အချက်အလက်များ ရှိပါက ရှင်းလင်းပြသပေးပါ။
- သင်ခန်းစာများကို သင်ကြားပြီးသည့် အခါ၌ အဆိုပါ ရည်မှန်းချက်များကို ထပ်မံဖတ်ရှုစေပြီး ကျောင်းသားများ အနေဖြင့် ဖော်ပြပါ 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' ပြည့်မီမှုရှိ၊ မရှိ ဆန်းစစ်သုံးသပ်စေပါ။

# အခန်း (၅) ကိုးကွယ်ယုံကြည်မှု

## ၅.၁ ကိုးကွယ်မှုနှင့် အမျိုးသား အမျိုးသမီးဆိုင်ရာ လူမှုကဏ္ဍာ

က။ အဖွဲ့များ ဖွဲ့ပေးပါ။ ကာတွန်းရုပ်ပုံကို ကြည့်ရှုသုံးသပ်၍ မေးခွန်းကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

ဖော်ပြပါ ကာတွန်းပုံတွင် ခရစ်ယာန် သီလရှင်တစ်ပါး (ဘယ်) နှင့် အစ္စလာမ်ဘာသာဝင် အမျိုးသမီး (ညာ) တို့ ပါဝင်သည်။ ခရစ်ယာန်သီလရှင်များအနေဖြင့် ခရစ်တော်၏ အရိပ်အာဝါသတွင် ခိုလှုံပြီးဖြစ်ကြောင်း ပြသသည့်အနေဖြင့် တူညီဝတ်စုံကို ဝတ်ရုံကြသည်။ တစ်ချို့ကလည်း ထိုကဲ့သို့ လုံလုံခြုံခြုံ ဝတ်ဆင်ခြင်းမှာ အမျိုးသားများ၏ အာရုံမှ ကင်းဝေးလို၍ဖြစ်ကြောင်း ဆိုကြသည်။ မွတ်ဆလင် အမျိုးသမီးများ အနေဖြင့်လည်း တူညီသော အကြောင်းပြချက်ကြောင့်ပင်လျှင် ပုံတွင်ပြသထားသည့်အတိုင်း လုံခြုံစွာ ဝတ်ဆင်တတ်ကြသည်။

ထိုကဲ့သို့ ဝတ်ဆင်ကြရာတွင် အဓိပ္ပာယ်ဖော်ဆောင်မှု အမျိုးမျိုးဖြင့် ဝတ်ဆင်ကြသည်ကို တွေ့ရသည်။ အချို့ အသိုင်းအဝိုင်းတို့တွင် အမျိုးသမီးများကို ကိုယ်လုံးပြည့် လုံခြုံမှုရှိစွာ ဝတ်ဆင်ကြရန် သတ်မှတ်တတ်ကြပြီး အချို့တွင်မူ မည်သို့သော သတ်မှတ်ချက်မှ မထားရှိသည်ကိုလည်း တွေ့နိုင်ပေသည်။

ဘာသာတရားတစ်ရပ်ရပ်၏ လူ့အဖွဲ့အစည်းတိုင်းတွင် ယုံကြည်မှု ထက်သန်လွန်းသူတို့နှင့် လွတ်လပ်စွာ ပြုမူကျင့်ကြံလိုသူဟူ၍ ရှိတတ်ကြပြီး ယုံကြည်မှု အားကောင်းသူ အများစုတို့က အမျိုးသမီးများ လုံလုံခြုံခြုံ ဝတ်ဆင်ကြရန် တိုက်တွန်းတတ်ကြသည်။

ခ။ ဤလေ့ကျင့်ခန်းကို လုပ်ဆောင်စေရာတွင် မတူညီသော ဘာသာအယူဝါဒရှိသည့် ကျောင်းသားများကို စုပေါင်းဆောင်ရွက်စေသင့်သည်။ အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ ဇယားကို ဖြည့်စွက်စေပါ။ ထိုကဲ့သို့ ဖြေဆိုရာတွင် ဘာသာတရားတစ်ခုအတွက် တစ်သီးပုဂ္ဂလ အမြင်များထက် ယေဘုယျ ခြုံငုံသုံးသပ်ချက်တို့ကိုသာ ပါဝင်စေပါ။ အချို့သော ဘာသာတရားများ အတွင်းတွင်ပင် ကျင့်သုံးလိုက်နာမှုများ မတူညီနိုင်ကြသည်ကို သတိပေးပြောပြထားပါ။ ဥပမာ –ခရစ်ယာန်သီလရှင်များ 'အားလုံး' ပုဝါစခြုံ၍ ဦးခေါင်းကို လုံလုံခြုံခြုံ ဝတ်ရုံထားကြသည်ဟု ဆိုမည့်အစား ခရစ်ယာန်သီလရှင် 'အချို့' ဟုသာ သုံးနှုန်းသင့်သည်။ သင်ပုန်းပေါ်တွင် ဇယားတစ်ရပ်ဖန်တီးပေးပြီး ကျောင်းသားတို့၏အမြင်များကို အခြေခံလျက် ဆွေးနွေးဖြေဆိုစေပါ။

ဂ။ ဤလေ့ကျင့်ခန်းကို လုပ်ဆောင်စေရာတွင် ကိုးကွယ်သော ဘာသာတရားတူညီသည့် ကျောင်းသားများကို စုပေါင်း ဆောင်ရွက်စေသင့်သည်။ အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်း များကို ဖြေဆိုစေပါ။ ကျောင်းသားတို့၏ ဖြေဆိုချက် များကို ဆွေးနွေးမေးမြန်းပေးပါ။

ဃ။ ဖော်ပြပါ ပြောဆိုချက်တို့ကို လေ့လာသုံးသပ်ပြီး မည်သည့် ပြောဆိုချက်က မည်သည့် ကိုးကွယ်ယုံကြည်မှုကို ကိုယ်စား ပြုနေသည်ကို ဆွေးနွေးစေပါ။

**အဖြေများ**

| | | |
|---|---|---|
| ဗုဒ္ဓဘာသာ | – | က၊ စ၊ ည။ |
| ခရစ်ယာန်ဘာသာ | – | ခ၊ င။ |
| အစ္စလာမ်ဘာသာ | – | ဂ၊ ဈ။ |
| ဟိန္ဒူဘာသာ | – | ဃ၊ ဇ။ |
| ဆစ်ခ် (Sikh)ဘာသာ | – | ဆ။ |

င။ အဖွဲ့များ ဖွဲ့ပေးပြီး ခေါင်းစဉ်တစ်ခုချင်းစီအတွက် ဖော်ပြပါ ပြောဆိုချက်များထဲမှ အတွေးအမြင် အယူအဆ တို့ကို ရေးသား ဖော်ပြစေပါ။

**နီးစပ်သော အဖြေများ**

**လူမှုရေးဆိုင်ရာ အမြင်များ**

(က) ကံ၊ ကံ၏ အကျိုးကြောင့် အမျိုးသမီးဘဝဖြစ်ရကြောင်း လက်ခံထားတတ်ကြသည်။

(က) ရှေးယခင်ခေတ် ကာလက မိသားစုများသည် သားယောက်ျားလေးကိုသာ အလိုရှိတတ်ကြသည်။

(က) ယခုခေတ်အခါတွင် အမျိုးသမီးများမှာ အမျိုးသားများ နှင့် ရင်ဘောင်တန်းလာနိုင်သည်။

(ခ) ဘာသာတရားများတွင် အမျိုးသား၊ အမျိုးသမီးတိုင်း ကို တန်းတူသတ်မှတ်ထားသော်လည်း လူ့အဖွဲ့အစည်း အနေဖြင့် ဆန့်ကျင်ဘက် ပြုမူလျက်ရှိသည်။

(ဂ) အချို့သော လူ့အဖွဲ့အစည်းများတွင် အမျိုးသမီး ဆိုင်ရာ အခန်းကဏ္ဍများ မြှင့်တင်ပေးနိုင်ရေးအတွက် ဘာသာတရားအခြေခံလျက် ဖော်ဆောင်ပေးလျက် ရှိသည်။

(ဃ) ကျူးကျော်နယ်ချဲ့မှုများကြောင့် အမျိုးသား၊ အမျိုးသမီးဆိုင်ရာ လူမှုကဏ္ဍများနှင့် ကိုးကွယ် ယုံကြည်မှုများ အပေါ်တွင် ဆိုးရွားစွာ သက်ရောက်မှု ရှိခဲ့သည်။

**ခေါင်းဆောင်မှု**

(င) ခေါင်းဆောင်မှု တာဝန်အများစုကို အမျိုးသားများက သာ ကြီးစိုးထားသည်။

(င) ခေါင်းဆောင်အမျိုးသားများအနေဖြင့် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးတို့၏ လိုအပ်ချက် များကို ဖြည့်ဆည်းပေးရာ၌ အခက်အခဲရှိနိုင်သည်။

(စ) ဘာသာတရားတွင် မဖော်ပြထားသော်လည်း ထိုဘာသာကို ကျင့်သုံးကြသူများက လွဲမှားစွာ ပြုကျင့် တတ်ကြသည်။

(ဆ) အမျိုးသမီးများအနေဖြင့် ဘာသာတရားတွင် လိုက်နာ ကျင့်ကြံမှုများ လျော့နည်းလာခြင်းက အမျိုးသားများ သာ လွှမ်းမိုးလျက်ရှိသော ဘာသာတရားအဖြစ် ထင်မြင်စေနိုင်သည်။

**ဘာသာအယူဝါဒမှ သင်ပြမှု**

(ဇ) လူ့အဖွဲ့အစည်းအတွင်း အမျိုးသား၊ အမျိုးသမီး ဆိုင်ရာ အခန်းကဏ္ဍများ မျှတစနစ်ကျမှု မရှိပါက ထိုလူ့အဖွဲ့အစည်းတစ်ရပ် ရှင်သန် အသက်ဝင်ရေးတွင် အနှောင့်အယှက် ရှိနိုင်သည်။

(ဈ) အမျိုးသား၊ အမျိုးသမီးများမှာ တန်းတူအခွင့်အရေးများ ရရှိပိုင်ဆိုင်သင့်သည်မှာ မှန်သော်လည်း ကွဲပြားသော လူမှုတာဝန်များ ထမ်းဆောင်ကြရမည် ဖြစ်သည်။

(ဈ) အမျိုးသမီးများအနေဖြင့် အမှီအခိုကင်းကင်း လွတ်လွတ် လပ်လပ် နေထိုင်ပိုင်ခွင့် ရှိကြပေသည်။ တစ်ဖက်က လည်း အမျိုးသားများအနေဖြင့် အမျိုးသမီးတို့အပေါ် ကာကွယ် စောင့်ရှောက်ကြရပေမည်။

(ည) ဘာသာသဘောတရားများ အနေဖြင့် ခေတ်စနစ်၏ အပြောင်းအလဲများနှင့် လူ့အဖွဲ့အစည်းတို့၏ အခြေအနေ အရပ်ရပ်တို့ကို လိုက်လျောညီထွေ ရှိရမည်။

စ။ စာပိုဒ်အသီးသီးတွင် ဖော်ပြပါ ရှိသည့် အယူအဆများသည် ကျောင်းသားတို့ ယုံကြည်ကိုးကွယ်သည့် ဘာသာတရားတို့၏ အခြေအနေများကို လိုက်လျောညီထွေမှုရှိ၊ မရှိ ဆန်းစစ်စေပါ။ ထိုဘာသာတရားတို့တွင် တွေ့ရှိရသည့် Gender ဆိုင်ရာ လူမှုကဏ္ဍများနှင့် ပတ်သက်၍ တူညီမှုရှိသည့် အတွေးအခေါ်များအကြောင်း ဆွေးနွေးဖော်ပြစေပါ။

ဆ။ ကျောင်းသားတို့ လေ့လာသိရှိဖူးသည့် ဘာသာတရားတို့ကို အခြေခံပြီး အမျိုးသား၊ အမျိုးသမီးဆိုင်ရာ အခန်းကဏ္ဍများနှင့် ပတ်သက်၍ ဖော်ပြရန်ရှိပါက ဇယားတွင် ဖြည့်စွက်ပါ။

- ထိုပြုစုထားချက်များကို စာသင်ခန်းနံရံတွင် ချိတ်ဆွဲဖော်ပြစေပြီး လှည့်လည်ကြည့်ရှု စေနိုင်သည်။

# ၅.၂ ဘာသာမဲ့ခြင်းနှင့် Gender

က။ ဘာသာအယူဝါဒ ကိုးကွယ်မှုမရှိသူများ အကြောင်းကို ဆွေးနွေးစေပါ။ ကမ္ဘာ့အရပ်ရပ်တွင် မွတ်ဆလင်၊ ခရစ်ယာန်၊ ဗုဒ္ဓဘာသာ ကိုးကွယ်သူရာခိုင်နှုန်း မည်မျှရှိ၍ 'ဘာသာမဲ့' ရာခိုင်နှုန်း မည်မျှရှိသည်ကို တွက်ထုတ်စေပါ။

**အဖြေများ**

| | | |
|---|---|---|
| ခရစ်ယာန်ဘာသာဝင် | – | (၃၃.၄) ရာခိုင်နှုန်း |
| မွတ်ဆလင်ဘာသာဝင် | – | (၂၂.၇) ရာခိုင်နှုန်း |
| ဗုဒ္ဓဘာသာဝင် | – | (၆.၈) ရာခိုင်နှုန်း |
| ဘာသာမဲ့ | – | (၁၁.၇) ရာခိုင်နှုန်း |

(Source: CIA Factbook)

ခ။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ 'ဘာသာမဲ့' ပေါများသည့် နိုင်ငံများသည် လူသားအချင်းချင်းကြား တန်းတူညီမျှမှု အမြင့်မားဆုံးဖြစ်နေသည်ကို တွေ့ရှိရပြီး ဘာသာအယူဝါဒ ပြင်းထန်သည့် တိုင်းပြည်များတွင် ဖိနှိပ်မှုများ များပြားလျက်ရှိသည်ကို လေ့လာတွေ့ရှိရပေသည်။

## ၅.၃ ဘာသာရေးနှင့် တန်းတူညီမျှမှု

က။ ဖော်ပြပါ အဆိုအမိန့်တို့ကို ဖတ်ရှုသုံးသပ်စေပါ။ အဖွဲ့များ ဖွဲ့ပေးပြီး ကျောင်းသားတို့ လက်ခံယုံကြည်ထားသည့် အယူအဆများနှင့် ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်စေပါ။

ခ။ ဤလေ့ကျင့်ခန်းကို လုပ်ဆောင်စေရာတွင် ကိုးကွယ်သော ဘာသာတရားတူညီသည့် ကျောင်းသားများကို စုပေါင်း ဆောင်ရွက်စေသင့်သည်။ အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းတို့ ကို ဖြေဆိုစေပါ။

ဂ။ ဤလေ့ကျင့်ခန်းကို လုပ်ဆောင်စေရာတွင် ကိုးကွယ်သော ဘာသာတရားတူညီသည့် ကျောင်းသားများကို စုပေါင်း ဆောင်ရွက်စေသင့်သည်။ အဖွဲ့များ ဖွဲ့ပေးပါ။ ထို့နောက် ဘာသာရေးဆိုင်ရာအမြင်နှင့် အမျိုးသား၊ အမျိုးသမီး ဆိုင်ရာ တန်းတူအခွင့်အရေးတို့အကြား ဆက်နွှယ်မှုပြ အဆိုများကို ပြုစု ရေးသားစေပါ။

ဃ။ ဘာသာရေးခေါင်းဆောင်တစ်ဦးဦးအား တွေ့ဆုံ မေးမြန်း ပြီး အမျိုးသား၊ အမျိုးသမီးဆိုင်ရာ တန်းတူညီမျှမှုအပေါ် အမြင်များကို မေးမြန်း ဆွေးနွေးစေပါ။ ပြီးနောက် မေးခွန်း (ဂ) တွင် ပြုလုပ်ခဲ့သည့် ကျောင်းသားတို့၏ အဆိုများနှင့် နှိုင်းယှဉ် သုံးသပ်ပြီး တင်ပြရှင်းလင်းစေပါ။

သို့မဟုတ်

ဘာသာရေးဆိုင်ရာ ကျမ်းတစ်ရပ်အပေါ် အခြေခံပြီး အမျိုးသား၊ အမျိုးသမီးဆိုင်ရာ အခန်းကဏ္ဍများ၊ တန်းတူ ညီမျှမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မည်သို့ ဖော်ပြပါ ရှိသည်ကို လေ့လာစေပါ။ ထို့နောက် အဆိုပါ လေ့လာတွေ့ရှိချက်များကို အခြားကျောင်းသားများထံ တင်ပြ ဆွေးနွေးစေပါ။

# အခန်း (၅) ပြန်လည်သုံးသပ်ခြင်း

က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်ပြီး သက်ဆိုင်ရာ မေးခွန်းများ ကို ဆွေးနွေးအဖြေရှာစေပါ။ ထိုသို့ ဖြေဆိုရာတွင် မေးခွန်း တစ်ခုစီအတွက် အတန်းဖော်ကျောင်းသားတစ်ဦးစီနှင့် ပြောင်းလဲလုပ်ဆောင်စေနိုင်သည်။

ခ။ ဖော်ပြပါ ဝေါဟာရများအတွက် သင်ခန်းစာပါ အကြောင်း အရာများအား အခြေခံလျက် ကျောင်းသားတို့၏ ကိုယ်ပိုင် ဖွင့်ဆိုချက်များ ပြုစုပေးရမည် ဖြစ်သည်။ ထိုသို့ ပြုစုရာတွင် အဘိဓာန်ပါ ဖွင့်ဆိုချက်များ ထည့်သွင်းအသုံးမပြုကြစေရန် ကြပ်မတ်ပေးရမည် ဖြစ်သည်။

ဂ။ ဖော်ပြပါ မေးခွန်းအတွက် စာစီစာကုံးတစ်ပုဒ် ပြုစုရေးသား စေပါ။ သင့်တော်မည်ထင်ပါက စာသင်ခန်းနံရံတွင် ချိတ်ဆွဲဖော်ပြပေးပြီး မျှဝေကြည့်ရှုစေပါ။

# အခန်း(၆)

## tEpS;yfondSzG;f

- သင်ခန်းစာများကို စတင်မသင်ကြားမီ 'အနှစ်ချုပ်သိမှတ်ဖွယ်' ပါ ရေးသားရှင်းလင်းထားချက်များကို ဦးစွာ ဖတ်ရှုစေပါ။
- အဆိုပါ အကြောင်းအရာများကို လေ့လာ သိရှိထားမှုရှိ၊ မရှိ စစ်ဆေး မေးမြန်းပေးပါ။

## oifum;rqdk&m &nfeS;csufsm;

- 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' တွင် ပါရှိသည့် ရေးသားဖော်ပြထားချက်များကို ကျောင်းသားများ ဖတ်ရှုစေပါ။ နားမလည်သည့် အချက်အလက်များ ရှိပါက ရှင်းလင်းပြသပေးပါ။
- သင်ခန်းစာများကို သင်ကြားပြီးသည့် အခါ၌ အဆိုပါ ရည်မှန်းချက်များကို ထပ်မံဖတ်ရှုစေပြီး ကျောင်းသားများ အနေဖြင့် ဖော်ပြပါ 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' ပြည့်မီမှုရှိ၊ မရှိ ဆန်းစစ် သုံးသပ်စေပါ။

# အခန်း (၆) ခေါင်းဆောင်မှု

## ၆.၁ အမျိုးသား၊ အမျိုးသမီးတို့၏ နိုင်ငံရေးတွင် ပါဝင်မှု

က။ ကျောင်းသားများအား ကမ္ဘာ့နိုင်ငံအသီးသီးရှိ လွှတ်တော် အသီးသီးတွင် တာဝန်ယူဆောင်ရွက်နေသည့် အမျိုးသား ပမာဏအချိုးအစားကို ဆန်းစစ် တွက်ထုတ်ပြီး ချရေးစေပါ။

ခ။ အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါကာတွန်းရုပ်ပုံ၏ ဆိုလိုရင်းကို သုံးသပ်ဆွေးနွေးစေပါ။

**အဖြေ**

အစားအစာများ ထည့်ထားသည့် အိုးကြီးသည် အစိုးရ အတွင်း ပါဝင်မှုကို ကိုယ်စားပြုနေသည်။ အမျိုးသမီးတို့ကို ကိုယ်စားပြုသည့် ဘက်တီအနေဖြင့် အမျိုးသားထုကြီးကို ကိုယ်စားပြုနေသော သူ့အစ်ကိုများကြောင့် စားစရာ (လွှတ်တော်တွင်းနေရာ တစ်နေရာ) မရရှိနိုင်တော့ပုံကို သရုပ်ဖော်ထားသည်။

ဂ။ အဖွဲ့များ ဖွဲ့ပေးပြီး နိုင်ငံရေးတွင် အမျိုးသား၊ အမျိုးသမီး များ ပါဝင်ရာတွင် မျှတမှုရှိကြောင်း ဖော်ပြသည့် ကာတွန်း ရုပ်ပုံတစ်ပုံ ရေးဆွဲစေပါ။

**အဖြေ**

ဘက်တီအနေဖြင့် သူ့အစ်ကိုဖြစ်သူများနှင့် အတူတကွ မျှမျှတတ စားသောက်နေကြသည့် ကာတွန်းပုံမျိုး ရေးဆွဲ ဖော်ပြပေးနိုင်သည်။ ထိုသရုပ်ပုံက အစိုးရအာဏာ ခွဲဝေရာ တွင် အမျိုးသား၊ အမျိုးသမီးများ ညီညီမျှမျှ ရရှိနိုင်ကြောင်း ဖော်ပြနိုင်ပေသည်။

ဃ။ ဖော်ပြပါ အဆိုကို ဖတ်ရှုစေပြီး မေးခွန်း (က) တွင် ဖြေဆိုခဲ့သည်များနှင့် တိုက်ဆိုင် စစ်ဆေးစေပါ။ (၂၀၁၀ ခုနှစ်တွင် လေ့လာချက်များအရ ၈၃ ရာခိုင်နှုန်းခန့် ရှိသည်။) ထို့နောက် မြန်မာနိုင်ငံ၏ ပြည်ထောင်စု လွှတ်တော်တွင် အမျိုးသမီးအမတ်ပမာဏ မည်မျှရှိသည်၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လွှတ်တော်များနှင့် နှိုင်းယှဉ်ပါက မည်သို့သော အနေအထားတွင် ရှိသည်ကို ဆန်းစစ်စေပါ။

## ၆.၂ အမျိုးသမီးများနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်

က။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုစေပြီး မေးခွန်းများကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ အမျိုးသား၊ အမျိုးသမီး ညီညီမျှမျှ ပါဝင်မှသာလျှင် ပြည်သူ့ကိုယ်စားပြု အစိုးရတစ်ရပ် ထိထိရောက်ရောက် အကောင်အထည် ဖော်နိုင်မည်ဖြစ်ပြီး အမျိုးသမီးဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်၍လည်း အကျိုးရှိရှိ ဖော်ဆောင်နိုင်ကြမည် ဖြစ်ပေသည်။

၂။ ဘာသာပေါင်းစုံ၊ လူမျိုးစုပေါင်းစုံမှ ကိုယ်စားလှယ်များ ပါဝင်စေသင့်သည်။

ခ။ အဖွဲ့များ ဖွဲ့ပေးပါ။ လွန်ခဲ့သော နှစ်(၁၀၀)အတွင်း တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် အမျိုးသမီးများအနေဖြင့် သမ္မတ (သို့) ဝန်ကြီးချုပ် တာဝန်ယူခဲ့ဖူးသည့် စာရင်းကို ဖော်ပြစေပါ။ မည်သည့် အဖွဲ့က အများဆုံး ဖြေဆိုနိုင်သည်ကို အကဲဖြတ်ပေးပါ။

**အဖြေများ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ – Khaleda Zia၊ ဝန်ကြီးချုပ် (၁၉၉၁ – ၁၉၉၆၊ ၂၀၀၁ –၂၀၀၆)။

Sheikh Hasina Wajed၊ ဝန်ကြီးချုပ် (၂၀၀၉ ခုနှစ်တွင် စတင် တာဝန်ထမ်းဆောင်သည်။)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ – Soong Ching-ling ၊ ဂုဏ်ထူးဆောင်သမ္မတ (၁၉၈၁)။

အိန္ဒိယနိုင်ငံ – Indira Gandhi၊ ဝန်ကြီးချုပ် (၁၉၆၆ – ၁၉၇၇၊ ၁၉၈၀ – ၁၉၈၄)။

Pratibha Patil၊ သမ္မတ (၂၀၀၇ – ၂၀၁၂)။

အင်ဒိုနီးရှားနိုင်ငံ – Megawati Sukarnoputri၊ သမ္မတ (၂၀၀၁ – ၂၀၀၄)။

မွန်ဂိုလီးယားနိုင်ငံ – Sukhbaataryn Yanjmaa၊ သမ္မတ (၁၉၅၃ – ၅၄)။

Nyam-Osoryn Tuyaa၊ ဝန်ကြီးချုပ် (၁၉၉၉)။

ပါကစ္စတန်နိုင်ငံ – Benazir Buhtto၊ ဝန်ကြီးချုပ် (၁၉၈၈ – ၁၉၉၀၊ ၁၉၉၃ – ၁၉၉၆)။

ဖိလစ်ပိုင်နိုင်ငံ – Corazon Aquino၊ သမ္မတ (၁၉၈၆ – ၁၉၉၂)။

Gloria Macapagal - Arroyo၊ သမ္မတ (၂၀၀၁ – ၂၀၁၀)။

တောင်ကိုရီးယားနိုင်ငံ – Park Geun-hye၊ သမ္မတ (၂၀၁၃ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်သည်။)

သီရိလင်္ကာနိုင်ငံ – Sirimavo Bandaranaike၊ ဝန်ကြီးချုပ် (၁၉၆၀ – ၆၅၊ ၁၉၇၀ –၇၇၊ ၁၉၉၄ – ၂၀၀၀)။

Chandrika Kumaratunga၊ သမ္မတ (၁၉၉၄ – ၂၀၀၅ )။

ထိုင်းနိုင်ငံ – Yingluck Shinawatra၊ ဝန်ကြီးချုပ် (၂၀၁၁ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်သည်။)

ဂ။ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံ များတွင် အမျိုးသမီးသမ္မတများ၊ ဝန်ကြီးချုပ်များ မပေါ်ထွန်းဖူးသည့် တိုင်းပြည်များကို ဖော်ပြစေပါ။

**အဖြေများ**

စင်္ကာပူ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဘူတန်၊ ဂျပန်၊ မြောက်ကိုရီးယား၊ နီပေါ၊ အာဖဂန်နစ္စတန်။

ဃ။ ဖော်ပြပါ ဇယားကို လေ့လာ သုံးသပ်စေပါ။ ဒေသတစ်ခုစီတွင် မည်သည့်နိုင်ငံများ ပါဝင်သည်ကို ရှင်းလင်း ပြသပေးပါ။

Nordic Countries - နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊အိုက်စလန်၊ ဖင်လန်။

Sub-Saharan Africa - ဆာဟာရသဲကန္တာရတောင်ပိုင်းရှိ နိုင်ငံများ။ အာရပ်တိုင်းပြည်များ (Arab States) တွင် အာဖရိကမြောက်ပိုင်းရှိ တိုင်းပြည်အချို့ပါ ထည့်သွင်း စဉ်းစားထားသည်။

The Amricas - အမေရိကန်နိုင်ငံ၊ ကနေဒါ၊ တောင်အမေရိက နှင့် အမေရိကတိုက် အလယ်ပိုင်းဒေသမှ တိုင်းပြည်များ ပါဝင်သည်။

**အဖြေများ**

၁၉၉၇ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်အတွင်း နိုင်ငံအသီးသီးရှိ လွှတ်တော်များတွင် အမျိုးသမီးများ၏ ကိုယ်စားပြု ပါဝင်မှုကို ဖော်ပြပေးထားသည်။

င။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ ကမ္ဘာနှင့်အဝှမ်းတွင် အမျိုးသမီးတို့၏ ပါဝင်မှု သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိရသည်။

၂။ လူ့အဖွဲ့အစည်းအနေဖြင့် Gender ဆိုင်ရာ ကိစ္စရပ်များ အပေါ် ဂရုစိုက်လာခြင်း၊ အမျိုးသမီးတို့၏ စွမ်းဆောင် ရည်များ ဖော်ထုတ်ခွင့် ရရှိလာခြင်း။

၃။ ချမ်းသာသော ဒေသများရှိ အမျိုးသမီးများ၏ပါဝင်မှုမှာ ဆင်းရဲသော ဒေသများနှင့် နှိုင်းယှဉ်ပါက ပိုမို များပြား လျက်ရှိကြောင်း လေ့လာသိရှိရသည်။

၄။ အမျိုးသမီးတို့၏ ဆန္ဒသဘောထားများကို ထည့်သွင်း စဉ်းစားပြီး ဆုံးဖြတ်ချက်များ ချမှတ်လာနိုင်သည်။

စ။ အဖွဲ့ငယ်လေးများ ဖွဲ့ပေးပြီး စာပိုဒ် (က) ကို ဖတ်ရှုစေပါ။ ထို့နောက် မေးခွန်းများကို ဖြေဆိုစေပါ။

ဆ။ အဖွဲ့များ ဖွဲ့ပေးပြီး စာပိုဒ် (က) ပါ အချက် (၃) ချက် အတွက် ဥပမာများနှင့် ရှင်းလင်းချက်များကို ဆွေးနွေး ဖော်ပြစေပါ။

**နီးစပ်သော အဖြေများ**

၁။ လူမှုအသိုင်းအဝိုင်းအတွက် ပါဝင်ခဲ့ကြသော အမျိုးသမီး များ အနေဖြင့် အသိုင်းအဝိုင်းဆိုင်ရာ ကိစ္စရပ်များ၌ ကျွမ်းကျင်နိုင်ပြီး ထိရောက်သော စီမံကိန်းများကို တင်ပြပေးနိုင်မည်။

၂။ အမျိုးသမီးများသည် မိသားစုတာဝန်များကို ကိုင်တွယ် ခဲ့ကြရသူများဖြစ်ပြီး လူ့အဖွဲ့အစည်းအပေါ် အမြင်များ ၌ အမျိုးသားများနှင့် ကွဲပြားနိုင်သည်။ ကျန်းမာရေး ဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ပညာရေးဆိုင်ရာ အစရှိသည့် စီမံကိန်းများ ရေးဆွဲရာတွင် အမျိုးသမီးများ၊ ကလေးသူငယ်များဘက်က ထည့်သွင်း စဉ်းစားပေးရန် ကွဲပြားသည့် အကြံဉာဏ်များ ပေးအပ်နိုင်မည် ဖြစ်သည်။

၃။ အမျိုးသမီး ကိုယ်စားလှယ်များ အနေဖြင့် အမျိုးသမီးထု တစ်ရပ်လုံးကို ကိုယ်စားပြု ဆောင်ရွက်ပေးနိုင်ကြမည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ပေးရာတွင်လည်း ဆင်းရဲ ချမ်းသာမရွေး၊ ကျောသားရင်သား မခွဲခြားဘဲ အမျိုးသမီးတိုင်းအတွက် ကူညီပေးနိုင်ကြမည် ဖြစ်သည်။

ဇ။ အဖွဲ့များ ဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားတို့၏ လူမှုအသိုင်းအဝိုင်း (သို့) နေရာဒေသအပေါ် သက်ရောက်မှု ရှိနေသည့် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်စီမံချက် (၅) ရပ်ကို ဆွေးနွေးဖော်ပြစေပါ။

- ထိုဆွေးနွေးချက်များကို အခြေခံပြီး ဇယား၏သက်ဆိုင်ရာ နေရာတွင် ဖြည့်စွက်စေပါ။
- ဇယားကွက်၏ နောက်ဆုံးတွင်ရှိသည့် 'အမျိုးသမီးပါဝင်မှုက စီမံဆုံးဖြတ်ရာတွင် မည်သို့ သက်ရောက်မှုများ ရှိသနည်း' ဟူသော မေးခွန်းအတွက် ရှုထောင့်ပေါင်းစုံမှ စဉ်းစား သုံးသပ်စေပါ။ အမျိုးသမီးများသီးသန့် စီမံဆုံးဖြတ်ခြင်း၊ အမျိုးသားသီးသန့် စီမံခြင်းနှင့် နှစ်ဦးနှစ်ဖက် မျှတစွာ ပါဝင်ဆုံးဖြတ်ခြင်းတို့တွင် မည်သည်က အထိရောက်ဆုံး ဖြစ်သည်ကို ဥပမာများ နှင့်တကွ ဆွေးနွေး တင်ပြစေပါ။

ဈ။ အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမျိုးသမီးခေါင်းဆောင်များက အမျိုးသားခေါင်းဆောင် များနှင့် မည်သို့ ကွဲလွဲစွာ တွေးခေါ်နိုင်သည်ကို သုံးသပ် စေပါ။ ကျောင်းသားတို့၏ ဖြေဆိုချက်များကို ဆွေးနွေး မေးမြန်းပေးပါ။

# ၆.၃ အသိုင်းအဝိုင်းအတွင်း ဦးဆောင်မှု

က။ ဖော်ပြပါ ဖြစ်ရပ်တို့ကို ဖတ်ရှုစေပြီး မည်သို့သော လူမှုအပြောင်းအလဲများ ဖော်ဆောင်ရန် ကြိုးပမ်းနေကြသည်ကို သုံးသပ်စေပါ။

**အဖြေများ**

၁။ အမျိုးသမီးများ တန်းတူညီမျှရေး၊ ကလေးသူငယ်များ စောင့်ရှောက်ရေးနှင့် အမျိုးသားများ၏ ဂုဏ်သိက္ခာဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းစဉ်များအတွက် ဥပဒေတစ်ရပ်ကို ရေးဆွဲ ပြဋ္ဌာန်းနိုင်ခဲ့သည်။

၂။ အရွယ်မရောက်ဘဲ လက်ထပ်ထိမ်းမြားမှုများကို တားမြစ်နိုင်ခဲ့ပြီး၊ အမျိုးသမီးများ တရားဝင် လက်ထပ်ထိမ်းမြားနိုင်မည့် အသက်သတ်မှတ်ချက်တစ်ရပ်ကို ရေးဆွဲချမှတ်ထားနိုင်ခဲ့သည်။

၃။ မိခင်နှင့် ကလေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ပညာရေးဆိုင်ရာ ထောက်ပံ့မှုများ၊ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းငယ်များ စီမံ ဖန်တီးပေးထားသည်ကို တွေ့ရှိရသည်။

၄။ နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမို ပါဝင်လာစေရန်နှင့် အမျိုးသမီးအခွင့်အရေးများကိုလည်း သိရှိလာစေနိုင်သည်။

၅။ အမျိုးသမီးတို့အပေါ် အဓမ္မပြုကျင့်မှုများ၊ ခွဲခြားဆက်ဆံမှုများမှ အကာအကွယ်ပေးရန် ရည်ရွယ်ပြီး အဆိုပါကိစ္စရပ်များ ဖော်ဆောင်ပေးရန် လှုံ့ဆော်ထားသည်။

ခ။ ဖြစ်ရပ်လေ့လာချက် (၅) အနေဖြင့် အခြားသော ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ပါက မည်သို့ ထူးခြားနေသည်ကို ဆွေးနွေးသုံးသပ်စေပါ။

**အဖြေများ**

ဖြစ်ရပ် (၅) သည် အမျိုးသားများ ကိုယ်တိုင်က ဦးဆောင်ကျင်းပသည့် လှုပ်ရှားမှုတစ်ရပ် ဖြစ်နေသည်ကို တွေ့ရသည်။ အခြားသော ဖြစ်ရပ်များ၊ လှုပ်ရှားမှုအများစုမှာမူ အမျိုးသမီးများမှ စတင် ဖော်ဆောင်တတ်ကြပေသည်။

ဂ။ အဖွဲ့ပေါင်း (၅) ဖွဲ့ သို့မဟုတ် (၁၀) ဖွဲ့ခန့် ခွဲပေးပါ။

အဖွဲ့တစ်ဖွဲ့လျှင် ဖြစ်ရပ်လေ့လာချက်တစ်ခုစီ တာဝန်ယူစေပါ။ ထိုဖြစ်ရပ်ပါ လုပ်ဆောင်ချက်များ ထိရောက်မှုရှိ၊ မရှိ၊ ကျောင်းသားတို့၏ အသိုင်းအဝိုင်းအတွင်း ဖော်ဆောင်နိုင်မှု၊ အောင်မြင်နိုင်မှု အနေအထားများနှင့် ထိုသို့ ဆောင်ရွက်ရာတွင် မည်သို့သော အခက်အခဲ အတားအဆီးများ ကြုံတွေ့နိုင်သည်ကို ဆွေးနွေးစေပါ။ ထို့နောက် အဖွဲ့အသီးသီး၏ ဆွေးနွေးချက်များကို အခြားကျောင်းသားများထံ တင်ပြစေပါ။

ဃ။ ကျောင်းသားများအနေဖြင့် ကင်ညာနိုင်ငံမှ ဝန်ဂါရီ မာသ်ဟိုင် (Wangari Maathai) ဆိုသော အမျိုးသမီး စွမ်းဆောင်ရှင်အကြောင်း ကြားသိဖူးမှုရှိ၊ မရှိ မေးမြန်းပေးပါ။ ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

င။ ဖော်ပြပါစာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ သူမသည် နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားသူ၊ ခေါင်းဆောင်တစ်ဦးဖြစ်နေသောကြောင့် ခင်ပွန်းသည်၏ စွန့်ပစ်ခြင်းကို ခံခဲ့ရသည်။ ခင်ပွန်းသည်အနေဖြင့် ယောက်ျားသိက္ခာကျသည်ဟု လှောင်ပြောင်ကဲ့ရဲ့ခံရပြီး၊ နိုင်ငံရေးအလုပ်တွင်ပါ ထိခိုက်လာသည့် အတွက်ကြောင့် ဖြစ်သည်။

၂။ "လူအများအားကိုးရာ အမျိုးသမီးခေါင်းဆောင်များ အနေဖြင့် အမျိုးသားများကိုသာ ဦးစားပေးလွန်းသည့် လူ့အဖွဲ့အစည်းတစ်ရပ်တွင် ပြဿနာ အခက်အခဲများနှင့် ကြုံတွေ့ရမည်မှာ ဓမ္မတာဖြစ်သည်" ဟု ပြောဆိုခဲ့သည်။

၃။ ကင်ညာနိုင်ငံသားများ စည်းလုံးလာကြပြီး သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးလာကြစေရန်၊ စောင့်ရှောက်ကာကွယ်နိုင်ကြစေရန် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

၄။ ဝန်ဂါရီအနေဖြင့် အာဇာနည်ကြီးများအား ရည်စူးလျက် သစ်ပင်ကလေး (၇) ပင် စိုက်ပျိုးခြင်းဖြင့် စတင်ခဲ့သော်လည်း ထိုလုပ်ရပ်ကြောင့် နိုင်ငံလုံးဆိုင်ရာ လှုပ်ရှားမှုကြီးတစ်ရပ်အသွင် ကျယ်ပြန့်လာစေခဲ့သည်။ အမျိုးသားများ ကြီးစိုးလျက်ရှိသည့် လူမှုအသိုင်းအဝိုင်းတစ်ခု၊ တိုင်းပြည်တစ်ပြည်တွင် ဦးဆောင်လှုပ်ရှားနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

စ။ ကျောင်းသားများအား ထင်ရှားသည့် လူမှုစွမ်းဆောင်ရှင် အမျိုးသား (သို့) အမျိုးသမီးတစ်ဦးအကြောင်းကို လေ့လာစေပါ။ ထိုသို့ လေ့လာရာတွင် ကျောင်းသားတို့၏ ပတ်ဝန်းကျင်မှ ပုဂ္ဂိုလ်ဖြစ်စေ၊ ကမ္ဘာသိထင်ရှားသည့်သူ တစ်ဦးဦးဖြစ်စေ ရွေးချယ်နိုင်သည်။ ထိုရွေးချယ်ထားသူ၏ ပုဂ္ဂိုလ်ရေး၊ အောင်မြင်မှုများ၊ လုပ်ဆောင်ချက်များ အစရှိသော အကြောင်းရာအသေးစိတ်ကို လေ့လာစုဆောင်းပြီး ထိုသူကြောင့် မည်သို့သော လူမှုအပြောင်းအလဲများ ဖော်ဆောင်နိုင်ခဲ့သည်ကို ပြုစုရေးသားစေပါ။

- ထိုပြုစု ရေးသားချက်များကို အခြေခံပြီး အတန်းဖော်များထံ တင်ပြဆွေးနွေးစေပါ။

## အခန်း (၆) ပြန်လည်သုံးသပ်ခြင်း

က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်ပြီး သက်ဆိုင်ရာ မေးခွန်းများကို ဆွေးနွေး အဖြေရှာစေပါ။ ထိုသို့ ဖြေဆိုရာတွင် မေးခွန်းတစ်ခုစီအတွက် အတန်းဖော်ကျောင်းသားတစ်ဦးစီနှင့် ပြောင်းလဲ လုပ်ဆောင်စေနိုင်သည်။

ခ။ ဖော်ပြပါ ဝေါဟာရများအတွက် သင်ခန်းစာပါ အကြောင်းအရာများအား အခြေခံလျက် ကျောင်းသားတို့၏ ကိုယ်ပိုင်ဖွင့်ဆိုချက်များ ပြုစုပေးရမည် ဖြစ်သည်။ ထိုသို့ ပြုစုရာတွင် အဘိဓာန်ပါ ဖွင့်ဆိုချက်များ ထည့်သွင်း အသုံးမပြုကြစေရန် ကြပ်မတ်ပေးရမည်ဖြစ်သည်။

ဂ။ မေးခွန်းတစ်ရပ်စီအတွက် ရှင်းလင်းချက်များ၊ အဖြေများ အပြည့်အစုံပါရှိသည့် စာပိုဒ်တစ်ပိုဒ်စီ ရေးသားဖြေဆိုစေပါ။

# အခန်း (၇)

## tEpSsKyfodSZG;f

- သင်ခန်းစာများကို စတင်မသင်ကြားမီ 'အနှစ်ချုပ်သိမှတ်ဖွယ်' ပါ ရေးသား ရှင်းလင်းထားချက်များကို ဦးစွာ ဖတ်ရှုစေပါ။
- အဆိုပါ အကြောင်းအရာများကို လေ့လာ သိရှိထားမှုရှိ၊ မရှိ စစ်ဆေး မေးမြန်းပေးပါ။

## oifum;rqkH&m &nfeS;csufsm;

- 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' တွင် ပါရှိသည့် ရေးသားဖော်ပြထားချက်များကို ကျောင်းသားများ ဖတ်ရှုစေပါ။ နားမလည်သည့် အချက်အလက်များ ရှိပါက ရှင်းလင်း ပြသပေးပါ။
- သင်ခန်းစာများကို သင်ကြားပြီးသည့် အခါ၌ အဆိုပါ ရည်မှန်းချက်များကို ထပ်မံဖတ်ရှုစေပြီး ကျောင်းသားများ အနေဖြင့် ဖော်ပြပါ 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' ပြည့်မီမှုရှိ၊ မရှိ ဆန်းစစ် သုံးသပ်စေပါ။

# အခန်း (၇) လိင်စိတ်လက္ခဏာ

## ၇.၁ လိင်စိတ်တိမ်းညွှတ်မှု

က။ ကျောင်းသားတို့အား 'လိင်စိတ်တိမ်းညွှတ်မှု' (sexual Orientation) နှင့် 'Gender identities (ကျား၊ မ ဖြစ်မှုဆိုင်ရာ စရိုက်လက္ခဏာ) ဆိုင်ရာ စရိုက်လက္ခဏာ' ဟူသော ဝေါဟာရနှစ်ရပ်၏ အဓိပ္ပာယ်ကို မေးမြန်းပေးပါ။

- ကျောင်းသားတို့၏ ဖြေကြားချက်များ ကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။ အဆိုပါ ဝေါဟာရနှစ်ရပ်သည် ' Gender' သင်ခန်းစာများအတွက် မည်မျှအရေးပါကြောင်း ဆွေးနွေး မေးမြန်းပေးပါ။

ခ။ ကျောင်းသားတို့အနေဖြင့် ဘဝလက်တွဲဖော်ကို ရွေးချယ်ရာတွင် အတိတ်၊ လက်ရှိအချိန်၊ အနာဂတ်အတွက် မည်သည်တို့ ထည့်သွင်း စဉ်းစားမည်ကို ဆွေးနွေးစေပါ။ နှစ်ယောက်တစ်တွဲ တွဲပေးပြီး ကျောင်းသားတို့၏ ပြုစု ရေးသားထားချက်များကို နှိုင်းယှဉ်စေပါ။ မည်သို့သော တူညီမှုများ တွေ့ရသည်ကို ဆန်းစစ်စေပါ။ ကျောင်းသားတို့၏ ဖြေဆိုချက်မှ တူညီသော အချက်အလက်များကို ဆွေးနွေး မေးမြန်းပေးပါ။

ဂ။ ဖော်ပြပါ စာပိုဒ်တို့ကို ဖတ်ရှုပေးပြီး ဆိုလိုရင်းကို သုံးသပ်စေပါ။

**နီးစပ်သော အဖြေများ– စာပိုဒ် (၁)**

တစ်ချို့လူတွေက လိင်တူခြင်းဖြစ်စေ၊ လိင်ကွဲဖြစ်စေ၊ နှစ်မျိုးလုံးအပေါ် စိတ်ဝင်စားမှုရှိသည်။ လိင်စိတ်ခံစားမှု (sexual Orientation)အပေါ် ယဉ်ကျေးမှုအလိုက် အမြင်အမျိုးမျိုးရှိကြသည်။

**နီးစပ်သော အဖြေများ – စာပိုဒ် (၂)**

LGBT အသိုင်းအဝိုင်းဆိုင်ရာ အခမ်းအနားများ ကျင်းပပေးခြင်းဖြင့် နားလည်လက်ခံနိုင်မှုများ တိုးတက်လာကြပြီး ၄င်းတို့အပေါ် ဖိနှိပ်အကြမ်းဖက်မှုများ လျော့နည်းလာမည်ဖြစ်သည်။

ဤစာပိုဒ်တွင် ပညာပေး တီဗီအစီအစဉ်တစ်ရပ်အကြောင်း ဖော်ပြထားပြီး LGBT နှင့်သက်ဆိုင်သည့် ဟောပြောမှုများ၊ ပြဇာတ်များ၊ ပညာပေး ဇာတ်လမ်းတိုများ ဖော်ဆောင်ပေးသင့်ကြောင်း တိုက်တွန်းထားသည်။

- ကျောင်းသားများအား မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ LGBT အသိုင်းအဝိုင်းများအကြောင်း စူးစမ်းဆွေးနွေးစေနိုင်သည်။ ကျောင်းသားများအနေဖြင့် LGBT ဆိုင်ရာ ပညာပေးအစီအစဉ်များ၊ အခမ်းအနားများ၊ ဟောပြောပွဲများ တက်ရောက်ဖူးခြင်းရှိ၊ မရှိ၊ ၄င်းတို့အနေဖြင့် မည်သည့်ကဏ္ဍများကို အလေးပေး ဖော်ဆောင်လျက်ရှိသည် စသည်တို့ကို ဆွေးနွေး မေးမြန်းပေးပါ။

**နီးစပ်သော အဖြေများ**

နှိမ့်ချဆက်ဆံမှုများအား တိုက်ဖျက်ခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း (HIV, AIDS ရောဂါများအကြောင်း သိရှိစေခြင်း)၊ လက်ထပ်ထိမ်းမြားခြင်း ကဲ့သို့သော အခွင့်အရေးများအတွက် လှုံ့ဆော်ပေးခြင်း၊ ထိပါးနှောင့်ယှက်မှုများနှင့် စော်ကားဖိနှိပ်မှုများကို ကန့်ကွက်ရှုတ်ချခြင်း အစရှိသော လှုပ်ရှားမှုများကို ကမ္ဘာနှင့် မြန်မာပြည်အတွင်းမှ LGBT အသိုင်းအဝိုင်းများက ဖော်ဆောင်ပေးလျက်ရှိသည်။

# ၇.၂ ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာ

က။ ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုစေပါ။ အမျိုးသား အဖြစ်မွေးဖွားခဲ့သော်လည်း မိမိကိုယ်ကို အမျိုးသမီးဟု ခံယူထားသူကို လူ့အဖွဲ့အစည်းအတွင်း မည်သို့ ခေါ်ဝေါ်ကြသည်၊ အမျိုးသမီးတစ်ဦးအဖြစ် မွေးဖွားခဲ့ သော်လည်း မိမိကိုယ်ကို အမျိုးသားဟု ခံယူထားတတ်ကြ သူတို့ကို မည်သို့ခေါ်ဝေါ် သုံးနှုန်းတတ်ကြသည်ကို ဖော်ပြစေပါ။

- အဆိုပါ ပုဂ္ဂိုလ်များအနေဖြင့် မည်သို့သော ဘဝအခက်အခဲများ နှင့် ကြုံတွေ့နိုင်သည်ကို သုံးသပ်စေပါ။ ကျောင်းသားတို့၏ ဖြေကြားချက်များကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။

ခ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဆွေးနွေးစေပါ။

**အဖြေများ**

အင်္ဂလိပ်ဘာသာစကားတွင် အမျိုးသားအဖြစ် မွေးဖွားခဲ့သော်လည်း မိမိကိုယ်ကို အမျိုးသမီးဟု ခံယူထားသူကို male to female transgenders ဟုသုံးနှုန်း၍၊ အမျိုးသမီးတစ်ဦးအဖြစ် မွေးဖွားခဲ့သော်လည်း အမျိုးသားဟု ခံယူထားသူကို female to male transgenders ဟုသတ်မှတ်တတ်ကြောင်း ရှင်းပြပေးပါ။

ခွဲခြားစွာ ဖိနှိပ်ချုပ်ခြယ်မှုများ – အလုပ်လုပ်ကိုင်ရန် ခက်ခဲခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများ မခံစားရခြင်း စသည်တို့ ဖြစ်နိုင်သည်။ အချို့မှာ လှောင်ပြောင်ကဲ့ရဲ့မှုများ၊ အကြမ်းဖက်မှုများကိုပင် ခံစားနေကြရကြောင်း တွေ့ရှိရသည်။

ဂ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး ဆိုလိုရင်းကို သုံးသပ်စေပါ။

**အဖြေများ**

နိစ္စဓူဝပြုကျင့်လျက်ရှိသည့် အမူအကျင့်များ၊ စရိုက်လက္ခဏာများကို အကဲဖြတ်၍ အမျိုးသားဖြစ်သည်၊ အမျိုးသမီးဖြစ်သည်ဟု သတ်မှတ်တတ်ကြပေသည်။ အဆိုပါ သတ်မှတ်ချက်များသည် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းခြင်းရာတို့အပေါ်တွင်လည်း များစွာ မူတည်လျက်ရှိသည်ကို တွေ့ရပေသည်။

ဃ။ အဖွဲ့များ ဖွဲ့ပေးပါ။ မည်သို့သော အဝတ်အစား၊ ဆံပင်၊ ကိုယ်လက်လှုပ်ရှားမှု၊ ပြောဆိုပြုမူပုံ၊ ဆက်ဆံမှုပုံစံများ အပေါ် အခြေခံလျက် အမျိုးသားဖြစ်သည်၊ အမျိုးသမီးဖြစ်သည်ဟု (masculine, feminine)သတ်မှတ်တတ်ကြသည်ကို ဆွေးနွေးဖော်ပြစေပါ။ ကျောင်းသားတို့၏ ဆွေးနွေးချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

၄။ လိင်တူချစ်သူများကို မြန်မာစကားတွင် မည်သို့သုံးနှုန်းတတ်ကြသည်ကို လေ့လာ ဖော်ပြစေပါ။

- ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှု သုံးသပ်စေပါ။

စ။ နှစ်ယောက်တစ်တွဲ တွဲပေးပြီး လိင်တူချစ်သူများအနေဖြင့် မည်သို့သော လူမှုပြဿနာများနှင့် ကြုံတွေ့နေရသည်ကို ဆွေးနွေးဖော်ပြစေပါ။

- ကျောင်းသားတို့၏ ဖြေဆိုချက်များကို မေးမြန်းပေးပြီး သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

**အဖြေများ**

အကြမ်းဖက်မှုများ၊ လှောင်ပြောင်ကဲ့ရဲ့မှုများ၊ အတင်းအဓမ္မ ပြုကျင့်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ နာမည်အခေါ်အဝေါ်များ စသည်။

မိသားစု၏ စွန့်ပယ်ခံရမှုများ၊ သဘောထားမတိုက်ဆိုင်မှုများ။

အလုပ်ခွင်တွင် ဖိနှိပ်မှုများ၊ စိတ်ကြိုက်ဆင်ယင် ဝတ်ဆင်ခွင့်မှ ပိတ်ပင်ခံရမှုများ၊ ရာထူးတက်မှုဆုံးရှုံးမှုများ။

လိင်တူလက်ထပ်ခြင်းများအတွက် အသိအမှတ် မခံရမှုများ။

- အထက်ဖော်ပြပါ အဖြေများအတွက် ကျောင်းသားတို့၏ အမြင်များကို တောင်းခံပြီး ထပ်မံ ဖြည့်စွက်ပေးနိုင်သည်။

ဆ။ နှစ်ယောက်တစ်တွဲ တွဲပေးပြီး လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား၊မဆိုင်ရာ စရိုက်လက္ခဏာများအကြား မည်သို့ ကွဲပြားခြားနားသည်ကို သုံးသပ်စေပါ။

**အဖြေများ**

'လိင်စိတ်ခံစားမှု' ဆိုသည်မှာ စိတ်ခံစားမှုအပေါ် အခြေခံ ပိုင်းဖြတ်ထားသည့် သတ်မှတ်ချက်တစ်ရပ်ဖြစ်ပြီး အမျိုးသား၊ အမျိုးသမီး၊ လိင်စိတ်အလိုကျ ပြုမူနေထိုင်သူများ အစရှိသော ပုဂ္ဂိုလ်တစ်ဦးဦးအပေါ်တွင် စိတ်ဝင်စားမှုရှိခြင်းအပေါ် မူတည်လျက် တိုင်းတာဆန်းစစ်နိုင်ပေသည်။

'ကျား၊ မ ဖြစ်မှုဆိုင်ရာ စရိုက်လက္ခဏာ' ဆိုသည်မှာ မိမိကိုယ်ကိုမိမိ မည်သူမည်ဝါ ဖြစ်သည်ဟု သတ်မှတ်ထားချက်များပေါ် အခြေခံနေပေသည်။ ထိုသတ်မှတ်ထားချက်များသည် မွေးရာပါ ခန္ဓာဗေဒ တည်ဆောက်ပုံတို့နှင့် ကိုက်ညီသည်လည်း ရှိနိုင်သည်၊ ကွဲလွဲသည်လည်း ရှိနိုင်ပေသည်။

'လိင်စိတ်ခံယူမှု' တွင် မိမိက သူတစ်ပါးအပေါ် စိတ်ဝင်စားမှုကို အခြေခံ သတ်မှတ်ထားခြင်းဖြစ်ပြီး၊ 'ကျား၊ မ ဖြစ်မှုဆိုင်ရာ စရိုက်လက္ခဏာ' မှာမူ မိမိကိုယ်ကို မိမိ မည်သို့ခံယူထားသည်နှင့် များစွာ သက်ဆိုင်နေပေသည်။

## ၇.၃ 'ယောက်ျားဆန်ခြင်း' နှင့် ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာ

က။ ကျောင်းသားများအား သင်ခန်းစာ (၇.၂)၊ မေးခွန်း (ဃ) တွင် ဖြေဆိုထားချက်များကို ပြန်လည်ကြည့်ရှုစေပြီး လူ့အဖွဲ့အစည်းအတွင်း အမျိုးသားတစ်ဦး ကျင့်ကြံသင့်သော အပြုအမူ၊ အမျိုးသမီးတစ်ဦး ကျင့်သုံးရမည့် အမူအကျင့်ဟူ၍ ခွဲခြားသတ်မှတ်ထားမှုများအကြောင်း လေ့လာသုံးသပ်စေပါ။ ထိုသတ်မှတ်ခွဲခြားမှုတို့၏ ကောင်းကျိုး၊ ဆိုးကျိုး များကို ဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

ကောင်းကျိုး – ရဲဝံ့ခြင်း၊ သတ္တိရှိခြင်း ကဲ့သို့သော အမျိုးသားဆိုင်ရာ သတ်မှတ်ထားချက် အချို့သည် ထိရောက် အကျိုးရှိနိုင်သည်ကို တွေ့ရပေသည်။ ထို့အတူ အမျိုးသမီးဆိုင်ရာ သတ်မှတ်ချက်များဖြစ်သည့် ကြင်နာခြင်း၊ ကရုဏာစိတ်မွေးမြူခြင်းတို့သည်လည်း မွန်မြတ်သည့် စိတ်ထားများ ဖြစ်ကြပေသည်။

ဆိုးကျိုး – အချို့သော စရိုက်လက္ခဏာဆိုင်ရာ သတ်မှတ်ထားချက်များက ကောင်းကျိုးထက် ဆိုးကျိုးကို သာလျှင် ဆောင်ကြဉ်းပေးနိုင်သည်။ (ဥပမာ – အမျိုးသားများကို ကျားကျားလျားလျား၊ ကြမ်းကြမ်းရမ်းရမ်း နေရမည်၊ အမျိုးသမီးများသည် အားနည်းသူ၊ သိမ်မွေ့သူများ ဖြစ်သည်ဟု သတ်မှတ်ထားခြင်း) ထိုကဲ့သို့ ခွဲခြားသတ်မှတ်ချက်များကြောင့် အမျိုးသားများတွင် ကရုဏာစိတ် မထားကြရန်၊ အမျိုးသမီးများတွင် သတ္တိရှိရှိ မပြုကျင့်ကြရန် ကန့်သတ်ထားသကဲ့သို့ ဖြစ်နိုင်ပေသည်။

ခ။ ဖော်ပြပါ စာပိုဒ်ကို ကျောင်းသားများ ဖတ်ရှုစေပါ။ နှစ်ယောက်တစ်တွဲ တွဲပေးပြီး မေးခွန်း (က) တွင် ဖြေဆိုထားချက်များနှင့် စာပိုဒ်ပါ အကြောင်းအရာ ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးစေပါ။

ဂ။ အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုစေပါ။ ထိုဆွေးနွေးချက်များကို အတန်းဖော်များထံ တင်ပြရှင်းလင်းစေပါ။

## ၇.၄ ဟိုမိုဖိုးဘီးယား (Homophobia)

က။ ဟိုမိုဖိုးဘီးယား (Homophobia) ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို လေ့လာစေပြီး ထိုစရိုက်လက္ခဏာမျိုး မည်သည့်အကြောင်းကြောင့် တည်ရှိနေသည်ကို ဆွေးနွေး စေပါ။ ကျောင်းသားတို့၏ အတွေးအမြင်တို့ကို သင်ပုန်းပေါ် တွင် ရေးသား ဖော်ပြပေးပါ။

ခ။ အဖွဲ့များ ဖွဲ့ပေးပြီး အသိအမှတ် မပြုထားခြင်းများ၊ သေဒဏ် အထိ ချမှတ်ခံရနိုင်သည့် အခြေအနေများ။

၂။ အချို့သော တိုင်းပြည်များတွင် အမျိုးသားချင်း စိတ်ဝင်စားသူများကို သေဒဏ်အထိ ချမှတ်တတ် ကြပေသည်။

၃။ မြန်မာနိုင်ငံ၏ လိင်တူခြင်း စိတ်ဝင်စားမှုများနှင့် သက်ဆိုင်နိုင်ချေရှိသည့် တစ်ခုတည်းသော ဥပဒေကို ပုဒ်မ (၃၇၇) Indian Panel Code တွင် ဖော်ပြထားသည်။ ထိုစာပိုဒ်တွင် ‘သဘာဝနှင့် ဆန့်ကျင့်သည့် ထိပါးမှုများ’ ဟု ဖော်ပြထားသော်လည်း ရှင်းလင်း ဖွင့်ဆိုထားခြင်းမရှိ။ ထိုစာပိုဒ်ကို လိင်တူအမျိုးသားအချင်းချင်း စပ်ယှက်မှုကိုပင် ရည်ညွှန်းသုံးနှုန်းတတ်သော်လည်း ဖြစ်တောင့်ဖြစ်ခဲ ဖြစ်သည်။ (ထိုအချက်အလက်သည် ၂၀၁၃၊ မေလ အထိသာ အကြုံးဝင်သည်)

ဂ။ ဖော်ပြပါ ဖြစ်ရပ်တို့ကို လေ့လာသုံးသပ်ပြီး မည်သည်တို့က ခွဲခြားဆက်ဆံမှုများ ဖြစ်သည်ကို ရွေးထုတ်စေပါ။

**အဖြေများ**

ဖြစ်ရပ်အားလုံးသည် ခွဲခြားဆက်ဆံမှုများကို ဖော်ပြနေပေသည်။

ဃ။ အဖွဲ့များ ဖွဲ့ပေးပြီး ဖြစ်ရပ်တစ်ခုချင်းစီအတွက် အောက်ပါတို့ကို ဆွေးနွေးဖြေဆိုစေပါ။

- မည်သူတို့က အဖိနှိပ်ခံကြရသနည်း၊
- မည်သို့ မည်ပုံ ခံစားကြရသနည်း၊
- မည်သို့ အဖြေရှာ ဆောင်ရွက်နိုင်မည်နည်း။

**နီးစပ်သော အဖြေများ**

၁။ လိင်တူချစ်သူများအနေဖြင့် အလုပ်ခွင် အသီးသီးတွင် အစော်ကား အဖိနှိပ်ခံနေကြရသည်။ ၄င်းတို့ကို လှောင်ပြောင်သရော်ထားသည့် ပြောဆိုမှုများက အလုပ်ခွင်အတွင်းတွင် စိတ်အနှောင့်အယှက် ဖြစ်စေနိုင်ပေသည်။ ထိုပြဿနာမျိုးကို ဖြေရှင်းရန်အတွက် လုပ်ဖော်ကိုင်ဖက်များ ကိုယ်တိုင်က အသိသတိ လက်ကိုင်ထားကာ ထိုအပြောအဆိုများကို ရှောင်ရှားကြရန် လိုအပ်သည်။

၂။ လူငယ်ကျောင်းသားတစ်ဦးအနေဖြင့် သူ၏အပြုအမူ အနေအထိုင်များကြောင့် အပြောအဆို ကဲ့ရဲ့ခံနေရသည်။ ထိုသို့ကဲ့ရဲ့မှုများကို တားဆီးရန် ဆရာ၊ ဆရာမများက သတိပေး ဆုံးမ ပေးထားခြင်းဖြင့်လည်းကောင်း၊ ထိုသို့သော လှောင်ပြောင်မှုများကို တားမြစ်သည့် စည်းကမ်းတစ်ရပ် ချမှတ်ထားခြင်းဖြင့်လည်းကောင်း ဖြေရှင်းပေးနိုင်သည်။

၃။ လိင်တူချစ်သူ အတွဲတစ်တွဲအနေဖြင့် အခြားသော လိင်ကွဲချစ်သူများကဲ့သို့ အခွင့်အရေး မရရှိသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့သော ကိစ္စမျိုးနှင့် ကြုံတွေ့ရပါက အဆိုပါ ဟော်တယ်ကို လိင်တူချစ်သူများက ဆန့်ကျင်ကန့်ကွက်ပွဲများ ပြုလုပ်တတ်ကြပြီး၊ အဆိုပါ သတင်းကို မီဒီယာများတွင် ထည့်သွင်းဖော်ပြရန် ကြိုးပမ်းတတ်ကြသည်။

၄။ ပတ်ဝန်းကျင်အနေဖြင့် အဆိုပါ အမျိုးသမီး၏ လိင်စိတ်ခံယူမှုအတိုင်း ပြုမူနေထိုင်ခြင်းကို အသိအမှတ် မပြုလိုကြကြောင်း တွေ့ရှိရသည်။ သူ့အနေဖြင့် အခြားသော ဘဝတူများထံ ပြဿနာ အခက်အခဲကို ဆွေးနွေးရှင်းပြ၍ အကြံဉာဏ်များ တောင်းပြီး အသနားခံစာ တင်နိုင်မည်။

၅။ ထိုသူအနေဖြင့် သူ၏လွတ်လပ်စွာ ဝတ်ဆင် နေထိုင်ခွင့်ကို ပိတ်ပင်တားမြစ်ခံထားရကြောင်း တွေ့ရှိရသည်။ ထိုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် လုပ်ဖော်ကိုင်ဖက်များထံ အကူအညီတောင်းပြီး မန်နေဂျာထံ အရေးဆိုနိုင်သည်။ ထိုပုဂ္ဂိုလ်မှာ အရေးပါသော ဝန်ထမ်းတစ်ဦးဖြစ်ပါက ဘောင်းဘီဝတ်ခွင့်မရရှိလျှင် တာဝန်မှ နှုတ်ထွက်မည့်အကြောင်း အကျပ်ကိုင် တောင်းဆိုနိုင်သည်။

- အဖွဲ့သားတိုင်း သူတို့အမြင်ကို တစ်တန်းလုံးထံသို့ တင်ပြစေပါ။

င။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုသုံးသပ်စေပါ။ ထို့နောက် အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ (Gay) များကို ဆန့်ကျင်သည့် ဟောပြောမှုများ၊ ဗလီအတွင်း ဝင်ခွင့်မပြုခြင်း၊ နှုတ်၊ ကိုယ်ကာယ အသုံးပြု၍ နှောင့်ယှက်ခြင်း၊ ဆိုင်များ ဖြတ်သိမ်းခံရခြင်း၊ ဂုဏ်သိက္ခာထိခိုက်စေမည့် စာများ၊ အတင်းအဓမ္မ ပြုကျင့်မည်ဟု ချိန်းခြောက်မှု။

၂။ မြန်မာ့လူ့အဖွဲ့အစည်း၏ ဟိုမိုဖိုးဘီးယား (Homophobia) သည် သူကြုံတွေ့ခဲ့ဖူးသည့် ဒုက္ခသည်စခန်းမှ အခြေအနေများထက် ထပ်တူကျနေမည်၊ ပိုမိုဆိုးဝါးနေမည်ကို စိုးရိမ်၍ ဖြစ်သည်။

၃။ ဒုက္ခသည်စခန်းတွင် နေထိုင်သူများအတွက် အဆိုပါ ကိစ္စရပ်များအတွက် အသိပညာပေး အစီအစဉ်များ ထားရှိပေးနိုင်သည်။ ဒုက္ခသည်စခန်း တာဝန်ရှိသူများ အနေဖြင့်လည်း လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်နှင့် လက်တွဲလုပ်ဆောင်ပေးသင့်ပေသည်။ ထို့အပြင် လိင်တူချစ်ခြင်းသည် အပြစ်တစ်ရပ် မဟုတ်ကြောင်း ရှင်းလင်းထားသည့် ဘာသာရေးဆိုင်ရာ စာအုပ်များ ကိုလည်း အင်္ဂလိပ်၊ မြန်မာ၊ ကရင် သုံးဘာသာဖြင့် အောက်ပါ ဝက်ဘ်ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

http://ebookbrowse.com/the-children-are-free-reexamining-the-biblical-evidence-on-same-sex-relationsps-pdf-d204590060

- အဖွဲ့များ ဖွဲ့ပေးပါ။ ကျောင်းသားတို့၏ လူမှုအသိုင်းအဝိုင်းများအတွက် 'ကျား မ ဖြစ်မှုဆိုင်ရာ လက္ခဏာ' နှင့် ဟိုမိုဖိုးဘီးယား (Homophobia) တို့ အကြောင်း အသိပညာ ဖြန့်ဝေပေးနိုင်မည့် ပိုစတာများ ပြုစု ရေးဆွဲစေပါ။

# အခန်း (၇) ပြန်လည်သုံးသပ်ခြင်း

က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်ပြီး သက်ဆိုင်ရာ မေးခွန်းများကို ဆွေးနွေး အဖြေရှာစေပါ။ ထိုသို့ ဖြေဆိုရာတွင် မေးခွန်းတစ်ခုစီအတွက် အတန်းဖော် ကျောင်းသားတစ်ဦးစီနှင့် ပြောင်းလဲလုပ်ဆောင်စေနိုင်သည်။

ခ။ ဖော်ပြပါ ဝေါဟာရများအတွက် သင်ခန်းစာပါ အကြောင်းအရာများအား အခြေခံလျက် ကျောင်းသားတို့၏ ကိုယ်ပိုင် ဖွင့်ဆိုချက်များ ပြုစုပေးရမည် ဖြစ်သည်။ ထိုသို့ ပြုစုရာတွင် အဘိဓာန်ပါ ဖွင့်ဆိုချက်များ ထည့်သွင်းအသုံးမပြုကြစေရန် ကြပ်မတ်ပေးရမည် ဖြစ်သည်။

ဂ။ မေးခွန်းတစ်ရပ်စီအတွက် ရှင်းလင်းချက်များ၊ အဖြေများ အပြည့်အစုံပါရှိသည့် စာပိုဒ်တစ်ပိုဒ်စီ ရေးသား ဖြေဆိုစေပါ

# အခန်း (၈)

## tEpSsKyfordSvZG,f

- သင်ခန်းစာများကို စတင်မသင်ကြားမီ ‘အနှစ်ချုပ် သိမှတ်ဖွယ်’ ပါ ရေးသား ရှင်းလင်းထားချက်များကို ဦးစွာ ဖတ်ရှုစေပါ။
- အဆိုပါ အကြောင်းအရာများကို လေ့လာသိရှိထားမှုရှိ၊ မရှိ စစ်ဆေး မေးမြန်းပေးပါ။

## oiIfum;rqk&m &nfeS;csufsm;

- ‘ဗဟုသုတ’ နှင့် ‘ကျွမ်းကျင်မှုများ’ တွင် ပါရှိသည့် ရေးသားဖော်ပြထားချက်များကို ကျောင်းသားများ ဖတ်ရှုစေပါ။ နားမလည်သည့် အချက်အလက်များ ရှိပါက ရှင်းလင်းပြသပေးပါ။
- သင်ခန်းစာများကို သင်ကြားပြီးသည့် အခါ၌ အဆိုပါ ရည်မှန်းချက်များကို ထပ်မံ ဖတ်ရှုစေပြီး ကျောင်းသားများ အနေဖြင့် ဖော်ပြပါ ‘ဗဟုသုတ’ နှင့် ‘ကျွမ်းကျင်မှုများ’ ပြည့်မီမှုရှိ၊ မရှိ ဆန်းစစ် သုံးသပ်စေပါ။

# အခန်း (၈) ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု (Gender Based Violence - GBV)

## ၈.၁ အမျိုးသမီးများအပေါ် ဖိနှိပ်အကြမ်းဖက်မှု

က။ 'ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသော အကြမ်းဖက်မှု' အကြောင်း ကျောင်းသားများအား ဆွေးနွေး မေးမြန်းပေးပါ။ ကျောင်းသားတို့၏ ပြောဆိုချက်များကို အခြေခံပြီး အဆိုပါ ဝေါဟာရအတွက် တစ်တန်းလုံး သဘောတူ ကိုယ်စားပြုမည့် ဖွင့်ဆိုချက်တစ်ရပ် ပြုစုစေပါ။

- ထိုဖွင့်ဆိုချက်ကို ဤသင်ခန်းစာပါ အကြောင်းအရာများကို သင်ကြားရှင်းလင်းရာ၌ အသုံးချပေးပါ။

ခ။ အဖွဲ့များ ဖွဲ့ပေးပါ။ ဖော်ပြပါ ကာတွန်းရုပ်ပုံကို ကြည့်ရှု သုံးသပ်၍ မေးခွန်းများကို ဖြေဆိုစေပါ။

**အဖြေ**

ကာတွန်းပုံ၏ ခေါင်းစဉ်ကို 'Partner Violence (အိမ်တွင်းရန်ပွဲ)' ဟု အမည်တပ်ထားပြီး ခင်ပွန်းသည်နှင့် ဇနီးသည်တို့အကြား ခိုက်ရန်ဖြစ်ပွားနေသည်ကို ဖော်ပြထားသည်။ အဆိုပါ အကြမ်းဖက်မှုမှာ အိမ်တွင်းရေး၊ မိသားစုအရေးဖြစ်နေ၍ ရဲဖြစ်သူက ကြားဝင်ဖျန်ဖြေလိုရန် မလိုအပ်ကြောင်း ဆိုထားသည်။

ဂ။ အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

ဃ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်း (ဂ) ပါ ဖြေဆိုချက်များနှင့် တိုက်ဆိုင် စစ်ဆေးစေပါ။

**အဖြေများ**

၁။ ရုပ်ပိုင်းဆိုင်ရာ ဖိနှိပ်မှု (ဥပမာ – ရိုက်နှက်ခြင်း)၊ လိင်ပိုင်းဆိုင်ရာ ဖိနှိပ်မှု (ဥပမာ – အဓမ္မပြုကျင့်ခံရခြင်း)၊ နှုတ်ဖြင့် စော်ကားမှု (ဥပမာ – ဆူပူကြိမ်းမောင်းခံရခြင်း)၊ စီးပွားရေးဆိုင်ရာ ဖိနှိပ်မှု (ဥပမာ – ငွေကြေးအသုံးပြုမှုကို ချုပ်ခြယ်ထားခြင်း)။

၂။ ယုံကြည်မှု ပေးအပ်ခံထားရသူများ (ခင်ပွန်းသည်၊ ရည်းစား)

၃။ တီဗွီများ၊ ရုပ်ရှင်များတွင် အမျိုးသမီးတို့အပေါ် စော်ကားအနိုင်ကျင့်မှုများကို ဖော်ပြနေကြဖြစ်၍ လူအများအကြားတွင် မထူးဆန်းတော့သော ကိစ္စတစ်ရပ်အသွင် ရှုမြင်လာကြသည်။

င။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ဖော်ပြပါ မေးခွန်းတို့ကို ဖြေဆိုစေပါ။

**အဖြေများ**

၁။ အမျိုးသားနှင့် အမျိုးသမီးတို့အကြား အခွင့်အာဏာတူမျှစွာ ရရှိနိုင်စေရန် မဖော်ဆောင်ပေးနိုင်ကြသောကြောင့်ဖြစ်သည်။ ထိုမျှသာမက လူ့အဖွဲ့အစည်းအတွင်း အမြစ်တွယ်နေသော အမျိုးသမီးများအပေါ် နှိမ့်ချဆက်ဆံခြင်းဟူသည့် စရိုက်ဆိုးများကြောင့်လည်း ဖြစ်ပေသည်။

၂။ လူမှုရေးဆိုင်ရာ ဖိအားများကြောင့် ဖြစ်သည်။ အမျိုးသမီးများအနေဖြင့် ၎င်းတို့အပေါ် ဖိနှိပ်အကြမ်းဖက်မှုများအကြောင်း ထုတ်ဖော် ရင်ဖွင့်ခွင့်မရရှိကြချေ။ သက်ဆိုင်ရာမှ အကာအကွယ်ပေးမှုများ၊ ဥပဒေများကိုလည်း မခံစားနိုင်ကြရဘဲ သတင်းမီဒီယာများကြောင့် အဆိုပါ အကြမ်းဖက်မှုများမှာ မဆန်းတော့သော ကိစ္စတစ်ရပ်အဖြစ်သို့ ရောက်ရှိလာရသည်။

၃။ အဆိုပါ ထိပါးနှောင့်ယှက်မှုများအကြား ကြီးပြင်းလာခဲ့ရသည့် ကလေးငယ်များမှာ ထိုအပြုအမူများကို အတုခိုးပြုမူလာတတ်ကြသည်။ ယောကျ်ားလေးများအနေဖြင့် ဇနီးသည်များအား ရိုက်နှက်ခြင်းမှာ ပုံမှန်အပြုအမူတစ်ရပ်ဟု ရှုမြင်သုံးသပ်လာနိုင်ပြီး မိန်းကလေးငယ်များအနေဖြင့်လည်း အရိုက်ခံရသည်မှာ အကျင့်ပါလာတတ်သည်။ ထို့အတူ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကလည်း အဆိုပါ အပြုအမူများကို တွန်းလှန်ရမည့်အစား လက်ပိုက်ကြည့်နေတတ်ကြပေသည်။

စ။ အမျိုးသားများအနေဖြင့် အကြမ်းဖက်မှုတို့ ကျူးလွန်ကြရသည့် အကြောင်းရင်းကို ဆွေးနွေး အဖြေရှာစေပါ။ ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။ ထို့နောက် ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှု သုံးသပ်စေပါ။

ဆ။ စာပိုဒ်ပါ ဖော်ပြချက်များနှင့် မေးခွန်း (စ) တွင် ဖြေဆိုခဲ့သည်တို့ ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးစေပါ။ Ban Ki Moon အဆိုတွင် ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးပါ။

**နီးစပ်သော အဖြေများ**

အချို့သော လူငယ်အမျိုးသားများအနေဖြင့် သူတို့ကြီးပြင်းလာသော ပတ်ဝန်းကျင်အရ အမျိုးသမီးတို့အပေါ် ခွဲခြားမှုများ၊ ဖိနှိပ်မှုများကို ယောကျ်ားပီသသည့် လုပ်ရပ်များဟု ထင်မြင်တတ်ကြပေသည်။

## ၈.၂ ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု (GBV) ဆိုသည်မှာ အဘယ်နည်း။

က။ ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု အမျိုးအစားများနှင့် ၎င်းနှင့်သက်ဆိုင်သည့် ဝေါဟာရများကို ဆွေးနွေးဖော်ထုတ်ပြီး၊ သင်ပုန်းပေါ်တွင် ရေးသား တင်ပြစေပါ။

**နီးစပ်သော အဖြေများ**

အိမ်ထောင်ဖက်ရည်းစားများမှ အကြမ်းဖက်မှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်တူချစ်သူများအပေါ် ထိပါးနှောင့်ယှက်မှုများ၊ နှုတ်ဖြင့် စော်ကားမှုများ၊ စီးပွားရေးဆိုင်ရာ ဖိနှိပ်မှုများ၊ အဓမ္မပြုကျင့်မှုများ၊ စစ်ဘေးဒဏ်မှ တိမ်းရှောင်ရင်း အကြမ်းဖက်ခံရမှုများ၊ လူကုန်ကူးခံရမှုများ (လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများနှင့် အခြားကိစ္စရပ်များ )

ခ။ ဖော်ပြပါ ဖြစ်ရပ်လေ့လာချက်တို့ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ ဖော်ပြပါ ဖြစ်ရပ်တိုင်းသည် ကျား၊ မ ဖြစ်မှု အခြေခံသော အကြမ်းဖက်မှုများ ဖြစ်သည်။

၂။

| | | |
|---|---|---|
| ရုပ်ပိုင်းဆိုင်ရာ ဖိနှိပ်မှု | – | ၃၊ ၆။ |
| လိင်ပိုင်းဆိုင်ရာ ဖိနှိပ်မှု | – | ၂၊ ၄၊ |
| နှုတ်ဖြင့် စော်ကားမှု | – | ၂၊ ၆။ |
| စီးပွားရေးဆိုင်ရာ ဖိနှိပ်မှု | – | ၁၊ ၅။ |

၃။

| | | |
|---|---|---|
| အသိုင်းအဝိုင်းဆိုင်ရာ | – | ၂၊ ၄။ |
| ပုဂ္ဂိုလ်ရေးရာ | – | ၁၊ ၃၊ ၅၊ ၆။ |

ဂ။ ထိုဖြေဆိုထားချက်များကို အတန်းဖော် အချင်းချင်း ဆွေးနွေးစေပါ။ သင်ခန်းစာအစတွင် သတ်မှတ်ဖွင့်ဆိုခဲ့သော 'ကျား၊ မ ဖြစ်မှု အခြေခံ၍ အကြမ်းဖက်မှု (GBV)' ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို ပြန်လည် သုံးသပ်ပြီး လိုအပ်သည်တို့ကို ဖြည့်စွက်ရန် အကြံပြုပါ။

**နီးစပ်သော အဖြေများ**

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အစရှိသော ဖိနှိပ်မှုအမျိုးမျိုးတို့သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ Gender ကွဲပြားမှုများအပေါ် အခြေခံပြီး ဖြစ်ပွား ပေါ်ပေါက် လျက်ရှိပေသည်။

- အောက်ပါ ကောက်နုတ်ချက်တို့ကို အသုံးပြု၍လည်း ကျောင်းသားများကို ရှင်းလင်းပြသပေးနိုင်သည်။

'ကျား၊ မ ဖြစ်မှု အပေါ် အခြေခံသော အကြမ်းဖက်မှု' ဟူသည့် စကားလုံးသည် လူတစ်ဦးတစ်ယောက်၏ စိတ်ဆန္ဒအလိုကို ဆန့်ကျင်ပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အနှောင့်အယှက်များပေးခြင်း ဟူသည့် အနက်ကို ဆောင်သည်။ အဆိုပါ ကိစ္စရပ်များ ဖြစ်ပွားပေါ်ပေါက်ရသည့် အကြောင်းရင်းမှာ အမျိုးသား၊ အမျိုးသမီးတို့အကြား အခွင့်အရေးများ၊ လုပ်ပိုင်ခွင့်များ မျှမျှတတ မဖန်တီးပေးနိုင်ကြ၍ ဖြစ်ပေသည်။ ကမ္ဘာတစ်ဝှမ်းမှ အမျိုးသမီးများအနေဖြင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများကို ပုံစံအမျိုးမျိုးဖြင့် ရင်ဆိုင်ခံစားနေကြရသည်။ ထိုနှောင့်ယှက်မှုပုံစံများတွင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အစရှိသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်သည်။ ထိုသို့ ထိပါးနှောင့်ယှက်သူ မှုဆိုးများမှာ ယဉ်ကျေးမှုပေါင်းစုံ၊ ကိုးကွယ်မှု ပေါင်းစုံမှ ဖြစ်ကြပြီး အမျိုးသမီးတို့၏ အနီးအနား မိတ်ဆွေများမှ ဖြစ်နိုင်သကဲ့သို့၊ ရပ်ရွာမြို့နယ်အတွင်းမှ မသိကျွမ်းဖူးသူတို့၏ နှောင့်ယှက်မှုများကိုလည်း ခံစားရနိုင်သည်။"

(Source: Gender Matters http://eucb.coe.int/gendermatters/chapter_2/1.html)

## ၈.၃ ယုံကြည်မှုပေးအပ်ထားသူမှ ဖိနှိပ်အကြမ်းဖက်ခြင်း

က။ အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းများကို ဖြေဆိုစေပါ။ကျောင်းသားတို့၏ အမြင်များကို မေးမြန်း ဆွေးနွေးပေးပါ။

ခ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး ဖြေဆိုထားချက်များနှင့် တိုက်ဆိုင် စစ်ဆေးစေပါ။

**အဖြေများ**

၁။ အိမ်ထောင်ဖက် (သို့) လက်တွဲဖော်မှ ဖိနှိပ်အနိုင်ကျင့်ခြင်း ကို ဆိုလိုသည်။ (ခင်ပွန်း၊ ဇနီးသည်၊ ရည်းစား စသည်)

၂။ ပတ်ဝန်းကျင်အနေဖြင့် အဆိုပါ ပြဿနာများကို အိမ်တွင်းရေး ကိစ္စဟုသာ မြင်တတ်ကြသည်။

၃။ အမျိုးသမီးများအနေဖြင့် လုပ်ပိုင်ပြောဆိုခွင့်များ မရရှိနိုင်ခြင်း၊ မှီခိုအားကိုးနိုင်လောက်သည့် နေရာ မရှာဖွေနိုင်ခြင်း၊ ခင်ပွန်းသည်အပေါ် စီးပွားရေးအရ မှီခိုနေရခြင်း၊ အထီးကျန်ဆန်ခြင်း၊ ရင်သွေးငယ် ကလေးများအတွက် ထည့်သွင်း စဉ်းစားခြင်း၊ မိမိအပြစ် ဟုသာ ခံယူထားတတ်ခြင်း အစရှိသည်တို့ကြောင့် ဖြစ်ပေသည်။

ဂ။ အဖွဲ့များ ဖွဲ့ပေးပါ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုသုံးသပ်၍ မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

- အကြမ်းဖက်ခံရသူအနေဖြင့် နီးစပ်ရာတွင် ဖွင့်ဟ အကြံဉာဏ် တောင်းခံနိုင်သည်။
- အဆိုပါ အကြမ်းဖက်မှုများကို တိုက်ဖျက်နေသည့် အဖွဲ့အစည်း တစ်ရပ်ရပ်ထံ တင်ပြနိုင်သည်။ (လူ့အခွင့်အရေး လှုပ်ရှားသူများ၊ ဥပဒေဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ အစရှိသည်ဖြင့် )
- အကြမ်းဖက်မှုများကို ကန့်ကွက်ရှုတ်ချသည့် လှုပ်ရှားမှုများ၊ အစီအစဉ်များကို ကျင်းပပေးနိုင်မည်၊
- အကြမ်းဖက်မှု၏ဒဏ်ကို ခံစားခဲ့ကြရသူများအတွက် နှစ်သိမ့်ပေးနိုင်မည့် ပွဲအခမ်းအနားများ စီစဉ် ပေးနိုင်သည်၊
- အဆိုပါ အကြမ်းဖက်မှုများအကြောင်း အများပြည်သူ အသိပညာပေး လှုပ်ရှားမှုများ ကျင်းပပေးနိုင်မည်။

ဃ။ ဖော်ပြပါ ဇယားကို ကြည့်ရှုသုံးသပ်ပြီး မည်သည်တို့ ဖော်ပြပါရှိသည်ကို သုံးသပ်စေပါ။

**အဖြေ**

(၂၀၀၀ –၂၀၀၂) အတွင်း နိုင်ငံပေါင်း (၇) နိုင်ငံရှိ အသက်အရွယ်အုပ်စု အသီးသီးမှ အမျိုးသမီးများအနေဖြင့် ယုံကြည်မှု ပေးအပ်ထားသူတို့၏ ရုပ်ပိုင်းဆိုင်ရာ ဖိနှိပ်မှု ခံကြရသည့် အခြေအနေများကို ဖော်ပြထားသည်။

င။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့် ဖြစ်စေ မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ အသက်အရွယ် ငယ်ရွယ်သည့် အမျိုးသမီးငယ်လေးများ၊

၂။ ယုံကြည်မှု ပေးအပ်ထားသူ၏ ထိပါးနှောင့်ယှက် ခံရခြင်းများတွင် အဆိုပါ နှောင့်ယှက်မှုခံရသူ၏ လူမှုရေး အခြေအနေ၊ အိမ်ထောင်ရေး အခြေအနေ၊ ကလေးအရေအတွက်၊ အလုပ်အကိုင်၊ အသက်အရွယ် အစရှိသည့် အကြောင်းအရပ်ရပ်တို့အပေါ် တည်မှီနေပေသည်။ အထူးသဖြင့် အမျိုးသမီးငယ်လေးများတွင် အဖြစ်များကြပြီး အရွယ်ရောက်ပြီး အမျိုးသမီးကြီး များမှာမူ မည်သို့ ရင်ဆိုင် ကျော်လွှားရမည်ကို သိရှိထား တတ်ကြသည်။

# ၈.၄ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

က။ 'လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု' အကြောင်း မေးမြန်း ဆွေးနွေးပေးပါ။

**နီးစပ်သော အဖြေများ**

လိင်မှုကိစ္စအခြေခံသည့် ထိပါးနှောင့်ယှက်မှုများ (ဥပမာ – အဓမ္မ ပြုကျင့်ခံရခြင်း)

- ယုံကြည်မှုပေးအပ်ထားသူတို့ထံမှ အကြမ်းဖက်မှု ခံစားကြရသည့် အမျိုးသမီးပမာဏ မည်မျှ ရှိသည်ကို ဆန်းစစ်စေပါ။

ခ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး ဖြေဆိုချက်များကို တိုက်ဆိုင် စစ်ဆေးစေပါ။

**အဖြေ**

၃။ ၂၅%

၈။ အဖွဲ့များ ဖွဲ့ပေးပါ။ စာပိုဒ်ပါ ဖော်ပြချက်များ၊ ကျောင်းသား တို့၏ အမြင်များကို အခြေခံလျက် တွေးမြင်ယူဆချက်များကို ဇယား၏ သင့်တော်သော နေရာတွင် ဖြည့်စွက်စေပါ။

**နီးစပ်သော အဖြေများ**

**လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပုံစံများ**

– အတင်းအဓမ္မပြုကျင့်မှု (သူစိမ်း၊ သူငယ်ချင်း၊ မိသားစုအသိုင်းအဝိုင်း၊ ချစ်သူရည်းစားယောကျ်ားများထံမှ) စစ်အတွင်း အတင်းအဓမ္မပြုကျင့်မှု ကလေးသူငယ်များနှင့် ကိုယ်ကာယချို့တဲ့သူများအပေါ် အမြတ်ထုတ်မှုများ၊ သန္ဓေတားဆေး သုံးခွင့် မပြုခြင်းနှင့် ကိုယ်ဝန်ဖျက်ချ ခိုင်းခြင်းများ၊ အလိုမတူဘဲ ပေါင်းသင်းမှုများ၊ လိင်လုပ်ငန်းတွင် အသုံးချရန်အတွက် လူကုန်ကူးမှုများ။

**အကြမ်းဖက်မှု၏ အကျိုးဆက်များ**

– ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးထိခိုက်မှုများ၊ လူ့အဖွဲ့အစည်းမှ စွန့်ပယ်ခံရမှုများ၊ မျိုးပွားကျန်းမာရေး ဆိုင်ရာ ထိခိုက်မှုများ။

**အကြမ်းဖက်မှုများကို ကန့်သတ်တားဆီးနိုင်ရေး**

– ပြည်သူ့ရဲများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုအခြေပြု အသင်းအဖွဲ့များ၊ အုပ်ချုပ်ရေး ဝန်ထမ်းများ အစရှိသည့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်း ဖော်ဆောင်ပေးနိုင်သည်။ အသိပညာပေး အစီအစဉ်များ၊ လှုပ်ရှားမှုများ၊ အကြမ်းဖက်မှုဒဏ်ကို ခံစားခဲ့ကြရသူများနှင့် အကြမ်းဖက်ပြုလုပ်သူများအတွက် ပညာပေး၊ အကူအညီ ပေးရေး လုပ်ငန်းများကို စီမံဆောင်ရွက်ပေးနိုင်ပေသည်။

## ၈.၅ ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ (GBV) ကို မည်သို့ တားမြစ် ထိန်းချုပ်နိုင်မည်နည်း။

က။ မေးခွန်းများကို ဆွေးနွေးစေပြီး ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။

ခ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုစေပါ။ အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းများကို ဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

၁။ အမျိုးသားအချင်းချင်းကြား စည်းရုံးလှုံ့ဆော်မှုများက ပိုမို ထိရောက်နိုင်၍ ဖြစ်သည်။ ဆရာများ၊ ဖခင်များ၊ ခေါင်းဆောင်အမျိုးသားများက တိုက်တွန်း နှိုးဆော်ခြင်းဖြင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများကို လျော့ချပေးနိုင်မည် ဖြစ်သည်။

၂။ (ကျောင်းသားများအနေဖြင့် အမျိုးသားဆိုင်ရာ အမြင်၊ အမျိုးသမီးဆိုင်ရာ အမြင်၊ နှစ်ဦးနှစ်ဘက်အမြင် စသည်ဖြင့် ရှုထောင့်ပုံစံအမျိုးမျိုးမှ ဖြေဆိုနိုင်စေမည်)

- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် အကြမ်းဖက်ခံရသူ၏ အနေအထိုင် မဆင်ခြင်မှုကြောင့် ဖြစ်သည် ဟူသော အတွေးအမြင်မှားများကို စွန့်ပယ်ကြရမည် ဖြစ်သည်။
- အကြမ်းဖက်မှု၏ သားကောင်ဖြစ်ကြရသည့် အမျိုးသမီးတို့၏ အတွေ့အကြုံများကို မျှဝေသိမြင်စေပြီး လိုအပ်သော အထောက်အပံ့များ ပေးအပ်နိုင်မည်၊
- အဆိုပါ အကြမ်းဖက်မှုများ ဖြစ်ပွားပါက အကူအညီတောင်းနိုင်မည့် နေရာများ၊ စခန်းများ စီမံပြုလုပ်ပေးထားသင့်သည်။
- အကြမ်းဖက်သူများအတွက် အသိပညာပေးလုပ်ငန်းများ စီစဉ်ပေးသင့်သည်။
- လူ့အခွင့်အရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် လှုံ့ဆော်ဆောင်ရွက်ပေးနိုင်မည်။

ဂ။ ကျောင်းသားများအား မေးခွန်းတို့ကို ဖြေဆိုစေပြီး ဆွေးနွေးမေးမြန်းပေးပါ။

**နီးစပ်သော အဖြေများ**

အလိုမတူဘဲ ဆက်ဆံရန် ကြံစည်မှုများ၊ အမူအပြောတို့ဖြင့် လိင်ကိစ္စအလို့ငှာ တောင်းဆိုမှုများ အစရှိသည်တို့ ပါဝင်ပေသည်။ (Source: http://legal-dictionary.thfreedictionary.com/)

အဆိုပါ စော်ကားမှုများတွင် ထိကပါးရိကပါးလုပ်ခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုမှုများ၊ အောက်ပိုင်းပြက်လုံးများကို အခြေအနေမှပင် မထောက်ထားဘဲ လျောင်ပြောင်ပြောဆိုတတ်ခြင်း အစရှိသည်တို့ ပါဝင်နိုင်ပေသည်။

ဃ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုစေပါ။ မည်သို့သော လူမှုပြဿနာများ ဖြေရှင်းလိုကြသည်၊ မည်သို့ အဖြေရှာ လုပ်ဆောင်နေကြသည်ကို ဆွေးနွေး ဖြေဆိုစေပါ။

**အဖြေများ**

**ပြဿနာ** – ဘတ်စ်ကားများပေါ်တွင် ကြုံတွေ့ရတတ်သည့် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ။ ဘတ်စ်ကားကြပ်သည့် အချိန်များတွင် အမျိုးသမီးများကို ထိကပါးရိကပါး လုပ်တတ်သည့် အမျိုးသားအချို့ရှိနေပြီး ထိုအပြုအမူများကို ထုတ်ပြောရန်၊ တားဆီးရန်မှာ မလွယ်ကူသော ကိစ္စတစ်ရပ် ဖြစ်နေသည်။

**လုပ်ဆောင်ချက်များ** – အမျိုးသမီးများကို ဝီစီများ ဖြန့်ဝေပေးထားပြီး အဆိုပါ စော်ကားမှုများနှင့် ကြုံတွေ့ရပါက ထိုဝီစီဖြင့် အကူအညီတောင်းနိုင်မည် ဖြစ်သည်။ အမျိုးသမီး သီးသန့်ယာဉ်လိုင်းများ စီစဉ်ပေးနိုင်မည်။ တာဝန်သိ အမျိုးသားများအနေဖြင့်လည်း အမျိုးသမီးများ အဆိုပါ ဒုက္ခတို့မှ ကင်းဝေးစေရန် ကူညီ ရပ်တည်ပေးနိုင်မည်။

၄။ အဖွဲ့များ ဖွဲ့ပေးပြီး Whistle Campaign အောင်မြင်စေရန် မည်သည်တို့က ပံ့ပိုးကူညီပေးခဲ့ကြသည်ကို ဆွေးနွေးစေပါ။

**အဖြေများ**

- ပြဿနာကို စနစ်တကျ တွက်ထုတ် ပုံဖော်နိုင်ခြင်း၊
- သင့်လျော်ကိုက်ညီမည့် လုပ်ဆောင်ချက်များဖြင့် အဖြေရှာ ဆောင်ရွက်ခြင်း၊
- ပြည်သူလူထုက ပူးပေါင်းပါဝင်ခြင်း (ဘတ်စ်ကား ဆရာများ၊ ကုမ္ပဏီများ၊ နိုင်ငံရေးသမားများ၊ ခရီးသည်များ)
- လိုအပ်သော လူအား၊ ပစ္စည်းအား ထောက်ပံ့ပေးနိုင်ခြင်း။
- အဖွဲ့များ ဖွဲ့ပေးပါ။

၅။ ထို့နောက် ဖော်ပြပါ လုပ်ဆောင်ချက်များအတွက် မည်သည်တို့က အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာ စော်ကားဖိနှိပ်မှုများမှ ကင်းဝေးစေနိုင်မည့် နည်းစနစ်များ ဖြစ်သည်၊ ၎င်းတို့ကို ကျင့်သုံးလိုက်နာရာတွင် မည်သို့သော အခက်အခဲများနှင့် ကြုံတွေ့နိုင်သည်၊ မည်သို့သော အကျိုးရလဒ်များ ခံစားရရှိနိုင်သည်ကို ဆွေးနွေး သုံးသပ်စေပါ။

**နီးစပ်သော အဖြေများ**

၁။ ထိရောက် အကျိုးရှိနိုင်မည် ဖြစ်သော်လည်း အမျိုးသမီးများအနေဖြင့် စိတ်အနှောင့်အယှက် ဖြစ်စေနိုင်သည်။

၂။ ထိရောက်သော ဖြေရှင်းချက်တစ်ရပ် ဖြစ်သည်။ သို့ရာတွင် အကောင်အထည်ဖော်နိုင်ရန်အတွက် ရဲများ၊ တရားရေးဝန်ထမ်းများ အစရှိသူတို့၏ အကူအညီလိုအပ်ပြီး လိုအပ်ချက်များပြားသည်ကို တွေ့ရသည်။

၃။ ထိရောက် အကျိုးရှိနိုင်ပေမည်။ အမျိုးသမီးများအနေဖြင့် ပြောရဲဆိုရဲ ရှိလာကြပြီး လူမှုအသိုင်းအဝိုင်း၏ နားလည်မှု၊ ထောက်ခံမှုများလည်း ရရှိလာနိုင်သည်။ အဆိုပါ လုပ်ဆောင်ချက်မှာ Whistle Campaign နှင့် အလားသဏ္ဍာန်တူပြီး အမျိုးသမီးများ၏ အရည်အသွေးကို မြှင့်တင်ပေးရာလည်း ရောက်သည်။ စော်ကားမှုများကို ကျူးလွန်သူတို့အနေဖြင့် အခြေအနေ မဟန်ကြောင်း တွေ့ရပါက သူတို့၏ အကြံအစည်ကို စွန့်လွှတ်တတ်ကြပေသည်။

၆။ အဖွဲ့များ ဖွဲ့ပေးပြီး 'လိင်ပိုင်းဆိုင်ရာ စော်ကား ဖိနှိပ်မှုများ' ကို တားမြစ်နိုင်မည့် လှုပ်ရှားမှုတစ်ရပ်ကို စဉ်းစား ဖော်ထုတ်စေပါ။

- ကျောင်းသားများအနေဖြင့် မည်သို့သော စော်ကားမှုများကို တိုက်ဖျက်လိုကြောင်း ဆွေးနွေးစေပါ။ အလုပ်ခွင်အတွင်း စော်ကားမှု၊ ရပ်ကွက်အတွင်း နှောင့်ယှက်မှုများ၊ စားသောက်ဆိုင်အတွင်း စော်ကားမှု အစရှိသည်ဖြင့် ရွေးချယ်နိုင်သည်။
- ထိုရွေးချယ်ထားသည့် စော်ကားမှုအတွက် မည်သို့ဖြေရှင်းဆောင်ရွက်နိုင်မည်ကို ဆွေးနွေး သုံးသပ်စေပါ။
- ထို့နောက် ပိုစတာတစ်ရွက် ပြုစုရေးသားပေးပြီး အတန်းဖော်များထံ တင်ပြ ဆွေးနွေးပေးပါ။

# အခန်း (၈) ပြန်လည်သုံးသပ်ခြင်း

က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်ပြီး သက်ဆိုင်ရာ မေးခွန်းများကို ဆွေးနွေး အဖြေရှာစေပါ။ ထိုသို့ ဖြေဆိုရာတွင် မေးခွန်းတစ်ခုစီအတွက် အတန်းဖော်ကျောင်းသားတစ်ဦးစီနှင့် ပြောင်းလဲ လုပ်ဆောင်စေနိုင်သည်။

ခ။ ဖော်ပြပါ ဝေါဟာရများအတွက် သင်ခန်းစာပါ အကြောင်းအရာများအား အခြေခံလျက် ကျောင်းသားတို့၏ ကိုယ်ပိုင်ဖွင့်ဆိုချက်များ ပြုစုပေးရမည် ဖြစ်သည်။ ထိုသို့ ပြုစုရာတွင် အဘိဓာန်ပါ ဖွင့်ဆိုချက်များ ထည့်သွင်း အသုံးမပြုကြစေရန် ကြပ်မတ်ပေးရမည် ဖြစ်သည်။

ဂ။ မေးခွန်းတစ်ရပ်စီအတွက် ရှင်းလင်းချက်များ၊ အဖြေများ အပြည့်အစုံပါရှိသည့် စာပိုဒ်တစ်ပိုဒ်စီ ရေးသား ဖြေဆိုစေပါ။

# အခန်း (၉)

## tEpSsKyfonfSGf

- သင်ခန်းစာများကို စတင်မသင်ကြားမီ 'အနှစ်ချုပ် သိမှတ်ဖွယ်' ပါ ရေးသား ရှင်းလင်းထားချက်များကို ဦးစွာ ဖတ်ရှုစေပါ။
- အဆိုပါ အကြောင်းအရာများကို လေ့လာသိရှိထားမှုရှိ၊ မရှိ စစ်ဆေး မေးမြန်းပေးပါ။

## oifu;rqkSm &nfSGcsufsm;

- 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' တွင် ပါရှိသည့် ရေးသားဖော်ပြထားချက်များကို ကျောင်းသားများ ဖတ်ရှုစေပါ။ နားမလည်သည့် အချက်အလက်များ ရှိပါက ရှင်းလင်းပြသပေးပါ။
- သင်ခန်းစာများကို သင်ကြားပြီးသည့် အခါ၌ အဆိုပါ ရည်မှန်းချက်များကို ထပ်မံ ဖတ်ရှုစေပြီး ကျောင်းသား များအနေဖြင့် ဖော်ပြပါ 'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' ပြည့်မီမှုရှိ၊ မရှိ ဆန်းစစ် သုံးသပ်စေပါ။

# အခန်း (၉) လိင်မှုလုပ်ငန်းများ

## ၉.၁ အရှေ့တောင်အာရှဒေသအတွင်းမှ ပြည့်တန်ဆာလုပ်ငန်း

က။ လိင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ မည်သို့ လေ့လာသိရှိထားသည်ကို မေးမြန်းပေးပါ။ ကျောင်းသားတို့၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။

ခ။ ဖော်ပြပါ ပြောဆိုချက်ကို ဖတ်ရှုပြီး အချို့သူတို့အနေဖြင့် အဘယ်အကြောင်းကြောင့် လိင်မှုလုပ်ငန်းများဖြင့် အသက်မွေးကြရသည်ကို သုံးသပ် ဆင်ခြင်စေပါ။ ကျောင်းသား၊ ကျောင်းသူများအား တက်နိုင်သလောက် စဉ်းစားနိုင်ရန် အားပေးပါ။ ကျောင်းသားတို့၏ ဖြေကြားချက်များကို သင်ပုန်းပေါ်တွင် ဖော်ပြပေးပါ။

ဂ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

**အဖြေများ**

၁။ လိုင်လုပ်ငန်းများသည် ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်များ၊ စီးကရက် နှင့် အဖျော်ယမကာ အစရှိသည့် အခြားသော စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွှယ်လျက်ရှိသည်။ လိုင်လုပ်သားများအနေဖြင့် မြို့ကြီးပြကြီးများ၊ ပြည်ပတိုင်းပြည်များတွင် လှည့်လည်လုပ်ကိုင်ကြပြီး မိသားစုကို ထောက်ပံ့ ပေးကမ်းနိုင်ကြသည်။ ထို့အပြင် ပညာအရည်အချင်း သတ်မှတ်ထားချက်များမရှိဘဲ ဝင်ငွေကောင်းကောင်းဖြင့် လုပ်ကိုင် နေထိုင်စားသောက်နိုင်ကြပေသည်။

၂။ လိုင်လုပ်ငန်းများ ကြီးထွားလာရသည့် အကြောင်းရင်းတို့တွင် အစိုးရ၏ ဆင်းရဲသား လူမွဲများအပေါ် ထောက်ပံ့ပေးမှုများ လျော့နည်းခြင်း နှင့် ပညာအရည်အချင်း နည်းပါးသော သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် ဖြစ်သည်။

၃။ မေးခွန်း (ခ) တွင် ဖြေဆိုထားချက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည်တို့ကို ထပ်မံ ဖြည့်စွက်စေပါ။

ဃ။ မေးခွန်း (ခ) တွင် ဖြေဆိုထားချက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည်တို့ကို ထပ်မံဖြည့်စွက်စေပါ။

**နီးစပ်သော အဖြေများ**

- အခြားသော အလုပ်အကိုင်များထက် ဝင်ငွေ ပိုမိုကောင်းမွန်ခြင်း၊
- မိသားစုကို ထောက်ပံ့ပေးနိုင်ခြင်း၊
- လူကုန်ကူးမှုများ၊
- ကိုယ်ပိုင်ဆန္ဒအရ ဝင်ရောက်လုပ်ကိုင်ခြင်း၊
- ပြည်ပသို့ သွားရောက် လုပ်ကိုင်နိုင်ခြင်း။

# ၉.၂ လိင်မှုလုပ်ငန်းဖြင့် အသက်မွေးနေရသူတို့၏ ဘဝအခြေအနေ

က။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

**အဖြေများ**

၁။ ငွေကြေးအခက်အခဲကြောင့်ဖြစ်ပြီး သမီးကလေးကို ကျွေးမွေးစောင့်ရှောက်လို၍ ဖြစ်သည်။

၂။ ပြည့်တန်ဆာခေါင်းသည် လိင်လုပ်သားတို့ကို ဖောက်သည် ဖြစ်သူနှင့် ချိတ်ဆက်ပေးပြီး ငွေကြေး အကျိုးအမြတ်အချို့ကို ခံစားရသည်။

၃။ သူ့အနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ အကူအညီမှု မယူတော့ဘဲ လွတ်လပ်စွာ လှည့်လည် လုပ်ကိုင်လျက်ရှိသည်။ ထို့ကြောင့်လည်း ငွေပိုမို စုဆောင်းလာနိုင်ခဲ့သည်။ ယခင်က ထိုအလုပ်ပေါ်၌ စိတ်ပျက်ခဲ့သော်လည်း ယခုအခါတွင် မည်သို့မှု မခံစားရတော့ချေ။ အဘယ့်ကြောင့်ဆိုသော် မိသားစုကို ကောင်းစွာ ထောက်ပံ့လာနိုင်သောကြောင့် ဖြစ်သည်။

ခ။ ဖော်ပြပါ မေးခွန်းကို ကျောင်းသားများနှင့်အတူ ဆွေးနွေး ဖြေဆိုပေးပါ။

ဂ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုစေပါ။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

ဆင်းရဲသော အသိုင်းအဝိုင်းမှ မွေးဖွားကြီးပြင်းခဲ့ရသည့် လိင်လုပ်သားများအနေဖြင့် ရွေးချယ်ခွင့် မရရှိကြရဘဲ လိင်လုပ်ငန်းကို ဝမ်းရေးအလို့ငှာ လုပ်ကိုင်ကြရသည်။ ထိုသူတို့အနေဖြင့် လိင်လုပ်ငန်းမှ ရရှိသည့် ငွေကြေး တစ်ချို့တစ်ဝက်သာလျှင် စုမိ ဆောင်းမိရှိကြသည်။ အချို့ကလည်း လုံလောက်သည့် ငွေကြေးရရှိပါက လုပ်ငန်း အသစ်တစ်ခုခုတွင် ရင်းနှီးလုပ်ကိုင်တတ်ကြသည်ကို တွေ့ရသည်။

အချို့သော လိင်လုပ်သားများမှာ နောက်ခံ အသင့်အတင့် ရှိသူများ ဖြစ်ကြပြီး အလုပ်အကိုင်အခြေအနေများမှာ လည်း ကောင်းမွန်တတ်ကြပေသည်။ ထိုသူတို့အနေဖြင့် ကိုယ့်သဘောဆန္ဒအတိုင်း ဝင်ရောက် လုပ်ကိုင်လျက်ရှိကြ သည်ကို တွေ့ရပေသည်။

ဃ။ အဖွဲ့များ ဖွဲ့ပေးပါ။ ဖော်ပြပါ ဖြစ်ရပ်တို့ကို လေ့လာစေပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။ ကျောင်းသားတို့၏ ကိုယ်ပိုင် အတွေးအမြင်များကို ဆွေးနွေးဖော်ပြကြရန် တိုက်တွန်း ပေးပါ။

**နီးစပ်သော အဖြေများ**

၁။

**ဖြစ်ရပ်လေ့လာချက် ၁** – သွယ်သွယ်အနေဖြင့် လူယုံဖြစ်သူ၏ နောက်ကျောခါးနှင့် အထိုးခံရသည့်အဖြစ်မျိုး ကြုံတွေ့ခဲ့ရပြီး လိင်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်။

**ဖြစ်ရပ်လေ့လာချက် ၂** – အဒေါ်ဖြစ်သူကို ထောက်ပံ့ပေးရန် အတွက် မျိုးကြီးမှာ လိင်လုပ်ငန်းဖြင့် အသက်မွေးခဲ့ရခြင်း ဖြစ်သည်။

**ဖြစ်ရပ်လေ့လာချက် ၃** – ထွေးထွေးအနေဖြင့် အပိုဝင်ငွေ စုဆောင်းလို၍ ဖြစ်သည်။

၂။

**ဖြစ်ရပ်လေ့လာချက် ၁** – သွယ်သွယ်မှာ အလိမ်ခံခဲ့ရသူဖြစ်၍ ရွေးချယ်ခွင့်များ မရရှိခဲ့ချေ။

**ဖြစ်ရပ်လေ့လာချက် ၂** – မျိုးကြီးမှာ သူကိုယ်တိုင် ရွေးချယ် လုပ်ကိုင်ခြင်း ဖြစ်သည်။

**ဖြစ်ရပ်လေ့လာချက် ၃** – ထွေးထွေးသည်လည်း ရွေးချယ်ခွင့်၊ လွတ်လပ်ခွင့်များ ရရှိခဲ့သည်။

၄။ ကျောင်းသားများအနေဖြင့် ဖြစ်ရပ်လေ့လာချက်ပါ ပုဂ္ဂိုလ်တို့ ရင်ဆိုင်ကြုံတွေ့နေကြရသည့် အခက်အခဲများကို မည်သို့ ကူညီဖြေရှင်းပေးနိုင်မည်ကို ဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

မျိုးကြီးအနေဖြင့် အခက်အခဲသိပ်မရှိသည်ကို တွေ့ရသည်။ မိမိနှင့် ဘဝတူသူများ၏ အကျိုးအတွက် ပျော်ပျော်ရွှင်ရွှင် ဘဝကို ဖြတ်သန်းလျက်ရှိကြောင်း တွေ့ရပေသည်။

သွယ်သွယ်နှင့် ထွေးထွေးတို့မှာ လူ့အဖွဲ့အစည်းနှင့် အာဏာပိုင်တို့၏ လျစ်လျူရှုမှုများ ခံစားနေရသည်ကို တွေ့ရပေသည်။ ထွေးထွေးအနေဖြင့် အကြမ်းဖက်မှုများ ကြုံတွေ့ရမည်ကို ထိတ်လန့်လျက်ရှိသည်ကို တွေ့ရ ပေသည်။

အသိပညာပေး လုပ်ငန်းများ၊ လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုများ ဖော်ဆောင်ပေးခြင်းဖြင့် အဆိုပါ ဒုက္ခ အခက်အခဲများကို ဖြေလျော့ပေးနိုင်ပေမည်။

# ၉.၃ လိင်မှုလုပ်ငန်းဖြင့် အသက်မွေးသူတို့၏ 'သောက'

က။ အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။ ထိုဖြေဆိုချက်များကို ဇယားနှင့် ဖော်ပြစေပါ။

ခ။ စာပိုဒ်ကို ဖတ်ရှုစေပြီး ဇယားတွင် ရေးသား ပြုစုထားချက်များကို ပြန်လည် စစ်ဆေးစေပါ။

ဂ။ အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။ ဖြေဆိုချက်များကို အခြားသော အတန်းဖော်များထံ ဆွေးနွေး တင်ပြစေပါ။

**နီးစပ်သော အဖြေများ**

၁။ လိင်လုပ်သားများအနေဖြင့် အဆိုပါ လုပ်ငန်းကို ကြီးကြပ်နေသူများနှင့် ဖောက်သည်အချို့တို့၏ အကြမ်းဖက်မှုများကို ခံစားနေကြရပြီး မိသားစုနှင့် ပတ်ဝန်းကျင်တို့၏ လျစ်လျူရှုမှုတို့ကိုပါ ခံစားကြရလျက်ရှိသည်။

၂။ လိင်လုပ်သားတို့ လုပ်ကိုင်ကြရသည့် နေရာမှာ အန္တရာယ်ထူပြောပြီး သက်ဆိုင်ရာ အာဏာပိုင်များနှင့် ရဲများက ၎င်းတို့၏ အခြေအနေများကို အလေးထားခြင်း မရှိကြချေ။ အပြစ်သားများဟုပင် သဘောထားတတ်ကြသေးသည်။

ဃ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုစေပြီး မေးခွန်း (က) ပါ ဇယားကို ပြန်လည် သုံးသပ်၍ လိုအပ်သည်တို့ကို ဖြည့်စွက်စေပါ။

**နီးစပ်သော အဖြေများ**

**ကြုံတွေ့ရသည့်အန္တရာယ်များ** – လိင်လုပ်သားများ အနေဖြင့် အကြမ်းဖက်မှုများ၊ ထိပါးနှောင့်ယှက်မှုများ၏ သားကောင်များ ဖြစ်ကြရသည်ကို တွေ့ရှိရသည်။ ဖောက်သည်များ၊ ရဲများ၊ အာဏာပိုင်များ၊ ပြည့်တန်ဆာခေါင်းများနှင့် အခြားသော အသင်းအဖွဲ့များကလည်း ၎င်းတို့ကို ပစ်ပယ်ထားတတ်ကြပေသည်။ ထို့အပြင် လိင်ဆက်ဆံခြင်းမှ ကူးစက်တတ်သည့် ရောဂါများဖြစ်သည့် HIVနှင့် STDတို့ကို ခံစားရတတ်ကြောင်း တွေ့ရပေသည်။

**အဖြေများ** – လိင်လုပ်သားဆိုင်ရာ အခွင့်အရေးများကို အများပြည်သူ သိရှိနိုင်စေရန် ဖြန့်ဝေပေးခြင်း၊ လိင်လုပ်သားများကို အကာအကွယ်ပေးမည့် ဥပဒေများ ထားရှိပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ပညာပေးအစီအစဉ်များ ဖန်တီးပေးထားခြင်း။

င။ မြန်မာပြည်မှ လိင်လုပ်သားများအနေဖြင့် မည်သို့သော ဘဝအခြေအနေများ ပိုင်ဆိုင်ထားကြသည်၊ မည်သည့် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရသည်၊ တရားဥပဒေအရ အသိအမှတ်ပြုမှုများ ခံစားရရှိမှု အနေအထား အစရှိသည် တို့ကို ကျောင်းသားများအား ဆွေးနွေးမေးမြန်းပေးပါ။

စ။ ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများနှင့်အတူ ဆွေးနွေး ဖြေဆိုပေးပါ။

**အဖြေများ**

၁။ ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုး (Human Immnunodeficiency virus infection – HIV) သည် ကူးစက်ပြန့်ပွားတတ်သည့် ရောဂါပိုးတစ်မျိုး ဖြစ်ပြီး ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်း၊ ပိုးရှိသူ၏ သွေးသွင်းမိခြင်း၊ ရောဂါရှိသူ မိခင်မှ သန္ဓေသားကို ကူးစက်နိုင်ခြင်း အစရှိသည်တို့ ပါဝင်သည်။

၂။ ထိုရောဂါကို ကာကွယ်ရန်အတွက် ဆက်ဆံရာတွင် ကွန်ဒုံးကို အသုံးပြုနိုင်သည်။ ထို့အပြင် ကွန်ဒုံးအသုံးပြုခြင်းဖြင့် အခြားသော လိင်ဆက်ဆံရာမှ ရရှိနိုင်သည့် ရောဂါများနှင့် ကိုယ်ဝန်ရရှိခြင်းတို့ကိုလည်း ဟန့်တားနိုင်သည်။

ဆ။ စာပိုဒ်ကို ဖတ်ရှုပြီး ကွန်ဒုံး အသုံးပြုခြင်းနှင့် ၄င်း၏အမျိုးသမီးများ၊ လိင်လုပ်သားများအပေါ် မည်သို့ အကျိုးသက်ရောက်နိုင်သည်ကို ဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

လိင်လုပ်သားများအနေဖြင့် ကိုယ်ဝန်ရရှိစေနိုင်သည့် အနေအထား များပြားပြီး၊ HIV နှင့် အခြားသော လိင်ပိုင်းဆိုင်ရာ ရောဂါများကိုလည်း အလွယ်တကူ ကူးစက်ခံရနိုင်သည်။ ကွန်ဒုံးအသုံးပြုခွင့်၊ သယ်ဆောင်ခွင့်များ ပေးအပ်ထားခြင်းဖြင့် အဆိုပါ ဘေးအန္တရာယ်တို့မှ ရှောင်ရှားနိုင်ကြမည် ဖြစ်သည်။ တစ်ဖက်ကကြည့်လျှင်လည်း အမျိုးသမီးတစ်ဦး ကွန်ဒုံးဆောင်ထားပါက လိင်လုပ်သားဟု အထင်အမြင် လွဲခံရတတ်ပေသည်။

ဇ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုစေပါ။

**အဖြေများ**

၁။ သတင်းမီဒီယာများသည် လိင်လုပ်သားများကို ဆင်းရဲပြီး ဘဝကို ရုန်းကန်ရသူများဟု ဖော်ပြတတ်ကြသော်လည်း အချို့သော လိင်လုပ်သားတို့၏ အခြေအနေများမှာ ထိုဖော်ပြထားချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်လျက်ရှိသည်။ လိင်လုပ်သားအချို့မှာ ကိုယ်ပိုင်ခံယူချက်အရ ဝင်ရောက်လုပ်ကိုင်တတ်ကြပြီး ၄င်းမှ ရရှိသော ဝင်ငွေဖြင့် မိသားစုနှင့် အသိုင်းအဝိုင်း အဆွေအမျိုးများအတွက်ပါ ထောက်ပံ့ ပေးကမ်းလျက် ရှိသည်ကို တွေ့ရပေသည်။

၂။ လိင်မှုလုပ်ငန်းသည် ထိုက်တန်သော အဖိုးအခကို လက်ခံ၍ ဆက်ဆံပေးခြင်းကို ဆိုလိုပြီး လူကုန်ကူးမှုများတွင်မူ ရပိုင်ခွင့်၊ ခံစားခွင့်များ မပါရှိဘဲ အဓမ္မ စေခိုင်းခြင်း၊ ဆက်ဆံစေခြင်း အစရှိသည်တို့ ပါဝင်တတ်ပေသည်။ လူကုန်ကူးမှုများတွင် မူရင်းနေရပ်မှ ဝေးကွာသည့် ဒေသများသို့ ခေါ်ဆောင်လာပြီး ချုပ်နှောင်၊ ခိုင်းစေတတ်သည့် လုပ်ရပ်များကိုလည်း တွေ့ရပေသည်။

ဈ။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ လိင်လုပ်သားများ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာအခက်အခဲတစ်ရပ်နှင့် မည်သို့ အဖြေရှာ ဆောင်ရွက်နိုင်မည်ကို ရွေးချယ် သုံးသပ်စေပါ။

- ကျောင်းသားများအနေဖြင့် အဆိုပါ လုပ်ငန်းများ ဖော်ဆောင် ပေးနေသည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို လေ့လာပြီး အချက်အလက်များ စုဆောင်း ရရှိနိုင်သည်။
- လိုအပ်ပါက ထိုအဖွဲ့အစည်းထံ ကိုယ်တိုင်သွားရောက် စေပြီး လုပ်ငန်းစဉ်များကို မေးမြန်းစုံစမ်းစေနိုင်သည်။ ထိုသို့ မဆောင်ရွက်နိုင်ပါက ဒေသတွင်းနှင့် နိုင်ငံတကာ မှ အဖွဲ့အစည်းများအကြောင်း အင်တာနက်တွင် ရှာဖွေ နိုင်သည်။
- ထိုရှာဖွေ စုဆောင်းထားချက်များကို အတန်းဖော်များထံ တင်ပြ ဆွေးနွေးပေးရန် အကြံပြုပါ။

# အခန်း (၉) ပြန်လည်သုံးသပ်ခြင်း

က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်ပြီး သက်ဆိုင်ရာ မေးခွန်း များကို ဆွေးနွေး အဖြေရှာစေပါ။ ထိုသို့ ဖြေဆိုရာတွင် မေးခွန်းတစ်ခုစီအတွက် အတန်းဖော်ကျောင်းသားတစ်ဦးစီ နှင့် ပြောင်းလဲ လုပ်ဆောင်စေနိုင်သည်။

ခ။ ဖော်ပြပါ ဝေါဟာရများအတွက် သင်ခန်းစာပါ အကြောင်း အရာများအား အခြေခံလျက် ကျောင်းသားတို့၏ ကိုယ်ပိုင် ဖွင့်ဆိုချက်များ ပြုစုပေးရမည် ဖြစ်သည်။ ထိုသို့ပြုစုရာတွင် အဘိဓာန်ပါ ဖွင့်ဆိုချက်များ ထည့်သွင်း အသုံးမပြုကြစေရန် ကြပ်မတ်ပေးရမည် ဖြစ်သည်။

ဂ။ မေးခွန်းတစ်ရပ်စီအတွက် ရှင်းလင်းချက်များ၊ အဖြေများ အပြည့်အစုံပါရှိသည့် စာပိုဒ်တစ်ပိုဒ်စီ ရေးသား ဖြေဆို စေပါ။

# အခန်း (၁၀) နိဂုံးချုပ် သိမှတ်ဖွယ်

## ၁၀.၁ Gender နှင့် မြန်မာ့လူ့အဖွဲ့အစည်း

က။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

- ကျောင်းသားတို့၏ ဖြေဆိုချက်များကို ဆွေးနွေး မေးမြန်း ပေးပါ။

ခ။ ကျောင်းသားတို့၏ ကိုယ်ပိုင်အမြင်များကို အခြေခံပြီး တစ်ဦးချင်းစီ ဖော်ပြပါ စာကြောင်းများကို ပြည့်စုံအောင် ရေးသားစေပါ။

- ထိုပြုစုထားချက်များကို စာသင်ခန်းနံရံတွင် ချိတ်ဆွဲပြီး အတန်းဖော်များ၏ ဖြေဆိုချက်များကို လှည့်လည်ကြည့်ရှုစေပါ။

ဂ။ ဖော်ပြပါ ကာတွန်းရုပ်ပုံကို ကြည့်ရှုသုံးသပ်ပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သောအဖြေ**

ကာတွန်းပုံပါ အမျိုးသမီးများအနေဖြင့် အခြားသော အမျိုးသမီးမှာ အဖိနှိပ်ခံနေရကြောင်း၊ ယောကျ်ားကြီးစိုးသည့် လောကကြီးတွင် နေထိုင်ရသည်မှာ သနားဖွယ်ဖြစ်ကြောင်း အထင်အမြင်များ ကွဲပြားလျက်ရှိပုံနှင့် သရုပ်ဖော်ထားသည်။ အနောက်တိုင်း အမျိုးသမီး၏အမြင်တွင် မွတ်ဆလင် အမျိုးသမီးများအနေဖြင့် ယောကျ်ားတို့၏ ဆန္ဒကိုလိုက်၍ လုံလုံခြုံခြုံ ဝတ်ဆင်ရကြောင်း၊ မွတ်ဆလင်အမျိုးသမီး၏ အမြင်တွင်လည်း အနောက်တိုင်း အမျိုးသမီးများမှာ ယောကျ်ားတို့အလိုကျ ပေါ်ပေါ်ထင်ထင် ဝတ်စားတတ်ကြကြောင်း အစရှိသည်ဖြင့် အတွေးအထင် ကွဲပြားပုံများကို တင်ပြထားသည်။ ထိုအမျိုးသမီးများအနေဖြင့် ထိုသို့ ဝတ်ဆင်ကြရခြင်းမှာ သူတို့၏ စိတ်ဆန္ဒအရ ဝတ်ဆင်သည်ဟု ကောက်ချက်ချမှု မရှိသည်ကိုလည်း တွေ့ရပေသည်။

ဃ။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ ကျောင်းသားတို့၏ပတ်ဝန်းကျင်တွင် အဖြစ်များသည့် Gender ဆိုင်ရာ အကြောင်းအရာတစ်ရပ်ကို အခြေခံလျက် ကာတွန်းရုပ်ပုံ တစ်ခု ရေးဆွဲစေပါ

- ကျောင်းသားတို့၏ ရေးဆွဲချက်များကို စာသင်ခန်းနံရံတွင် ချိတ်ဆွဲပေးပြီး ရှင်းလင်းတင်ပြစေပါ။
- အတန်းဖော်တို့ ရေးဆွဲထားသည့် ရုပ်ပုံများကို လှည့်လည် ကြည့်ရှုစေပါ။

## ၁၀.၂ ပြန်လည်ဆန်းစစ်ခြင်း

က။ ဖော်ပြပါ စာကြောင်းများကို အဓိပ္ပာယ်ပေါ်လွင်အောင် ဖြည့်စွက်စေပါ။

- အခန်း (၁.၄)၊ မေးခွန်း (ဂ) တွင် ဖြေဆိုထားချက်များ နှင့် ပြန်လည် တိုက်ဆိုင်စစ်ဆေးပြီး မည်သို့သော ပြောင်းလဲမှုများ တွေ့ရှိရသည်ကို ဆန်းစစ်စေပါ။
- ထိုသို့သော ပြောင်းလဲမှုများ အကြောင်းကို နှစ်ယောက် တစ်တွဲ တွဲပေးပြီး ဆွေးနွေးစေပါ။
- ကျောင်းသားအချို့၏ လေ့လာကောက်ချက်ချမှုများကို မေးမြန်းပေးပါ။

ခ။ အဖွဲ့များ ဖွဲ့ပြီး အဖွဲ့တစ်ဖွဲ့လျှင် အခန်းတစ်ခန်းစီ တာဝန်ယူစေပါ။

- အခန်းအစတွင် ဖော်ပြထားသော သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များကို ကြည့်ရှုပြီး အဖွဲ့ဝင်တိုင်းအနေဖြင့် ထိုရည်မှန်းချက်များကို ခွဲဝေသုံးသပ်စေပါ။
- ထို့နောက် အဖွဲ့ဝင်များအနေဖြင့် အဆိုပါ ရည်မှန်းချက်များ ပြည့်မီမှုရှိ၊ မရှိ ဆန်းစစ်စေပါ။
- ဆွေးနွေး အတည်ပြုစေပါ။
- ထိုအခန်းပါ အကြောင်းအရာများ၊ ဖော်ပြပါရှိချက်များကို အခြားသော အဖွဲ့များထံ တင်ပြဆွေးနွေးစေပါ။

**အခန်း (၆) တွင် ပါရှိသည့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများမှ ကောက်နှုတ်ဖော်ပြချက်များ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အစိုးရလုပ်ငန်းဆောင်တာများတွင် အမျိုးသား၊ အမျိုးသမီးတို့၏ ညီမျှစွာ ပါဝင်မှု အနေအထားများကို သိရှိလာနိုင်မည် ဖြစ်သည်။

ကျွန်တော့်အနေဖြင့် အချို့သောနိုင်ငံများတွင် အမျိုးသမီးများထက် အမျိုးသားများက နိုင်ငံရေးတွင် ပိုမိုပါဝင်ကြရသည့် အကြောင်းရင်းကို သိရှိလာသည်။

ဥပမာ မြန်မာနိုင်ငံတွင် ...

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် နိုင်ငံတကာရှိ အစိုးရအသီးသီးတွင် အမျိုးသား၊ အမျိုးသမီးတို့၏ ပါဝင်မှု အချိုးအစားကို တွက်ထုတ်လာနိုင်မည် ဖြစ်သည်။

မည်သည့် တိုင်းပြည်များက နိုင်ငံရေးတွင်ပါဝင်မှု အချိုးအစားမျှတကြပြီး၊ မည်သည့်နိုင်ငံများက မမျှတလျက်ရှိသည်ကို လေ့လာသိရှိလာရသည်။

# ၁၀.၃ လက်တွေ့အသုံးချရေး

က။ စာအုပ်ပါ သင်ခန်းစာများထဲမှ စိတ်အဝင်စားဆုံးဖြစ်သည့် အကြောင်းအရာ၊ ပြဿနာ (၃) ရပ်ကို ရွေးစေပါ။

- နှစ်ယောက်တစ်တွဲ တွဲပေးပြီး ထိုပြဿနာရပ်အနေဖြင့် ကျောင်းသားတို့၏ အသိုင်းအဝိုင်းအပေါ် မည်သို့ သက်ရောက်မှုရှိနေသည်၊ မည်သို့ဖြေရှင်းပေးနိုင်မည်တို့ကို ဆွေးနွေးစေပါ။
- ကျောင်းသားတစ်ဦးလျှင် အကြောင်းအရာ၊ ပြဿနာ တစ်ရပ်စီ ဆွေးနွေး တင်ပြစေပါ။

ခ။ ကျောင်းသားများအနေဖြင့် လက်တွေ့ဖော်ဆောင်ပေးနိုင်မည်ဟုထင်သည့် အကြောင်းအရာ၊ လူမှုပြဿနာတစ်ရပ်ကို ရွေးချယ်စေပါ။ ထိုအကြောင်းအရာနှင့် သက်ဆိုင်ပြီး မည်သို့သော နည်းလမ်းများ အသုံးပြု၍ အချက်အလက်များ စုဆောင်းရှာဖွေနိုင်မည်ကို စဉ်းစား ဖော်ထုတ်စေပါ။

- ဖော်ပြပါ မေးခွန်းများကို ဖြေကြားစေခြင်းဖြင့် ကျောင်းသားတို့ လုပ်ဆောင်နိုင်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြသပေးပါ။

ဂ။ ကျောင်းသားတို့အနေဖြင့် အဆိုပါ ပြဿနာရပ်အတွက် မည်သို့အဖြေရှာ ဆောင်ရွက်ပေးနိုင်မည်ကို ပြုစုရေးသားစေပါ။

- အဖွဲ့များ ဖွဲ့ပေးပြီး ကျောင်းသားတို့၏ ပြုစုထားချက်များကို လဲလှယ်ကြည့်ရှုစေပါ။ ထို့နောက် မည်သည်တို့က လက်တွေ့ကျသည့် လုပ်ဆောင်ချက်များ ဖြစ်သည်ကို ဆွေးနွေးစေပါ။

ဃ။ ကျောင်းသားတို့ ဖော်ဆောင်ကြမည့် လုပ်ဆောင်ချက်အတွက် ကြုံတွေ့ရနိုင်မည့် ပြဿနာရပ်များနှင့် ၄င်းတို့ကို မည်သို့ ကျော်လွှားနိုင်သည်ကို စဉ်းစား ဖော်ထုတ်စေပါ။

င။ ကျောင်းသားတို့ ရွေးချယ်ထားသည့် လှုပ်ရှားမှု၊ လုပ်ဆောင်ချက်၏ ရည်မှန်းချက်ကို ဖော်ပြစေပါ။

စ။ ထိုလုပ်ဆောင်ချက်ကို လက်တွေ့ အသုံးချစေပါ။ လက်တွေ့ ကျသည့် ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ကြစေရန်လည်း ကြပ်မတ်ပေးပါ။ 'လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုအားလုံးကို တိုက်ဖျက်ရန်' ဟူသည့် ရည်မှန်းချက်မျိုးသည် လက်တွေ့မဆန်ဘဲ ဖော်ဆောင်ရန် လည်း ခက်ခဲပေလိမ့်မည်။ 'လိင်ပိုင်းဆိုင်ရာ အသိပညာပေး လုပ်ငန်းများ လူမှုအသိုင်းအဝိုင်းအတွင်း ဖော်ဆောင်ပေးရန်' ဟူသည့် ရည်ရွယ်ချက်က ပိုမို လက်တွေ့ကျနိုင်ပေမည်။

ဆ။ ကျောင်းသားတို့အား လုပ်ဆောင်ချက်ကို ပြန်လည်သုံးသပ် စေပြီး ရည်မှန်းချက်များ ပြည့်မီမှုရှိ၊ မရှိ ဆန်းစစ်စေပါ။ သုတေသနနှင့် လုပ်ငန်းအစီအစဉ် အနှစ်ချုပ်များ ပါဝင်သည့် တင်ပြချက်များကို ရေးသားစေပါ။